# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


■ ၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၃ ရက် ၂၀၁၅ ခုနှစ်၊ ဇွန် ၂၉ ရက်၊ တနင်္လာနေ့၊ အတွဲ [၅၄]၊ အမှတ် [၂၆၇]


**သုသိက္ခိတ ဝိနယမင်္ဂလာ**

စည်းကမ်းကျင့်ဝတ်ကို ကောင်းစွာသင်ယူခြင်း၊ လိုက်နာကျင့်သုံးခြင်းသည် ကောင်းမြတ်သော မင်္ဂလာမည်၏။

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့ မွန်ဂိုလီးယားနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိ

စာမျက်နှာ-၃



## ခါကာဘိုရာဇီဒေသဖွံ့ဖြိုးရေး လူမှုအကျိုးပြုလုပ်ငန်းများဆောင်ရွက်

သတင်း - မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ - ကိုမျိုး(သဘာဝဖောင်ဒေးရှင်း)

ရန်ကုန် ဇွန် ၂၈

မြန်မာနိုင်ငံမြောက်ဖျား ကချင်ပြည်နယ်အတွင်းရှိ ခါကာဘိုရာဇီဒေသဖွံ့ဖြိုးရေး လူမှုအကျိုးပြုလုပ်ငန်းများကို မြန်မာနိုင်ငံခြေလျင်နှင့် တောင်တက်အသင်း သဘာဝခေါ်သံဖောင်ဒေးရှင်းက ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံခြေလျင်နှင့် တောင်တက်အသင်းဥက္ကဋ္ဌ ဦးမျိုးသန့်က ပြောကြားသည်။

ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် တော်ဝင်နှင်းဆီ၌ တက္ကသိုလ်ခြေလျင်နှင့် တောင်တက်အသင်း (သဘာဝခေါ်သံဖောင်ဒေးရှင်း)၏ အကြိမ် (၂၀) မြောက် ကျင်းပသည့် မိတ်ဆုံဂုဏ်ပြုပွဲ အခမ်းအနားတွင် ဥက္ကဋ္ဌက ယင်းသို့ ပြောကြားခဲ့ခြင်း ဖြစ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻




တက္ကသိုလ်ခြေလျင်နှင့် တောင်တက်အသင်း (သဘာဝခေါ်သံဖောင်ဒေးရှင်း)မှ ခါကာဘိုရာဇီဒေသ၌ ဒေသခံများအား ဆေးကုသပေးစဉ်။

## မြန်မာ့မီးရထား ဖွံ့ဖြိုးတိုးတက်ရေး ဂျပန်ကုမ္ပဏီများက သင်တန်းပို့ချမည်

ရန်ကုန် ဇွန် ၂၈

ဂျပန်နိုင်ငံအရှေ့ပိုင်းတွင် ရှိသော ရထားလုပ်ငန်းကုမ္ပဏီကြီးဖြစ်သည့် JR East နှင့် Sumito-mo ကုမ္ပဏီတို့သည် မြန်မာ့မီးရထား၏ ပြုပြင်ထိန်းသိမ်းရေးဆိုင်ရာသင်တန်းများပေးမည် ဖြစ်ကြောင်း ယနေ့ထုတ် Nikkei Asian Review တွင် ဖော်ပြထားသည်။

ယင်းကုမ္ပဏီများ ပို့ချမည့် ပြုပြင်ထိန်းသိမ်းရေး သင်တန်းတွင် ပုံပန်းပျက်ကာနေသောရထားသံလမ်းများ တပ်ဆင်နည်း၊ ယင်းရထားသံလမ်းများကို ကြံ့ခိုင်အားကောင်းလာအောင် လုပ်ဆောင်နည်း၊ ထိုနည်းများမှ တစ်ဆင့် ဝန်ဆောင်မှုမြှင့်တင်ခြင်းနှင့် မတော်တဆမှုများ ကြိုတင်ကာကွယ်ခြင်းစသည့် ပို့ချချက်များ ပါဝင်မည်ဖြစ်သည်။

စာမျက်နှာ ၉ ကော်လံ ၆ ❖

ဘာသာရေးအဆောက်အအုံ ဖုံးခွဲသူမှာ ဆော်ဒီနိုင်ငံသားဖြစ်ကြောင်း ကူဝိတ်ပြော စာ-၄

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MobileRadio သတင်းအစီအစဉ်ကို တိုင်းရင်းသားဘာသာ (၁၁)မျိုးဖြင့် ထုတ်လွှင့်မည် စာ-၆




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ပညာရေးမြှင့်တင်မှု တိုးတက်လာမည်

ဘက်စုံ ဖွံ့ဖြိုးတိုးတက်မှုအတွက် ပညာရေးသည် အခြေခံ အကျဆုံးဖြစ်ပါသည်။ ခေတ်ကာလနှင့် လိုက်လျောညီထွေမှုရှိသည့် ပညာရေးသည် ပြုပြင်ပြောင်းလဲမှုများနှင့် တိုးတက်မှုများကို ဖော်ဆောင်ရာတွင် များစွာအထောက် အကူပြုနိုင်မည် ဖြစ်ပါသည်။ တိုးတက်ပြောင်းလဲနေသော လူမှုအဖွဲ့အစည်းများနှင့် အံဝင်ခွင်ကျ ဖြစ်သော ပညာရေးသည် အကောင်းဆုံးဖြစ်ပါသည်။ ယနေ့ ကမ္ဘာသည် အချိန်နှင့်တစ်ပြေးညီ တိုးတက်ပြောင်းလဲနေပါသည်။ ထိုပြောင်းလဲ တိုးတက်မှုများနှင့်အညီ ပညာရေးသည် အမီလိုက် နိုင်ရမည် ဖြစ်ပါသည်။ သို့မှသာ အဆင့်အတန်းမီသော ပညာရေးဟု ဆိုနိုင်မည်ဖြစ်ပါသည်။

ထို့ကြောင့်လည်း ကျွန်ုပ်တို့ မြန်မာနိုင်ငံတွင် ပညာရေး မြှင့်တင်မှုအစီအမံများကို အင်တိုက်အားတိုက် ဆောင်ရွက်လျက် ရှိပါသည်။ ယခုအခါ ယခင်က မရရှိခဲ့ဖူးသော ပညာရေးကဏ္ဍ တစ်ခုလုံးကို လွှမ်းခြုံနိုင်သည့် အမျိုးသားပညာရေးဥပဒေကို အတည်ပြုပြဋ္ဌာန်းပေးနိုင်ခဲ့ပြီဖြစ်ပါသည်။ ယခုအချိန်တွင် ခိုင်မာ သည့် အမျိုးသားပညာရေးမူဝါဒများနှင့် ရည်မှန်းချက်များ တိတိ ကျကျပြဋ္ဌာန်းပေးနိုင်ပြီဖြစ်၍ အမျိုးသားပညာရေး ဥပဒေနှင့် အညီ အမျိုးသားရေးပညာရေးမူဝါဒများနှင့် ရည်မှန်းချက်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန် ကြိုးပမ်းလျက် ရှိပါသည်။

၂၀၁၅ ခုနှစ် ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ(အခြေခံပညာကဏ္ဍ)ကို နေပြည်တော် အားကစားရွာ **(Gold Camp)** တွင် ဇွန်လ ၂၅ ရက်နေ့နှင့် ၂၆ ရက်နေ့များတွင် ကျင်းပခဲ့ပါသည်။ ဤဆွေးနွေးပွဲတွင် မူလတန်းအဆင့် ကျောင်းသုံး စာအုပ်များ ရေးသားပြုစုခြင်း၊ အခြေခံပညာသင်ရိုးညွှန်းတမ်းကို ထိရောက်စွာ ဖော်ဆောင်ရေး၊ သူငယ်တန်းပညာရေးကို သင်ရိုး သစ်ဖြင့် အကောင်အထည်ဖော်ရေးတို့အတွက် ရှေ့ဆက်လက် ဆောင်ရွက်မည့် အစီအစဉ်များကို ပညာရှင်ကြီးများ၊ အကြံပေး အဖွဲ့ပညာရှင်များ၊ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်များ၊ တိုင်း ဒေသကြီး/ ပြည်နယ်ပညာရေးမှူးများ၊ ခရိုင်နှင့် မြို့နယ်ပညာ ရေးမှူးများ ဝိုင်းဝန်းဆွေးနွေးညှိနှိုင်းခဲ့ကြပါသည်။ ထို့အပြင် နည်းပညာနှင့် သက်မွေးပညာရေးဥပဒေ (ကြမ်း)၊ ပုဂ္ဂလိကပညာ ရေးဥပဒေ (ကြမ်း)၊ အခြေခံပညာရေး ဥပဒေ(ကြမ်း)၊ အခြေခံ ပညာကဏ္ဍ အမျိုးသားပညာရည်မြှင့်တင်ရေး အနှစ် ၂၀ နှစ်ရှည် စီမံကိန်း (မူကြမ်း)၊ အခြေခံပညာအဆင့် သင်ရိုးညွှန်းတမ်းအညွှန်း ဘောင်(မူကြမ်း)များကိုချပြပြီး တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေးအကြံပြုခဲ့ကြပါသည်။

ဆက်လက်၍လည်း တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ ရုံးစိုက်ရာ ခရိုင်များတွင် ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်း **(Comprehensive Education Sector Review-CESR)** အပေါ် မူတည်ရေးဆွဲထားသော ပညာရေးမူဝါဒ၊ ပညာရေးဥပဒေများနှင့် ပညာရေးစီမံကိန်းတို့ကို စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်၍ ပညာရေးမြှင့်တင်မှုအတွက် လိုအပ်သောအချက်များကို ဆွေးနွေး လျက်ရှိပါသည်။ အဓိကအားဖြင့် ခရိုင်အဆင့်ရုံးများတွင် သန်းခေါင် စာရင်းအရ ဒေသလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအမြင် ဖြင့် မူကြို၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် အဆင့်မြင့် ပညာ လိုအပ်ချက်များ၊ ကျောင်းပြင်ပ ပညာရေး၊ သက်မွေးပညာရေး လိုအပ်ချက်များ၊ ကျောင်းအခြေခံအဆောက်အအုံ၊ သင်ထောက် ကူနှင့် ဆရာလိုအပ်ချက်များ၊ ဆက်စပ်ဥပဒေများဖြစ်သည့် အခြေခံ ပညာရေးဥပဒေ၊ နည်းပညာနှင့် သက်မွေးပညာရေး ဥပဒေ၊ ပုဂ္ဂလိကပညာရေးဥပဒေနှင့် စပ်လျဉ်း၍ အကြံပြုလိုသည့်အချက် များ၊ စာမေးပွဲစနစ်၊ ကျောင်းဝင်ခွင့်စနစ်နှင့် မိဘဆရာအသင်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အကြံပြုလိုသည့်အချက်များကို ဆွေးနွေးခဲ့ကြပါသည်။

သို့ဖြစ်၍ ပညာရေးအဆင့်မြှင့်တင်မှု ဆွေးနွေးပွဲများအား ဗဟိုအဆင့်သာမက ခရိုင်အဆင့် ဆွေးနွေးပွဲများကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းနှင့်အတူ အနာဂတ်မြန်မာနိုင်ငံ၏ ပညာရေးအဆင့် အတန်းသည် တိုးတက်သော လူ့အဖွဲ့အစည်းများနှင့် လိုက်လျော ညီထွေရှိမည့် ပညာရေးစနစ်အဖြစ် တိုးတက်လာမည် ဖြစ်ပါ ကြောင်း။ ။

# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် အောက်တိုဘာလကုန် / နိုဝင်ဘာလဆန်းတွင် ကျင်းပမည်

## မဲဆန္ဒရှင်များ မဲပေးသင့်သည်၊ မဲပေးမည်ဆိုပါက သင့်အမည် မဲစာရင်းတွင် ပါရန်လိုသည်။

# ကိုရီးယားနိုင်ငံမှ ကူညီသော ဒေါ်လာ ၂၂ သန်းဖြင့် ကျေးရွာသစ် စီမံကိန်းရွာပေါင်း ၁၀၀ ဆောင်ရွက်မည်

**နေပြည်တော် ဇွန် ၂၈**

မြန်မာ-ကိုရီးယား အစိုးရချင်း သဘောတူညီချက်အရ မြန်မာနိုင်ငံ တွင် ကျေးရွာပေါင်း ၁၀၀ ကို တစ်ချိန်တည်း ကျေးရွာသစ်စီမံကိန်း လုပ်ရှားမှု အကောင်အထည်ဖော်ရန် အတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ကိုရီး ယားနိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူး ပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KO-ICA) တို့ သဘောတူလက်မှတ်ရေး ထိုးခဲ့ပြီး လုပ်ငန်းများ လျင်မြန်စွာ စတင်ဆောင်ရွက်နိုင်ရေး အပြန်အလှန် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်လျက်ရှိ သည်။

အဆိုပါ ကျေးရွာသစ် စီမံကိန်း အတွက် ပထမအဆင့် အမေရိကန် ဒေါ်လာ ၂၂ သန်းကို အသုံးပြုသွား မည်ဖြစ်ပြီး စီမံကိန်းအစိတ်အပိုင်း တစ်ရပ်အနေဖြင့် နိုင်ငံတကာ အဆင့် မီလေ့ကျင့်ရေး အကယ်ဒမီစင်တာ သင်တန်းကျောင်း အဆောက်အအုံ ကို ရေဆင်းစိုက်ပျိုးရေး သုတေသန ဦးစီးဌာနဝင်းအတွင်း တည်ဆောက် အကောင်အထည်ဖော်ရန် နှစ်ဖက် သဘောတူညီထားရှိပြီးဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးရုံး အစည်း အဝေးခန်းမ၌ ဇွန် ၂၆ ရက်က KOICA မှ ဒီဇိုင်းပညာရှင် Dr. AN, Sung Woo ၊ Dr. Lee Jung Yun နှင့် Dr. IM, Sang Bong ပါ Architect Team အဖွဲ့သည် နိုင်ငံ တကာလေ့ကျင့်ရေး အကယ်ဒမီ စင်တာသင်တန်းကျောင်း တည် ဆောက်နိုင်ရန် လျာထား ဒီဇိုင်းပုံစံ ကို လာရောက် ရှင်းလင်းတင်ပြပြီး လုပ်ငန်းများ စတင်အကောင်အထည် ဖော်ရန် နှစ်ဖက်ညှိနှိုင်းကြသည်။

ထို့နောက် ကိုရီးယား ဗိသုကာ ပညာရှင် Dr. AN, Sung Woo က အကယ်ဒမီ သင်တန်းကျောင်း ဒီဇိုင်း ပုံစံနှင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အချိန်ဇယား အစီအစဉ်များကို ကဏ္ဍအလိုက် ပါဝါ ပွိုင့်ဖြင့် ရှင်းလင်းတင်ပြပြီး မြန်မာ နိုင်ငံဘက်မှ ကူညီပေးရန် လိုအပ်ချက် များကို ရှင်းလင်းဆွေးနွေးသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီး၌ ကျေးရွာ ၁၀၀ ကို တစ်ချိန်တည်း ကျေးရွာသစ်စီမံကိန်း အကောင်အထည်ဖော်မည် ဖြစ်သည့် အတွက် ဒေသအလိုက် ဦးစီးဦး ဆောင်၍ ပါဝင်အကောင်အထည်ဖော် တာဝန်ယူကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများအား ကိုရီးယားနိုင်ငံသို့ စီမံကိန်းလုပ်ငန်း ခွင် အတွေ့အကြုံများရရှိရေးအတွက် လေ့လာရေးခရီးစဉ် စီစဉ်ဆောင်ရွက် သွားနိုင်ရေး အပြန်အလှန်ဆွေးနွေးခဲ့ ကြကြောင်း သိရသည်။ **(သတင်းစဉ်)**



# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနေ့ အခမ်းအနားကျင်းပ

**နေပြည်တော် ဇွန် ၂၈**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အခမ်းအနားကို ဇွန် ၂၆ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ရဲမှူးကြီးဇော်ခင်အောင်က မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုထံမှပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားပြီး မူးယစ်ဆေးဝါးတိုက်ဖျက် ရေးနေ့အထိမ်းအမှတ် ဗဟိုအဆင့် ဆောင်းပါးပြိုင်ပွဲနှင့် အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာဆု ရရှိသူ ၃၉ ဦးနှင့် အကဲဖြတ်ပညာရှင်များအား ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဇော်မျိုးနိုင်**

# မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အခမ်းအနား စလင်းမြို့၌ ကျင်းပ

**စလင်း ဇွန် ၂၈**

မကွေးတိုင်းဒေသကြီး စလင်းမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာန အစည်းအဝေးခန်းမ၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားကို ဇွန် ၂၅ ရက်က ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ အ. ထ. က ကျောင်းမှ ကျောင်းသား ကျောင်းသူ များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **စစ်ကြည်(စလင်း)**




## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၈-၆-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၃၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၉၂၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၃၅၅၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၇၀၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၇၄၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၇၄၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၀၀၀-၄၅၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၆၀၀၀-၈၀၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၇၀၀၀-၁၂၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၈၀၀၀-၂၅၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၇၀၀၀-၁၈၀၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၆၀၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၁၀ |
| ဥရောပ | တစ်ယူရို | ၁၂၄၀.၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၂၈.၂၀ |
| ထိုင်း | တစ်ဘတ် | ၃၂.၈၈ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၄၅ |
| တရုတ် | တစ်ယွမ် | ၁၇၈.၈၄ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၆ |

ခင်ရတနာ-စုစည်းသည်။

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မွန်ဂိုလီးယားနိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာ

**အူလန်ဘာတာ ဇွန် ၂၈**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မွန်ဂိုလီးယားနိုင်ငံ သမ္မတ အယ်လ်ဘတ်ခ်ဒေါ့ဂ်ျ ဇတ်ခ်ဟီးလ်ယာဒ်၏ ဖိတ်ကြားချက်အရ မွန်ဂိုလီးယားနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီး သွားရောက်ရန် အဖွဲ့ဝင်များနှင့်အတူ ယနေ့ မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်မှ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း အထူးလေယာဉ်ဖြင့် ထွက်ခွာရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးဉာဏ်ထွန်း၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(ယာပုံ)**

နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များဖြစ်ကြသော ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးရဲထွဋ်၊ ဒေါက်တာမြင့်အောင်၊ ဒေါက်တာကံဇော်၊ ဦးငွေအောင်၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်သန်းထွဋ်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ် ကိုကိုနိုင်၊ နေပြည်တော်ကောင်စီဝင် ဦးကံချွန်တို့နှင့်အတူ မွန်ဂိုလီးယားနိုင်ငံ အူလန်ဘာတာမြို့သို့ ဒေသစံတော်ချိန် ည ၇ နာရီခွဲတွင် ရောက်ရှိကြသည်။



နိုင်ငံတော်သမ္မတနှင့် အဖွဲ့အား မွန်ဂိုလီးယားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. L . Purevsuren၊ မြန်မာနိုင်ငံဆိုင်ရာ မွန်ဂိုလီးယားသံအမတ်ကြီး H.E. Mr. Ch. Battumur၊ မွန်ဂိုလီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ အာရှ-အရှေ့အလယ်ပိုင်းနှင့် အာဖရိကဌာန ညွှန်ကြားရေးမှူး Mr. N. Naranbat ၊ သံတမန်ရေးရာဌာန ညွှန်ကြားရေးမှူး၊ သံတမန်အကြီးအကဲ Mr. D. Byambadorj နှင့် တာဝန်ရှိသူများက မွန်ဂိုလီးယားနိုင်ငံ Chinggis Khan အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ခေတ္တတည်းခိုမည့် Best Western Premier ဟိုတယ်သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြသည်။

**(သတင်းစဉ်)**

# အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်လီမိတက် နှစ်ပတ်လည်စုံညီစည်းဝေး

**ရန်ကုန် ဇွန် ၂၈**

အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ်လီမိတက်၏ အကြိမ်(၂၀)မြောက် နှစ်ပတ်လည်စုံညီ အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ MCC ၌ ကျင်းပသည်။




အခမ်းအနားတွင် အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်လီမိတက်၏ နာယက သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက နှုတ်ခွန်းဆက်စကားပြောကြားသည်။

အစည်းအဝေးတွင် အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဘဏ်လီမိတက် ဥက္ကဋ္ဌ (၁)စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က "အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်၏ အဓိကရည်ရွယ်ချက်သည် နိုင်ငံတော်၏ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် အဓိကလိုအပ်သောငွေကြေးထည့်ဝင်ရာတွင် ဖြည့်ဆည်းပေးနိုင်သည့် ဦးဆောင်ဘဏ်တစ်ခုအဖြစ် ရပ်တည်သွားရန်၊ SME များဖွံ့ဖြိုးစေရန် နည်းလမ်းကောင်းများရှာဖွေပြီး အတတ်နိုင်ဆုံး ကူညီပံ့ပိုးပေးသွားရန်ဖြစ်ပြီး အဆိုပါရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် နိုင်ငံတော်၏ပံ့ပိုးမှုနှင့် မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၄)မှတစ်ဆင့် ချေးငွေ ၉၀ ဘီလီယံရရှိခဲ့ပြီး စက်မှုလုပ်ငန်းများနှင့်သက်ဆိုင်သော ချေးငွေများကို ဦးစားပေးထုတ်ချေးလျက်ရှိကြောင်း၊ စက်မှုကုန်ထုတ်လုပ်ငန်းနှင့် အခြားလုပ်ငန်းများ၏ အတိုးနှုန်းကို ၈ ဒသမ ၅ ရာခိုင်နှုန်းဖြင့် ထုတ်ချေးပေးလျက်ရှိပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ၁၄ ဒသမ ၇၅ ဘီလီယံကို လုပ်ငန်းရှင်များအား ထုတ်ချေးပေးနိုင်ခဲ့ပြီး ယခုလာမည့် ဘဏ္ဍာရေးနှစ်တွင် ကျန်ရှိသည့် ၁၅ ဘီလီယံကျော်ကို ထပ်မံထုတ်ချေးပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ်လီမိတက်သည် SME အခန်းကဏ္ဍကိုဦးတည်လုပ်ဆောင်နေသည့် တစ်ခုတည်းသောဘဏ်ဖြစ်ပြီး နိုင်ငံအတွင်းရှိ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများအား တစ်ဖက်တစ်လမ်းမှ ငွေကြေးအထောက်အပံ့ ပံ့ပိုးကူညီရန် ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းတည်ထောင်ခဲ့ကြောင်း သိရသည်။

အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ်လီမိတက်အနေဖြင့် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ် တစ်ခုလျှင် ငွေကျပ်တစ်ဘီလီယံစီနှင့် စက်မှုလုပ်ငန်းအများစုတည်ရှိသည့် ရန်ကုန်၊ မန္တလေး၊ ဧရာဝတီ၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နှစ်ဘီလီယံစီထုတ်ချေးရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းနောက် အစည်းအဝေးကို အစီအစဉ်အတိုင်း ကျင်းပခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

*** ရွှေဖုံးမှ**

"ကျွန်တော်တို့ အသင်းအနေနဲ့ ခါကာဘိုရာဇီဒေသ ကျေးရွာတွေ ဖွံ့ဖြိုးဖို့ ဆက်လက်လုပ်ဆောင်သွားမှာပါ။ အခုမိုးကုန်လောက်ဆိုရင် လူမှုအကျိုးပြုလုပ်ငန်းတွေကို ဆက်လက်လုပ်ဆောင်သွားဖို့ခုကတည်းက လိုက်ပါမယ့် အသင်းဝင်တွေကို လေ့ကျင့်ရွေးချယ်နေပါပြီ။ ပြီးခဲ့တဲ့ အခေါက်တုန်းကတော့ အားလုံး တောင်တက်အသင်းဝင် ၁၂ ဦးနဲ့ သွားခဲ့တယ်။ ဒေသခံပြည်သူတွေရဲ့ ကျန်းမာရေး စောင့်ရှောက်မှုတွေ၊ ဘုန်းတော်ကြီးကျောင်း သာသနာပြန့်ပွားရေးအတွက် ရန်ပုံငွေလှူဒါန်းမှုတွေ၊ ခရစ်ယာန်ဘုရားကျောင်းအတွက် ရန်ပုံငွေထောက်ပံ့မှုတွေ၊ ခါကာဘိုရာဇီဒေသ ကျေးရွာတွေ ဖွံ့ဖြိုးစိမ်းလန်းဖို့ ရန်ပုံငွေလှူဒါန်းမှုတွေနဲ့ ဒေသခံစာသင်ကျောင်းတွေကို စာအုပ်လှူဒါန်းမှုတွေ လုပ်ဆောင်ပေးခဲ့တယ်"ဟု မြန်မာနိုင်ငံတက္ကသိုလ်ခြေလျင်နှင့် တောင်တက်အသင်း ဥက္ကဋ္ဌ ဦးမျိုးသန့်က ပြောကြားသည်။

မြန်မာနိုင်ငံတက္ကသိုလ် ခြေလျင်နှင့်တောင်တက်အသင်းသည် ပြီးခဲ့သည့် မတ် ၇ ရက်မှ ဧပြီ ၁၆ ရက်အထိ ရက် ၄၀ တိုင်တိုင် ကချင်ပြည်နယ်မြောက်ဖျားပိုင်းရှိ ခါကာဘိုရာဇီတောင် လမ်းကြောင်းဒေသရှိ လူမှုအကျိုးပြုလုပ်ငန်းများကို အသင်းဝင် ၁၂ ဦး ရွေးချယ်ကာ ငွေကျပ်သိန်း ၁၆၀ ကျော်အကုန်အကျခံ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ယင်းသို့ ဆောင်ရွက်ခြင်းသည် ပြီးခဲ့သော ၂၀၁၄ ခုနှစ် ဒီဇင်ဘာလက နှစ် ၁၀၀ ပြည့်ခဲ့သည့် မြန်မာနိုင်ငံခြေလျင်နှင့် တောင်တက်အသင်းကို စတင်ဖွဲ့စည်းပေးခဲ့သော ဗိုလ်မှူးကြီး စည်သူလှအောင်နှင့် ပြီးခဲ့သည့်နှစ်က မြန်မာနိုင်ငံအလံကို ခါကာဘိုရာဇီတောင်ထိပ်သို့ အောင်မြင်စွာစိုက်ထူပြီး အသက်ပေးသွားခဲ့သည့် အသင်းဝင်သူရဲကောင်းနှစ်ဦးဖြစ်သည့် ကိုအောင်မြင့်မြတ်နှင့် ကိုဝေယံမင်းသူတို့ကို ဂုဏ်ပြုသည့်အနေဖြင့် ဒေသဖွံ့ဖြိုးစိမ်းလန်းမှုလုပ်ငန်းများကို ရည်ရွယ်လုပ်ဆောင်ပေးခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ အသင်းအနေနဲ့ တောင်တွေတက်ရင်း ခရီးသွားမှုလမ်းပန်းဆက်သွယ်ရေး ခက်ခဲတဲ့ ကျေးလက်ဒေသတွေကို တတ်နိုင်သလောက် လူမှုအကျိုးပြုလုပ်ငန်းတွေ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွေကို ခရီးသွားဟန်ပန်နဲ့ လုပ်ဆောင်တာဖြစ်ပါတယ်။ သွားခဲ့တဲ့ ခရီးစဉ်က ပူတာအိုမြို့ကနေ ခါကာဘိုရာဇီအနီး နောက်ဆုံးကျေးရွာအထိသွားရောက်ပြီး လုပ်ဆောင်ပေးခဲ့တာပါ။ လာမယ့် မိုးကုန်ကာလမှာ အဲဒီဒေသရဲ့ ဗုဒ္ဓဘာသာသုံးရွာဖြစ်တဲ့ တွန့်ဒမ့်ရွာ၊ ကူဘားရွာနဲ့ မဒိန်းရွာတို့ကို ရွှေတိဂုံပုံတူစေတီတစ်ဆူစီကို သွားတည်ပေးရင်း ကျေးလက်ဒေသဖွံ့ဖြိုးမှုလုပ်ငန်းကို ဆက်လက်လုပ်ဆောင်ပေးဖို့ ရှိပါတယ်"ဟု ၎င်းက ထပ်မံရှင်းပြသည်။

အဆိုပါခရီးစဉ်အတွက် မြန်မာနိုင်ငံ ခြေလျင်နှင့် တောင်တက်အသင်း (သဘာဝခေါ်သံ ဖောင်ဒေးရှင်း)၏ အသင်းဝင်တွေကို စနေ၊ တနင်္ဂနွေရက်များတွင် ပုံမှန်လေ့ကျင့်မှုများအပြင် လိုအပ်သလို ခရီးကြမ်းထွက် လေ့ကျင့်လုပ်ဆောင်မှုများကို ပြုလုပ်လျက်ရှိသည်။ လာမည့် ဇူလိုင်လတွင်လည်း မိုးရာသီတောင်တက်ခရီးကြမ်းတစ်ခုဖြစ်သည့် မျိုးဆက်သစ် အသင်းဝင်တွေနှင့် အသင်းသားဟောင်းတွေကို မွန်ပြည်နယ် ဘီးလင်းမြို့နယ်အတွင်းရှိ ကေလာသတောင်တန်းဒေသကို ထွက်ရန် သဘာဝခေါ်သံ ဖောင်ဒေးရှင်းအနေဖြင့် စီစဉ်လျက်ရှိကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# တိုင်ပေ ပန်းခြံ၌ ပေါက်ကွဲမှုဖြစ်၊ လူ ၅၀၀ ကျော် ဒဏ်ရာရ

**တိုင်ပေ ဇွန် ၂၈**

တရုတ်(တိုင်ပေ) မြို့တော်အပြင်ဘက် လူစည်ကားရာ ပန်းခြံကြီးတစ်ခု၌ ပေါက်ကွဲမှုဖြစ်ပွားရာ လူပေါင်း ၅၀၀ ကျော် ဒဏ်ရာရရှိသွားခဲ့ကြောင်း တာဝန်ရှိသူများကပြောသည်။

စနေနေ့က ဖော်မိုဆာ ရေပန်းဥယျာဉ်၌ ပေါက်ကွဲမှု တစ်ရပ်ဖြစ်ပွားခဲ့ရာ လူပေါင်း ၁၉၀ ခန့် ဒဏ်ရာပြင်းထန်စွာရရှိပြီး ၁၈၂ ဦးမှာ အထူးကြပ်မတ်ဆောင်တွင် ထားရှိနေရသည်ဟု ဆိုသည်။

အချို့မှာ ပေါက်ကွဲမှုမှ ထွက်ပေါ်လာသော အမှုန့်များကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ပြဿနာများနှင့် ရင်ဆိုင်နေရကြရသည်ဟု ဆိုသည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်ပြီး ပန်းခြံတာဝန်ရှိသူများအား စုံစမ်းစစ်ဆေးမှုများ စတင်ပြုလုပ်လျက်ရှိကြောင်း ဒေသမီဒီယာကပြောသည်။ "ဒီဖြစ်စဉ်က တကယ့်ငရဲပဲ"



ဟု ဒဏ်ရာအနည်းငယ်ရရှိသွားသော ကျောင်းသားတစ်ဦးက ပြောသည်။

ဒဏ်ရာအများအပြား ရရှိသွားသော ရေကန်နေရာအပါအဝင် နေရာတိုင်းတွင် သွေးအိုင်သွေးကွက်များတွေ့ရသည်ဟု ဆိုသည်။

လူအများစုမှာ အရေပြားများ ထိခိုက်ပျက်စီးသွားခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောသည်။ ရောင်စုံအမှုန့်များ ပက်ဖျန်းစဉ် မီးလောင်ပေါက်ကွဲမှု ဖြစ်နိုင်ကြောင်း အာဏာပိုင်များက ခန့်မှန်းကြသည်။

**(ရိုက်တာ)**

# နိုင်ငံတွင်း ကျား/မအချိုးကျဆင်းသွားသည့်အပေါ် ဝန်ကြီးချုပ်မိုဒီ စိုးရိမ်မှုဖြစ်ပေါ်

**နယူးဒေလီ ဇွန် ၂၈**

ဝန်ကြီးချုပ်နာရိန္ဒြာမိုဒီက နိုင်ငံ၏ခရိုင်ပေါင်း ၁၀၀ တွင် ကျား၊ မ အချိုးကျဆင်းမှု ကိစ္စနှင့်ပတ်သက်ပြီး စိုးရိမ်ကြောင်းပြောကြားပြီး လူမှုမီဒီယာများမှတစ်ဆင့် မိန်းကလေးငယ်များကို စောင့်ရှောက်ရန် စည်းရုံးလှုံ့ဆော်ခဲ့သည်။

၎င်း၏လစဉ်ပြောကြားသော ရေဒီယိုမိန့်ခွန်းတွင် အငြင်းပွားဖွယ်ရာ ကိစ္စရပ်များနှင့် နိုင်ငံရေးရာကိစ္စများပြောကြားခြင်းကို ရှောင်ကြဉ်ခဲ့သည်။ မိုဒီသည် မကြာသေးမီက ချမှတ်ခဲ့သော ၂၀၂၂ ခုနှစ်တွင် အားလုံးအတွက် လူနေအိမ်ရရှိရေးအပါအဝင် လူမှုလုံခြုံရေးအစီအစဉ်သုံးခုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်သုံးခုကို ဆွေးနွေးပြောကြားခဲ့သည်။ ဇွန် ၂၁ ရက်က ကျင်းပခဲ့သော ယောဂနေ့အကြောင်းလည်းပါဝင်သည်။

ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် ရေကိုခြိုးခြံချွေတာစွာ သုံးစွဲရေးနှင့် သစ်ပင်များစိုက်ပျိုးရန် လိုအပ်ကြောင်းကိုလည်း အလေးပေး ပြောကြားခဲ့သည်။

မိနစ် ၂၀ ကြာ အစီအစဉ်တွင် အစိုးရကချမှတ်ထားသော "သမီးငယ်များကို စောင့်ရှောက်ပါ။ သမီးငယ်များကို ပညာသင်ပေးပါ" စီမံချက်ကိုလည်း ဖော်ပြခဲ့သည်။

အဆိုပါ အကြောင်းအရာတွင် ဟာရာနာရှိကျေးရွာ၌ သမီးများနှင့် ဖခင်များတွဲ၍ ရိုက်ထားသော ကိုယ်တိုင်ရိုက်ပုံများအတွက် ပြိုင်ပွဲတစ်ခု ပြုလုပ်ခဲ့ကြောင်း၊ ယင်းဓာတ်ပုံများကို မိုဒီထံသို့ပို့ပေးရမည်ဖြစ်ပြီး အကောင်းဆုံးပုံများကို တွစ်တာမှတစ်ဆင့် ပြန်လည်ရွေးချယ်ပေးမည်ဖြစ်ကြောင်း သိရသည်။

ဟာရာနာဒေသ၌ မိန်းကလေးငယ်များအရေအတွက်သည် အမျိုးသားများ ထက်နည်းနေသည်။ နိုင်ငံတစ်ဝန်း ခရိုင်ပေါင်း ၁၀၀ ၌ ယခုကဲ့သို့ အခြေအနေများနှင့် ကြုံတွေ့နေရကြောင်း၊ ဟာရာနာဒေသသည် အဆိုးဆုံးဖြစ်ကြောင်း ဝန်ကြီးချုပ်က ပြောသည်။

**(ပီတီအိုင်)**



# အာဖဂန်တစ်ဝန်း စစ်ဆင်ရေးကြောင့် တာလီဘန် ၄၉ ဦးသေဆုံး



**ကာဘူးလ် ဇွန် ၂၈**

အာဖဂန် လုံခြုံရေးတပ်များက ပြည်နယ်များအတွင်း ပြန်လည် ထိုးစစ်ဆင်တိုက်ခိုက်စဉ်အတွင်း တာလီဘန်စစ်သွေးကြွ ၄၉ ဦးအား သုတ်သင် ရှင်းလင်းနိုင်ခဲ့ကြောင်း အာဖဂန်ကာကွယ်ရေးဝန်ကြီးဌာနက တနင်္ဂနွေနေ့တွင် ပြောသည်။

အာဖဂန်အမျိုးသားတပ်မတော်(အေအင်န်အေ)က ကူနာအရှေ့ပိုင်း လတ်ချ်မန်း၊ နာဂါဟာ၊ ကာပီဆာ၊ ပတ္တိကာ၊ ပတ္တိယာ၊ ခို့စ်၊ ဂါဇနီ၊ လိုဂါနှင့် ဟယ်လ်မန်းပြည်နယ် တောင်ပိုင်းတို့တွင် လွန်ခဲ့သော ၂၄ နာရီအတွင်းက ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သမား ၄၉ ဦးကို သုတ်သင်နိုင်ခဲ့ကြောင်း အဆိုပါ ဝန်ကြီးဌာန ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

အာဖဂန်တပ်ဖွဲ့ဝင်များက လက်နက်နှင့် ခဲယမ်းမီးကျောက်များအပြင် လမ်းဘေးဗုံးများနှင့် မြေမြှုပ်မိုင်းများကိုပါ သိမ်းဆည်းနိုင်ခဲ့သည်ဟုဆိုသည်။

အဆိုပါ ထိုးစစ်အတွင်း အာဖဂန်တပ်ဖွဲ့ဝင် နှစ်ဦးသေဆုံးခဲ့ကြောင်း အတည်ပြုပြောကြားခဲ့သည်။

သို့ရာတွင် တာလီဘန်တို့က ယင်းထုတ်ပြန်ချက်ကို အတည်ပြုပြောကြားခြင်း မရှိဟုဆိုသည်။

**(ဆင်ဟွာ)**

# ကန်၊ ဂျပန်၊ အိန္ဒိယတို့ ပင်လယ်ရေကြောင်းလုံခြုံရေး သုံးပွင့်ဆိုင် ဆွေးနွေး

**ဝါရှင်တန် ဇွန် ၂၈**

အမေရိကန်၊ ဂျပန်နှင့် အိန္ဒိယ နိုင်ငံတို့သည် ပင်လယ်ရေကြောင်းလုံခြုံရေးနှင့် အခြားအကြောင်းအရာများ ဆွေးနွေးရန် သောကြာနေ့က ဟာဝိုင်ယီ၌ တွေ့ဆုံပွဲပြုလုပ်ခဲ့ကြောင်း အမေရိကန်အစိုးရဌာနက စနေနေ့တွင် ပြောကြားခဲ့သည်။ တရုတ်နိုင်ငံက ပင်လယ်ရေပိုင်နက်နှင့်ပတ်သက်ပြီး အတိအလင်းတောင်းဆိုလာမှု မြင့်တက်လာချိန်တွင် ပင်လယ်ရေပိုင်နက်ဆိုင်ရာ လုံခြုံမှုကို အခိုင်အမာဆောင်ရွက်နိုင်ရေးသုံးပွင့်ဆိုင် ပူးပေါင်းရန် ဆွေးနွေးခဲ့ကြသည်။

၂၀၁၁ ခုနှစ်က ပြုလုပ်ခဲ့သော ခုနစ်ကြိမ်မြောက် သုံးပွင့်ဆိုင် ဆွေးနွေးပွဲတွင် တောင်အာရှနှင့် အာရှအလယ်ပိုင်း ဒေသဆိုင်ရာ တွဲဖက်အတွင်းရေးမှူး နီရှားဘစ်ဝယ်လ်နှင့် အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ တွဲဖက်အတွင်းရေးမှူး ဒယ်နီရယ် ရပ်ဆဲလ်တို့က သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ကြသည်။

**(ကျိုဒို)**

# ဆော်ဒီနယ်စပ်လုံခြုံရေးဂိတ်အနီး တိုက်ပွဲဖြစ်ပွား ဆော်ဒီတပ်ဖွဲ့ဝင်တစ်ဦး သေဆုံး

**ရီယာဒ့် ဇွန် ၂၈**

ယီမင်နယ်စပ်အနီးတွင် ယီမင်သမ္မတဟောင်း အဗ္ဗဒူလာဆာလေ့၏ သစ္စာတော်ခံတပ်ဖွဲ့ဝင်များနှင့် ဟူသီသူပုန်တို့က အမြောက်များဖြင့် ပစ်ခတ်မှုကြောင့် ဆော်ဒီတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ဆော်ဒီနိုင်ငံပိုင်သတင်းအေဂျင်စီက တနင်္ဂနွေနေ့က ဖော်ပြသည်။

စနေနေ့နံနက်ကဖြစ်ပွားခဲ့သော အဆိုပါအမြောက်ပစ်ခတ်မှုသည် ဆော်ဒီ နယ်စပ် အနောက်တောင်ပိုင်း ဂျီဇန်ဧရိယာရှိ လုံခြုံရေးအစောင့်များကို ဦးတည် ပစ်ခတ်ခဲ့ခြင်းဖြစ်သည်ဟု ပြည်ထဲရေးဝန်ကြီးဌာနက ပြောသည်။

အာရပ်ပင်လယ်ကွေ့နိုင်ငံများ မဟာမိတ်အဖွဲ့သည် ဟူသီစစ်သွေးကြွများနှင့် အဗ္ဗဒူလာဆာလေ့၏ သစ္စာတော်ခံတပ်ဖွဲ့များကို ပြည်ပြေးအစိုးရ အဗ္ဗဒူရာဘူမန်ဆောဟာဒီအား ပြန်လည်ခေါ်ယူရန်ကြိုးပမ်းမှုဟုဆိုကာ မတ်လ ၂၆ ကတည်းက ဗုံးကြဲတိုက်ခိုက်မှုပြုလုပ်ခဲ့သည်။

အာရပ်မဟာမိတ်အဖွဲ့က ၎င်း၏စစ်ဆင်ရေးကို စတင်လာချိန်မှစ၍ ဆော်ဒီတပ်ဖွဲ့ဝင်များနှင့် ဟူသီသူပုန်များက နယ်စပ်တစ်လျှောက်၌ အပြန်အလှန်ပစ်ခတ်မှုများ ပြုလုပ်ခဲ့ကြသည်။

စနေနေ့က တောင်ပိုင်းဆိပ်ကမ်းအနီး ဟူသီစစ်သွေးကြွများနှင့် ဆော်ဒီဦးဆောင်သော အင်အားစုများအကြား ပဋိပက္ခတွင် ဟူသီတိုက်ခိုက်ရေး အဖွဲ့က အေဒင်ရေနံစက်ရုံရှိ လောင်စာဆီတိုင်ကီများကို ဒုံးကျည်ဖြင့် ပစ်ခတ် ခဲ့ရာ ၁၄ ဦး သေဆုံးခဲ့သည်။

**(ရိုက်တာ)**

# ဘာသာရေးအဆောက်အအုံ ဗုံးခွဲသူမှာ ဆော်ဒီနိုင်ငံသားဖြစ်ကြောင်း ကူဝိတ်ပြော

**ဒူဘိုင်း ဇွန် ၂၈**

နိုင်ငံအတွင်းအဆိုးရွားဆုံး ဗုံးခွဲတိုက်ခိုက်မှုကျူးလွန်သူမှာ ဆော်ဒီနိုင်ငံသားဖြစ်ကြောင်း ကူဝိတ်မီဒီယာများက တနင်္ဂနွေနေ့တွင် ဖော်ပြသည်။

ဗုံးခွဲတိုက်ခိုက်သူမှာ ဖာတ်ဆူလီမန် အဗ္ဗဒူမွတ်စင်အက္ကဘာဖြစ်ပြီး ၎င်းမှာ သောကြာနေ့ အရုဏ်တက်ချိန်၌ ကူဝိတ်လေဆိပ်သို့ရောက်ရှိခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သိရ သည်။

သူသည် ရှီးယိုက်မူဆလင် ဘာသာရေး အဆောက်အအုံတစ်ခုကို ဖောက်ခွဲဖျက်ဆီးခဲ့ရာ လူ ၂၇ ဦး ထက်မနည်း သေဆုံးခဲ့သည်။

**(ရိုက်တာ)**



# ဘုရားဖူးပြည်သူများဖြင့် ကြက်ပျံမကျစည်ကားနေသည့် ဝေရောစန ကျောက်စိမ်းဘုရား

**မန္တလေး ဇွန် ၂၈**

မြန်မာနိုင်ငံသူ နိုင်ငံသားများနှင့် ကမ္ဘာသူ ကမ္ဘာသား ပူဇော်သူအားလုံးတို့အား ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံစေပြီး အေးချမ်းသာယာမှုကို ခံစားနိုင်ကြစေရန် ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဆင်ရှာမြင်းမှူးကျေးရွာအုပ်စု၌ တည်ထားကိုးကွယ်ခဲ့သည့် ကမ္ဘာ့ပထမဦးဆုံး ဝေရောစနကျောက်စိမ်းစေတီတော်မြတ်ကြီးတွင် ရွှေထီးတော်တင် မင်္ဂလာအခမ်းအနား အောင်မြင်စွာကျင်းပပြီးစီးသည့် အချိန်မှစ၍ အများပြည်သူ ရုံးပိတ်ရက်၊ အလုပ်ပိတ်ရက်နှင့် ကျောင်းပိတ်ရက်များတွင် အနီးပတ်ဝန်းကျင်ရှိ မြို့နယ်၊ ကျေးရွာများမှ ဘုရားဖူးပြည်သူများ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများဖြင့် မကြုံစဖူးအောင် ကြက်ပျံမကျစည်ကားလျက်ရှိသည်။

ဝေရောစန ကျောက်စိမ်းစေတီတော်မြတ်ကြီးသည် အလှူရှင်တစ်ဦးတည်းက လှူပခြင်း၊ ကြာရှည်ခံခြင်း၊ ရှားပါးခြင်းဆိုသည့် ဂုဏ်အင်္ဂါ(၃)ပါး၊ သဒ္ဓါရက်ရောခြင်း၊ ရဲစွမ်းသတ္တိနှင့်ပြည့်စုံခြင်း၊ တရားမျှတသောစိတ်ဓာတ်ရှိခြင်း၊ မိမိကိုယ်မိမိနှိမ့်ချသော နိဝါဒတရားရှိခြင်း၊ အသိအလိမ္မာ ဉာဏ်ပညာကြီးမားခြင်း၊ ဘေးအန္တရာယ်ကင်းခြင်း၊ စီးပွားဥစ္စာတိုးပွားခြင်းဆိုသည့် ယုံကြည်မှု ခုနစ်မျိုးတို့ဖြင့်ပြည့်စုံသည့် နိုင်ငံတကာ ကျောက်စိမ်းဈေးကွက်ဝင် အရည်အသွေးကောင်းမွန်သည့် အေ၊ ဘီ၊ စီ၊ ဒီ အဆင့်ရှိ ကျောက်စိမ်း စုစုပေါင်းတန်ချိန် တစ်ထောင်ကျော်ကို ကျောက်စိမ်းမြန်မာမှုအနုပညာ လက်ရာများဖြင့် ဖန်တီးပေါင်းစပ် တည်ထားပူဇော်ထားခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဘုရားဖူးလာပြည်သူများ စိတ်အေးချမ်းစွာ ဖူးမြော်နိုင်ရန်အတွက် ဘုရားပရိဝုဏ်အတွင်း၌ ဥယျာဉ်သဖွယ် သစ်ပင်ပန်းမန်များဖြင့် အလှဆင်စိုက်ပျိုးပေးထားသည်။



အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ၊ ဥပုသ်သီလဆောက်တည်ကြသူများဖြင့် အထူးစည်ကားလျက်ရှိသည့်အပြင် **"ဆုတောင်းအဓိဋ္ဌာန်ပြည့်သည်" "ထူးခြားမှုများဖူးတွေ့ရသည်"**ဟု ဘုရားဖူးလာပြည်သူများက ယုံကြည်နေကြကြောင်း သိရသည်။

**သတင်း-ဖိုးညီ(မန္တလေး)**



# လှိုင်သာယာမြို့နယ်၌ သံဃာတော်နှင့်သီလရှင်များအား သာသနာ့နွယ်ဝင်ကတ်ပြားများ ဆက်ကပ်

**ရန်ကုန် ဇွန် ၂၈**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အောင်မြေသာယာစေတီတော်အနီးရှိ သာသနမကုဋ္ဌ အတုလဗိမာန်တော်ကြီး၌ ဇွန် ၂၈ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်အတွင်းရှိ ကျောင်းပေါင်း ၆၉ ကျောင်းမှ သံဃာတော်၊ သီလ ရှင် ၂၈၂ ပါးအား သာသနာ၀င်ကတ်ပြား/ သာသနာ့နွယ်ဝင်ကတ်ပြားများ ဆက်ကပ်ခြင်း အခမ်းအနားကို ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် သံဃာတော် ၂၅၂ ပါးနှင့် သီလရှင်အပါး ၃၀ တို့အား တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးနေလင်း၊ တိုင်းသာသနာရေးမှူး ဦးစိန်မော်၊ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး၊ ဒုတိယညွှန်ကြားရေးမှူး ဦးရဲရင့်ထွန်း၊ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးအောင်ဝင်းနိုင်၊ မြို့နယ်ဘာသာပေါင်းစုံဥက္ကဋ္ဌ ဦးလွင်၊ မြို့မရဲစခန်းမှူး ဒုတိယရဲမှူး ခင်မောင်ဆွေ၊ မြို့နယ်သာသနာရေးမှူး ဦးမျိုးဝင်းနှင့် အောင်မြေသာယာစေတီတော် ဂေါပကဥက္ကဋ္ဌ ဦးချစ်သန်းတို့က သာသနာဝင်ကတ်ပြား/သာသနာ့နွယ်ဝင် ကတ်ပြားများကို ဆက်ကပ်ခဲ့သည်။

အဆိုပါ သာသနာဝင်ကတ်ပြားများ ဆက်ကပ်ပွဲအခမ်းအနား၌ အတွင်းပဒ်ပရိယတ္တိစာသင်တိုက်မှ စာချဆရာတော်တစ်ပါးက စာသင်သံဃာတော်များ ဗုဒ္ဓတက္ကသိုလ်သို့ တက်ရောက်သင်ကြားရာ၌ သာသနာဝင်ကတ်ပြားရှိမှသာ တက်ရောက်နိုင်သောကြောင့် ယခုလိုနိုင်ငံတော်မှ တာဝန်ရှိသူများ ဆောင်ရွက်ပေးခြင်းအပေါ် ကျေးဇူးတင်သာဓုခေါ်ဆိုပါကြောင်းနှင့် ခရိုင်ဦးစီးဌာနမှူး၊ ဒုတိယညွှန်ကြားရေးမှူး ဦးရဲရင့်ထွန်းက မိုးပွင့်အထူးစီမံချက်နှင့်အညီ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ယခင်က မြို့နယ်ရုံးသို့ သံဃာတော်နှင့် သီလရှင်ဆရာလေးများ ကိုယ်တိုင်လာရောက်ရသော်လည်း ယခုအခါ တစ်နေရာတည်း၌ တစုတဝေးတည်း ဆောင်ရွက်ပေးခွင့်ရ၍ ဘာသာ၊ သာသနာအတွက် ဝမ်းသာကြည်နူးပီတိဖြစ်ရပါကြောင်း ပြောကြားသည်။

ယနေ့သံဃာတော်နှင့် သီလရှင်တို့အား သာသနာဝင်ကတ်ပြားများ ဆက်ကပ်ရာတွင် ယမန်နှစ်က ဝါဆိုခဲ့သော သုံးဝါရသံဃာတော်/ သီလရှင်များ သာသနာဝင်ကတ်ပြားများ မရရှိ၍ ကျန်ရှိနေသောကြောင့် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော်ထံ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက လျှောက်တင်ခဲ့ကြောင်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)**

# ဇီဝိတဒါန သံဃာ့ဆေးရုံကြီး(ရန်ကုန်)၌ အခြေခံအသက်ကယ်သင်တန်းပို့ချ

**ရန်ကုန် ဇွန် ၂၈**

ဇီဝိတဒါနသံဃာ့ဆေးရုံကြီးနှင့် မြန်မာနိုင်ငံ ဆရာဝန်အသင်း Emergency Ambulance Service (EAS) တို့ ညှိနှိုင်း၍ ယနေ့နံနက်ပိုင်းတွင် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၌ Basic Cardiac Life Support (BCLS) အခြေခံ အသက်ကယ်သင်တန်းဖွင့်ပွဲကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်က အဖွင့်အမှာစကားပြောကြား၍ EAS မှ တာဝန်ခံဆရာဝန်ကြီး ဒေါက်တာ သာထက်အောင်က သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး ဂုဏ်ထူးဆောင်ဆေးရုံအုပ်ကြီး ဒေါက်တာ လှမြင့်က သင်တန်းအစီအစဉ်ဆောင်ရွက်ချက်များကို တင်ပြခဲ့သည်။ ဖွင့်ပွဲအခမ်းအနားသို့ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ သင်တန်းသားဆရာဝန် ၂၀ နှင့် သူနာပြု ၁၅ ဦး တက်ရောက်ကြပြီး သင်တန်းကို ဇွန် ၂၈ ရက်နှင့် ဇူလိုင် ၄ ရက်တို့တွင် ပို့ချမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



# သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးဆောင်ရွက်

**ရွှေကူ ဇွန် ၂၈**

ကချင်ပြည်နယ် ရွှေကူမြို့၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးစိုးထွန်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအေးမောင် ဦးစီးပြီး မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းအဖြစ် ဖုံး၊ သွန်၊ လဲ၊ စစ် စစ်ဆေးခြင်း၊ ကာကွယ်ဆေးဖျန်းခြင်းနှင့် ရေနုတ်မြောင်းအတွင်းမှ အမှိုက်များနှင့် ရေဆိုးများထုတ်ယူခြင်းကို ဇွန် ၂၇ ရက်က အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းနှင့် မြို့တွင်းလမ်းမကြီးတို့၌ ဆောင်ရွက်ခဲ့ကြသည်။

ကွင်းဆင်းဆောင်ရွက်ရာ၌ ပြည်သူ့ကျန်းမာရေးဦးစီးဌာန သူနာပြုအဆင့်(၁)၊ မြို့နယ်မိခင်နှင့်ကလေး ကျန်းမာရေးဌာန ဝန်ထမ်းများ၊ အရန်သားဖွားသင်တန်းသူများ၊ ငှက်ဖျားတိုက်ဖျက်ရေးဌာန ဝန်ထမ်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ရေစီးရေလာ ကောင်းမွန်ရေး ဆောင်ရွက်

**ရန်ကုန် ဇွန် ၂၈**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် မြေတိုင်း (၂၆) ရပ်ကွက်အတွင်း ရေစီးရေလာ ကောင်းမွန်ရေးနှင့် ကားပတ်လမ်းများ ဖောက်လုပ်ခင်းကျင်းခြင်း လုပ်ငန်းများကို ဇွန်စတုတ္ထပတ်က စတင်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကားပတ်လမ်း ဖောက်လုပ်ခင်းကျင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် ဆောင်ရွက်သည့် ကဏ္ဍများကို လှိုင်သာယာမြို့နယ် စည်ပင်သာယာရေးကော်မတီ ဦးကြည်စိုး၊ အနောက်ပိုင်းခရိုင်ခွဲ(လမ်းနှင့်တံတား) အင်ဂျင်နီယာဌာန၊ ခရိုင်မှူး ဦးကံညွန့်၊ လှိုင်သာယာမြို့နယ်(လမ်းနှင့်တံတား) အင်ဂျင်နီယာဌာန တာဝန်ခံ ဦးခင်မောင်အေး၊ ရပ်မိရပ်ဖ ဦးညိုဝင်း၊ မြို့နယ်ဖွံ့ဖြိုးရေး အထောက်အကူပြုအဖွဲ့ဝင် ဦးဝင်းလှနှင့်ရပ်ကွက်နေ လုပ်သားပြည်သူများ၏ စုပေါင်းဦးဆောင်မှုဖြင့် ကျန်စစ်သားလမ်းမကြီး၊ ရွှေမြင့်မိုရ်လမ်းမ၊ ချစ်ကြည်ရေးလမ်း၊ ရွှေရတနာလမ်း၊ ရွှေဘုံသာလမ်း၊ ဝဲယာရှိ ရေနုတ်မြောင်းကြီးများအား ရေစီးရေလာ ကောင်းမွန်စေရေးအတွက် နုန်း၊ အမှိုက်၊ မြက်များကို လူအင်အား၊ စက်ယန္တရားကြီးများ အသုံးပြုလျက် ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြပြီး ရွှေချစ်ကြည်ရေးလမ်း၊ရွှေရတနာလမ်း၊ ရွှေဘုံသာလမ်း၊ ရွှေကံသာယာလမ်းတို့၏ ကားပတ်လမ်းများကိုလည်း စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်နေကြကြောင်း သိရသည်။

**မောင်မောင်**

# မိန်းမကောင်း မိန်းမမြွတ်

ဒေါက်တာအေးမြတ်လွင်(ဟသ်ာတ)

ကျွန်မငယ်စဉ်တုန်းက စာကြိုးစားလို့ဆုရခဲ့ရင် ကျွန်မအမေက တော်တဲ့သူဖြစ်တိုင်း မလုံလောက်သေးဘူး၊ ကောင်းအောင်မြတ်အောင်လည်း ကျင့်ကြံနေထိုင်တတ်ဖို့ လိုအပ်တယ်လို့ ပြောခဲ့ဖူးပါတယ်။ ဘယ်လိုကျင့်ရမယ်။ ဘယ်လိုနေထိုင်ရမယ်ဆိုတာကိုလည်း လေ့လာခိုင်းပါတယ်။

အခြေခံဗုဒ္ဓဘာသာသင်တန်းတွေ တက်ရပါတယ်။ ပြည်သူ့နီတိစာအုပ်တွေဖတ်ရ၊ လေ့လာရ၊ လိုက်စားသင်ယူရပါတယ်။ ဆက်လက်ပြီးတော့ ကျော်ဖြတ်ခဲ့တဲ့ ဘဝလမ်းကြောင်းမှာ လူတွေရဲ့တွေးခေါ်နိုင်မှု အင်အားတွေ၊ လေ့ကျင့်ရမယ့်ခွန်အားတွေကို သင်တန်းတွေ တက်ရင်း၊ ဖတ်ကြားလေ့လာရင်း လိုက်ပါလေ့ကျင့်ခဲ့ရပါတယ်။ ကျောင်းသူဘဝစာတော်အောင်၊ လုပ်ငန်းခွင်မှာ အလုပ်တော်အောင် ကြိုးစားရုံနဲ့ တော်အောင်လုပ်ရုံနဲ့ ဘဝတစ်ခုကို တည်ဆောက်ရာမှာ ပြည့်စုံမှုမရတာကို ပတ်ဝန်းကျင်အားကြည့်ကာ မိမိကိုယ်ကို ပြန်လည်သုံးသပ်ခံစားကြည့်မိရင်း ဟန်ချက်ညီညီနဲ့ တော်ဖို့ ကောင်းဖို့ မြတ်ဖို့လိုတယ်ဆိုတာကို ပိုမိုသိလာရပါတယ်။

တော်ဖို့ဆိုတာ မတော်တာရဲ့ ဆန့်ကျင်ဘက်၊ တော်ခြင်းမတော်ခြင်းဆိုတာ ကာယကံရှင်ရဲ့ ဉာဏ်ကောင်းခြင်း၊ မကောင်းခြင်း၊ ကြိုးစားခြင်း၊ မကြိုးစားခြင်း၊ ဝီရိယရှိခြင်း၊ မရှိခြင်းတို့နဲ့ သက်ဆိုင်နေတယ်လို့ ကျွန်မခံယူမိပါတယ်။

အလုပ်လုပ်တာ တော်တယ် မတော်ဘူးဆိုတာကလည်း အလုပ်ခွင်ရဲ့ စည်းကမ်း၊ စည်းမျဉ်းတွေကို လိုက်နာရင်း ကြိုးပမ်းဆောင်ရွက်ခြင်း၊ မဆောင်ရွက်ခြင်းနဲ့သက်ဆိုင်ပါတယ်။ အလုပ်လုပ်တာ တော်မတော်ဆိုတာ လုပ်ငန်းခွင်အတွင်း ထွက်ပေါ်လာရမယ့် ရလဒ်တွေကို ဆောင်ရွက်နိုင်ခြင်း၊ မဆောင်ရွက်နိုင်ခြင်းနဲ့ တိုင်းတာကြပါတယ်။

လုပ်ငန်းခွင်မှာ ရလဒ်ကောင်းတွေရဖို့ ကျွန်မတို့ ကြိုးစားဆောင်ရွက်ရာမှာ လူကောင်းတစ်ယောက်အဖြစ်နဲ့ပါ ဆောင်ရွက်တတ်ကြဖို့ လိုအပ်ပါတယ်။ ထို့အတူ တော်တယ်လို့ ချီးကျူးဂုဏ်ပြုခံထိုက်သူဖြစ်ဖို့ သမာသမတ်ကျကျ ဆောင်ရွက်မှုက သွေဖည်တဲ့နည်းလမ်းတွေကိုလည်း ရှောင်တတ်ဖို့လိုပါတယ်။

တော်တယ်လို့ ချီးကျူးဂုဏ်ပြုခံထိုက်သူဖြစ်ဖို့ သမာတဲ့နည်းလမ်းတွေ မျက်ကွယ်ပြုပြီး မသမာတဲ့ နည်းလမ်းတွေကို သုံးလာတဲ့အခါ မိမိကိုယ်တိုင် ကောင်းတာလုပ်တာလား၊ မကောင်းတာ လုပ်တာလား ဆိုတာကို သူများမသိပေမယ့် ကိုယ့်ကိုယ်ကိုယ်တော့ သိနေကြပါတယ်။

အလုပ်လုပ်တာ တော်တာကြောင့် ရလဒ်ကောင်း ရှိတယ်ဆိုတာ ရေတိုကာလမှာ အဆင်ပြေပေမယ့် ကောင်းသောလမ်းပေါ်မှာ မလျှောက်လှမ်းတဲ့အတွက် ရေရှည်ကာလမှာ မိမိသာမက လုပ်ငန်းခွင်ကိုရော ပတ်ဝန်းကျင်ကိုပါ ထိခိုက်နစ်နာစေတတ်ပါတယ်။

မကောင်းတာတွေ စိုးမိုးပြီး လုပ်ဆောင်နေတာကြောင့် စိတ်ဓာတ်ကလည်း မမြင့်မြတ်တော့ပါ။ စိုးမိုးမှုတွေ ဖိစီးလာလေ ကောင်းတာလုပ်တာလား၊ မကောင်းတာလုပ်တာလားဆိုတာ မဝေခွဲနိုင်လေ ဖြစ်တတ်ပါတယ်။ မဝေခွဲနိုင်တာကြာလာလေ၊ မြင့်မြတ်သောစိတ်မွေးနိုင်ဖို့၊ မြင့်မြတ်သောအကျင့်ကိုကျင့်ဖို့၊ မြင့်မြတ်သောအလုပ်လုပ်ဖို့ ဝေးလေလေဖြစ်လာနိုင်ပါတယ်။ မြင့်မြတ်သောအလုပ်ကို လုပ်နိုင်ဖို့ မြင့်မြတ်သောအကျင့်ကို ကျင့်ဖို့ဆိုတာ ကိုယ်တိုင်ဆောင်ရွက်ရမှာဖြစ်ပါတယ်။

မြင့်မြတ်တဲ့စိတ်ထားဖို့ ပညာရှိတို့ရဲ့ အဆိုအမိန့်တချို့ကိုလည်း ရေးပြလိုပါတယ်။ စိုက်လိုက်မတ်တတ်တည်ငြိမ်စွာနေတတ်ရမယ်လို့လည်း ဆိုပါတယ်။ သည်းခံနိုင်ရမယ်လို့ဆိုပါတယ်။ မိုးကြိုးပစ်ထန်းလက်ကာ တဲ့ဆင်ခြေတွေကို ဆောင်ရွက်တာထက် အရှိကို အရှိအတိုင်း သမာသမတ်မျှတစွာ တွေးခေါ်နိုင်ရမယ်လို့ ဆိုပါတယ်။ ကိုယ်၊ နှုတ်၊ စိတ်ကို စောင့်စည်းမှုရှိရမယ်လို့လည်းဆိုပါတယ်။ မိမိကိုယ်မိမိ ကြည်ညိုနိုင်တဲ့ လုပ်ရပ်တွေဖြစ်အောင် စိတ်ထားမြင့်မြတ်ရမယ်လို့ ဆိုပါတယ်။ မုသားမပါရပါဘူး။ မကြွားဝါရဘူးလို့လည်း ဆိုပါတယ်။ မေတ္တာတရား၊ ကိုယ်ချင်းစာတရား ထားရှိရပါမယ်လို့ ဆိုပါတယ်။

လူဟာပတ်ဝန်းကျင်နဲ့ နေထိုင်တာမို့လို့ မိမိအကျိုးထက် သူတစ်ပါးအကျိုးကို ကြည့်ပေးတတ်ခြင်းကလည်း မြင့်မြတ်သောအကျင့်ကို ကျင့်တယ်လို့ ဆိုထားပါတယ်။ မိမိရဲ့ တာဝန်ဝတ္တရားအပေါ်မှာ အသိတရားရှိရှိ ဇွဲလုံ့လရှိရှိ ဆောင်ရွက်တဲ့ မြင့်မြတ်သောစိတ်ရှိရမယ်လို့ ဆိုပါတယ်။ ဖြစ်ပေါ်လာသမျှ ပြဿနာတွေအပေါ်မှာ သည်းခံနိုင်စွမ်းရှိရှိနဲ့ အလုပ်တစ်ခုကို ပြီးပြတ်တဲ့အထိ ဆောင်ရွက်နိုင်တဲ့စိတ်ကို မွေးရမယ်လို့ ဆိုပါတယ်။ ကောင်းစေချင်သောစိတ်နဲ့ အပြုသဘောဆောင်တဲ့ အလုပ်တွေကိုလုပ်နိုင်တဲ့ မြင့်မြတ်သောအကျင့်ကို ကျင့်ရမယ်လို့ ဆိုပါတယ်။

**ယနေ့ခေတ် အမျိုးသမီးများရဲ့ အခန်းကဏ္ဍဟာ အလွန်အရေးပါတဲ့ အခန်းကဏ္ဍအဖြစ် ရပ်တည်နေပြီဖြစ်ပါတယ်။ မိမိကိုယ်မိမိ တော်အောင် ကောင်းအောင်၊ မြင့်မြတ်အောင် နေထိုင်ကျင့်သုံးရင် မိမိဘဝလှပလာပါမယ်။**

တော်ဖို့၊ ကောင်းဖို့၊ မြတ်ဖို့အကြောင်းတွေ နားလည်သိရှိဖို့လိုအပ်ပါတယ်။ ဆက်လက်ပြီး ကိုယ်တိုင်လေ့ကျင့်ရပါမယ်။ ကျွန်မတို့တွေ တော်တယ် ကောင်းတယ် မြတ်တယ်လို့ မိမိကိုယ်မိမိ ထင်မြင်ကျေနပ်နေတာနဲ့ စာရင် တော်အောင် ကောင်းအောင် မြတ်အောင် အမြဲထာဝရ ကျင့်ကြံအားထုတ်နေဖို့က အထူးလိုအပ်ပါတယ်။

သည်နေ့ သည်အချိန်မှာ အဖွဲ့အစည်းအသီးသီးမှာ ကိုယ်ကျင့်တရားတွေ လုပ်ငန်းဆောင်ရွက်မှု အခြေအနေတွေကို တိုင်းထွာနည်းမျိုးစုံနဲ့ တိုင်းတာဆောင်ရွက်နေကြပါတယ်။ အကဲဖြတ် ဆန်းစစ်သုံးသပ်ချက်ပုံစံတွေကိုပြုစုပြီး အထက်မှအောက်၊ အောက်မှအထက်၊ ဘေးတိုက်အချင်းချင်း ဆန်းစစ်အကဲဖြတ်ပြီး တော်လား၊ ကောင်းလား၊ မြတ်လား တိုင်းထွာပြီး ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ကြပါတယ်။ ဘယ်လိုပဲ တိုင်းထွာတိုင်းထွာ ကိုယ်တိုင်တော်အောင် ကောင်းအောင် မြတ်အောင် နေတတ်ဖို့က မိမိတာဝန်ပဲ ဖြစ်ပါတယ်။

ယခုအခါမှာလည်း လုပ်ငန်းဆောင်ရွက်မှုတွေကို ပိုမိုကောင်းမွန်လာစေဖို့ အောင်မြင်ခြင်း မအောင်မြင်ခြင်းကို တိုင်းတာမှုအတွက် အရေးကြီးတဲ့ Accountability ဆိုတဲ့ အသုံးအနှုန်းကို ပိုမိုအသုံးချလာကြပါတယ်။ Accountability ဆိုတာ မိမိကိုယ်တိုင် ဘယ်နေရာ ဘယ်အဆင့်မှာပဲရှိရှိ တာဝန်ခံမှု၊ တာဝန်ယူတတ်ဖို့၊ တာဝန်သိတတ်ဖို့ ဖြစ်ပါတယ်။ တာဝန်သိသိ တာဝန်ယူတတ်ခြင်းကလည်း မြင့်မြတ်သော အလုပ်ဖြစ်ပါတယ်။

ယနေ့ခေတ် အမျိုးသမီးများရဲ့ အခန်းကဏ္ဍဟာ အလွန်အရေးပါတဲ့ အခန်းကဏ္ဍအဖြစ် ရပ်တည်နေပြီဖြစ်ပါတယ်။ မိမိကိုယ်မိမိ တော်အောင် ကောင်းအောင်၊ မြင့်မြတ်အောင် နေထိုင်ကျင့်သုံးရင် မိမိဘဝလှပလာပါမယ်။ အမျိုးသမီးတိုင်း တော်အောင် ကောင်းအောင် မြင့်မြတ်အောင် နေထိုင်ကျင့်သုံးရင်၊ မိမိတို့ အမျိုးသမီးအသိုင်းအဝိုင်းက သာယာလှပမယ်။ အမျိုးသမီးအသိုင်းအဝိုင်းက သာယာလှပလာတာနဲ့အမျှ အလွန်အရေးပါတဲ့ အမျိုးသမီးတို့ရဲ့ မြင့်မြတ်သော အခန်းကဏ္ဍကို ပိုမိုဖွင့်ဆိုလာနိုင်မှာဖြစ်ကြောင်း ရေးသားရင်း ၂၀၁၅ ခုနှစ် ဇူလိုင်လတွင် ကျရောက်သော မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုလိုက်ပါတယ်။ ။

## မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ Mobile Radio သတင်းအစီအစဉ်ကို တိုင်းရင်းသားဘာသာ(၁၁)မျိုးဖြင့် ထုတ်လွှင့်မည်

**နေပြည်တော် ဇွန် ၂၈**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် Blue Ocean Operating Management Company Limited တို့ ပူးပေါင်း၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသတင်းများကို Mobile Phone များတွင် အလွယ်တကူ နားဆင်နိုင်ရန်အတွက် Mobile Radio အစီအစဉ်ကို ၂၀၁၅ ခုနှစ် မေလ ၁၅ ရက်နေ့တွင် စတင်ကာ နေ့စဉ် နံနက် ၈ နာရီ၊ မွန်းလွဲ ၁ နာရီ၊ ည ၇ နာရီတို့တွင် တစ်နေ့(၃)ကြိမ်စီ ထုတ်လွှင့်လျက်ရှိသည်။

ယခုအခါ နိုင်ငံတစ်ဝန်းရှိ ဒေသအသီးသီးတွင် နေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများ၏ Public access to information ကို ပိုမိုကျယ်ပြန့်စွာ ရရှိနိုင်စေရန်အတွက် Mobile Radio သတင်းထုတ်လွှင့်မှုကို တိုင်းရင်းသားဘာသာ စကားများဖြင့်ပါ တိုးချဲ့ဆောင်ရွက်သွားမည် ဖြစ်သည်။

တိုင်းရင်းသားဘာသာ Mobile Radio သတင်းအစီအစဉ်များအဖြစ် ကချင်ဘာသာ၊ ကယားဘာသာ၊ စကောကရင်ဘာသာ၊ အနောက်ပိုးကရင်ဘာသာ၊ အရှေ့ ပိုးကရင်ဘာသာ၊ ချင်း(လိုင်ဇိုး)ဘာသာ၊ ချင်း(ချိုး)ဘာသာ၊ မွန်ဘာသာ၊ ရခိုင်ဘာသာ၊ ရှမ်းဘာသာ၊ “ ဝ”ဘာသာ စသည့် တိုင်းရင်းသားဘာသာ (၁၁)မျိုးဖြင့် စက္ကန့် ၉၀ စာ သတင်းများကို ၂၀၁၅ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့တွင်စတင်ကာ နေ့စဉ် တစ်နေ့(၃)ကြိမ်စီ ထုတ်လွှင့် သွားမည်ဖြစ်သည်။

ယင်းသို့ ထုတ်လွှင့်ရာတွင် ကချင်ဘာသာ၊ ကယားဘာသာနှင့် စကောကရင်ဘာသာတို့ကို နံနက် ၈ နာရီ၊ မွန်းလွဲ ၁ နာရီ၊ ည ၇ နာရီတို့တွင် လည်းကောင်း၊ အနောက်ပိုးကရင်ဘာသာ၊ မွန်ဘာသာ၊ ရခိုင်ဘာသာနှင့် ချင်း(ချိုး)ဘာသာတို့ကို နံနက် ၉ နာရီ၊ မွန်းလွဲ ၂နာရီ၊ ည ၈နာရီတို့တွင် လည်းကောင်း၊ အရှေ့ပိုးကရင်ဘာသာ၊ ချင်း(လိုင်ဇိုး)ဘာသာ၊ ရှမ်းဘာသာနှင့် “ဝ” ဘာသာတို့ကို နံနက် ၁၀ နာရီ၊ ညနေ ၃ နာရီ၊ ည ၉ နာရီတို့တွင်လည်းကောင်း အသီးသီးထုတ်လွှင့်သွားမည်ဖြစ်ပြီး နားဆင်လိုသူ မိဘပြည်သူများအနေဖြင့် ဖုန်းနံပါတ် ၀၁-၂၃၉၉၁၀၃ ကိုခေါ်ဆို၍ Subscribe လုပ်ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသတင်းများကို အလွယ်တကူ နားဆင်နိုင်ကြမည်ဖြစ်သည်။

အဆိုပါ တိုင်းရင်းသားဘာသာ Mobile Radio သတင်းအစီအစဉ်များတွင် နောက်ဆုံးရ ပြည်တွင်းသတင်းများ၊ ဒေသဆိုင်ရာသတင်းများ၊ နိုင်ငံတကာသတင်းများ၊ အားကစားသတင်းနှင့် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု၊ အနုပညာဆိုင်ရာ စိတ်ဝင်စားဖွယ်ရာ သတင်းများကို နားဆင်ကြရမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို ထပ်မံထုတ်ပြန်သွားမည်ဖြစ်သည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသတင်းများကို Mobile Phone များတွင် အလွယ်တကူ နားဆင်နိုင်သည့် Mobile Radio သတင်းအစီအစဉ်များနှင့် စပ်လျဉ်း၍မေးမြန်းစုံစမ်းလိုပါက ပြန်ကြားရေးဝန်ကြီးဌာန၏ Call Center ဖုန်းနံပါတ် ၁၈၈၃ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**(မြန်မာ့အသံနှင့်ရုပ်မြင်သံကြား)**



## (၅၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပဉ္စမမြောက်နေ့အဖြစ် ဆက်လက်ကျင်းပ

**နေပြည်တော် ဇွန် ၂၈**

(၅၂)ကြိမ်မြောက်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပဉ္စမမြောက်နေ့အဖြစ် ယနေ့နံနက် ၉ နာရီမှ စတင်၍ နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်တွင်း ပြည်ပ ရတနာကုန်သည်များက အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည့် ကျောက်စိမ်းတွဲများကို ကြည့်ရှုပြီး တင်ဒါတင်သွင်းကြသည်။

မွန်းလွဲပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်နှင့် ကော်မတီဝင်များက ပြပွဲအတွင်း ကျောက်စိမ်းအတွဲများအား တင်ဒါစနစ်ဖြင့် ရောင်းချနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယနေ့အထိ မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပြည်တွင်း ပြည်ပ ရတနာကုန်သည် ၄၄၉၅ ဦး တက်ရောက်ခဲ့ပြီး ကျောက်မျက်အတွဲပေါင်း ၁၂၆ တွဲနှင့် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ကျောက်စိမ်းအတွဲပေါင်း ၁၁၆၄ တွဲ ရောင်းချနိုင်ခဲ့ပြီး ၂၀၁၅ ခုနှစ် ဇွန် ၂၉ ရက်တွင် အိတ်ဖွင့်တင်ဒါစနစ် ဖြင့် ကျောက်စိမ်းအတွဲပေါင်း ၁၄၅၀ ကို ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားတက်ရောက်




နေပြည်တော် ဇွန် ၂၈

**သစ်ပင်များကို စိုက်ပျိုးခြင်း၊ ထိန်းသိမ်းခြင်းနှင့် ပြန်လည်ရှင်သန်အောင် လုပ်ဆောင်ခြင်းသည် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ရှိနေကြောင်း၊ ယခုသစ်ပင်စိုက်ပျိုးပွဲသည် ယခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးရေးအတွက် တပ်လှန့်နှိုးဆော်ခြင်းပင်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့ နံနက် ၇ နာရီတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းဆည်အနီး၌ ကျင်းပသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနား၌ ပြောကြားသည်။**

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊လေ) ဗိုလ်ချုပ်ကြီး လှ‌ဌေးဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများနှင့်ဇနီးများ၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ သင်တန်းသား အရာရှိကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးရှိ ရုံး/ဌာနများမှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ် ခရေပင်နှင့်ကံ့ကော်ပင်များကို စိုက်ပျိုးပေးသည်။ **(ဝဲပုံ)**

ဆက်လက်ပြီး ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အခမ်းအနားတက်ရောက်လာကြသူများက စိုက်ပျိုးပင်များကို သတ်မှတ်နေရာ အသီးသီးတွင် စိုက်ပျိုးကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် အရာရှိ၊ စစ်သည်၊ မိသားစုများ စုပေါင်း သစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယနေ့ကျင်းပသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၏ ၂၀၁၅ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်းပင် ၂၀၁၀၊ ပျဉ်းကတိုးပင် ၁၀၀၀၊ ပိတောက်ပင် ၅၀၀၊ ရေမနေပင် ၂၀၀၊ ယင်းမာပင် ၅၀၀၊ မဟော်ဂနီပင် ၂၀၀ နှင့် သစ်ဆိမ့်ပင် ၆၀၀ စုစုပေါင်း အပင် ၅၀၀၀ ကို စုပေါင်း စိုက်ပျိုးကြသည်။ **(အောက်ပုံ)**

အလားတူ တိုင်းစစ်ဌာနချုပ်နယ်မြေများတွင်လည်း မိုးရာသီသစ်ပင် စိုက်ပျိုး ပွဲများကို ယနေ့နံနက်ပိုင်းတွင် တစ်ချိန်တည်း တစ်ပြိုင်တည်း ကျင်းပ ပြုလုပ်ကြရာ နေပြည်တော်တိုင်းစစ်ဌာနချုပ်နယ်မြေတွင် ၃၃၃၇၃ ပင်၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် နယ်မြေတွင် ၄၉၀၈၁ ပင်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေတွင် ၁၇၈၂၇ ပင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေတွင် ၂၃၄၆၇ ပင်၊ အရှေ့ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နယ် မြေတွင် ၂၃၇၁၂ ပင်၊ ဧရာဝတီတိုင်းစစ်ဌာနချုပ်နယ်မြေတွင် ၁၅၁၆၄ ပင်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေတွင် ၂၈၅၃၉ ပင်၊ ကမ်းရိုး တန်းဒေသ တိုင်းစစ်ဌာနချုပ်နယ်မြေတွင် ၂၉၈၀၅ ပင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်နယ်မြေ တွင် ၅၂၃၃၃ ပင်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်နယ်မြေတွင် ၂၁၄၂၈ ပင်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေတွင် ၁၆၅၃၆ ပင်၊ အနောက် မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေတွင် ၂၀၁၈၃ ပင်၊ အလယ်ပိုင်း တိုင်းစစ် ဌာနချုပ်နယ် မြေတွင် ၂၀၈၇၃ ပင်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေ တွင် ၄၅၀၃၉ ပင်ကို တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ အရာရှိ၊စစ်သည်နှင့် မိသားစုများက စိုက်ပျိုးခဲ့ကြပြီး တပ်မတော် တစ်ရပ်လုံးအနေဖြင့် ယနေ့ စိုက်ပျိုးမှုစုစုပေါင်းမှာ ၃၉၇၂၇၀ ပင်ဖြစ်သည်။

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)အနေဖြင့် ၂၀၁၁ ခုနှစ်တွင် ၁၈၇၅၇ ပင်၊ ၂၀၁၂ ခုနှစ်တွင် ၁၅၅၀၀ပင်၊ ၂၀၁၃ ခုနှစ်တွင် ၁၅၀၀၀ပင် နှင့် ၂၀၁၄ ခုနှစ်တွင် ၁၄၀၀၀ ပင် စိုက်ပျိုးနိုင်ခဲ့ ခြင်းဖြစ်ပြီး တပ်မတော်တစ်ရပ်လုံး အနေဖြင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ဂေဟစနစ်ထိန်း သိမ်းရေး အတွက် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲများ ဆက်လက်ပြုလုပ်၍ ရှင်သန်ဖြစ်ထွန်း အောင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**



# ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်း ကမ္ဘောဒီးယားနိုင်ငံမှ ပြန်လည်ရောက်ရှိ

နေပြည်တော် ဇွန် ၂၈

**ကမ္ဘောဒီးယားနိုင်ငံတွင် ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၂၇ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီတွင် ဖနောင်ပင်မြို့ရှိ Royal Palace ၌ ကြည့်ရှုလေ့လာကြသည်။** (အောက်ပုံ)



ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အဖွဲ့အား Royal Palace ၌ တာဝန်ရှိသူများက ကမ္ဘောဒီးယား နိုင်ငံ၏ ရိုးရာယဉ်ကျေးမှု အမွေ အနှစ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက်National Museum နှင့် ပိုပေါ့ခေတ် အကျဉ်းထောင် ဟောင်း Toul Sleng Genocidal Museum (S-21)တို့တွင် ကြည့်ရှု လေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် ဒေသ စံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲတွင် ဖနောင်ပင်မြို့ရှိ ခေတ္တတည်းခိုသည့် Sokha ဟိုတယ်၌ မြန်မာသံရုံးနှင့် စစ်သံရုံးမိသားစုများအား တွေ့ဆုံ သည်။

ယင်းနောက် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် ဖနောင် ပင်မြို့ရှိ Special Forces Airborre 911 Brigade သို့ သွားရောက်လေ့လာ ကြရာ တပ်မဟာဌာနချုပ်မှ Lieu-tenant General Chap Pheakdey က ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။

ထို့နောက် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် Special Forces Airborne 911 Brigade တွင် တန်ပြန်အကြမ်းဖက် တိုက်ခိုက်မှုစွမ်းရည် သရုပ်ပြသမှုအား ကြည့်ရှုလေ့လာပြီး သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့သည်။

၎င်းနောက် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်လေဆိပ်မှ ဒေသစံတော် ချိန် ညနေ ၄ နာရီ ၁၅ မိနစ်တွင် ထွက်ခွာခဲ့ရာ Siem Reap လေဆိပ် သို့ ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် ရောက်ရှိကြသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ သည် ဇွန် ၂၈ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် ဖနောင်ပင်မြို့ Siem Reap အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာကြရာ ညနေ ၅ နာရီတွင် နေပြည်တော်သို့ ပြန်လည် ရောက်ကြသည်။ **(မြဝတီ)**

○ *ကျောဖုံးမှ*

တိုင်းသေကြီး၊ ဘဏ္ဍာရေးဝန်ကြီး ဒေါက်တာမြင့်ကြူက ပြောကြားသည်။

“ဒီတံတားကြီး ပြန်လည်ပြုပြင် ထိန်းသိမ်းဖို့အတွက် သက်ဆိုင်ရာ ဌာနများ၊ အသိပညာရှင်၊ အတတ် ပညာရှင်များနဲ့ ဇွန်၂၃ရက်က အစည်း အဝေးပြုလုပ်ပြီးအကြံဉာဏ်များရယူ ခဲ့ပါတယ်။ ဒီအစည်းအဝေးကနေ ရရှိတဲ့အကြံပြုချက်တွေကို စီမံချက် တွေရေးဆွဲပြီး ဇူလိုင်လပထမအပတ်မှာ မန္တလေးမြို့ရဲ့မြို့မိမြို့ဖတွေ၊ သက်ဆိုင် ရာဌာနတွေ လွှတ်တော်ကိုယ်စားလှယ် တွေ၊ အသိပညာရှင်၊ အတတ်ပညာ ရှင်တွေနဲ့မီဒီယာတွေကိုဖိတ်ကြားပြီး ဒီစီမံချက်တွေကို ရှင်းလင်းသွားမှာ ဖြစ်ပါတယ်။ ဒီရှင်းလင်းပွဲကရရှိတဲ့ အကြံပြုချက်တွေကို ဆရာတော်ကြီး များရဲ့ဩဝါဒ ကိုခံယူပြီးတိုင်းဒေသကြီး အစိုးရအဖွဲ့ကို တင်ပြသွားမှာ ဖြစ်ပါ တယ်”ဟု ၎င်းကပြောသည်။

ဦးပိန်တံတားသည်၁၂၁၃ခုနှစ် တွင်စတင်တည်ဆောက်ခဲ့ပြီးယနေ့ဆို လျှင်နှစ်ပေါင်း၁၆၀ကျော်ပြီဖြစ်သည့် ကမ္ဘာ့အရှည်ဆုံး သစ်သားတံတား တစ်ခုဖြစ်ခြင်းကြောင့် ပြည်တွင်း ပြည်ပမှ ဧည့်သည်များလာရောက် ကြည့်ရှုမှု များပြားလာသည့်အတွက် ယဉ်ကျေးမှုအမွေအနှစ်တစ်ခုအဖြစ် တန်ဖိုးမဖြတ်နိုင်၍ နိုင်ငံတော်အစိုးရမှ အကုန်အကျခံ ပြုပြင်ထိန်းသိမ်းခြင်း ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# အရည်အသွေးကောင်းဆန်စပါးများထုတ်လုပ်နိုင်ရန် ခေတ်မီဆန်စပါးကြိတ်ခွဲရေးလုပ်ငန်းကြီးများသည် အရေးပါ



**နေပြည်တော် ဇွန် ၂၈**

လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု တစ်နေ့တန် ၂၂၀ ကျ ခေတ်မီဆာတာကေးဆန်စက်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် မယ်ဇလီကုန်းကျေးရွာ၌ ကျင်းပရာ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညဏ်ထွန်း တက်ရောက်ဖွင့်လှစ်သည်။

ရှေးဦးစွာ မြန်မာနိုင်ငံ လယ်ယာစီးပွားရေး အများပိုင်ကော်ပိုရေးရှင်းလီမိတက်(MAPCO)၏ ဆာတာကေးဆန်စက်အား ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးညဏ်ထွန်းက ပေါင်းဆန်နှင့် ဆန်ဖြူကြိတ်ခွဲသန့်စင်စက် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ပုဂ္ဂလိကအခန်းကဏ္ဍမှ ခေတ်မီဆန်စက်ကြီးများ ရင်းနှီးမြှုပ်နှံထူထောင်၍ ကြိတ်ခွဲထုတ်လုပ်သောဆန်များကို နိုင်ငံတကာဈေးကွက်သို့ တင်ပို့နိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် တန်ချိန် ၁ ဒသမ ၈ သန်းကျော်အထိ တင်ပို့နိုင်ခဲ့ကြောင်း။

MAPCO အနေဖြင့် ကုန်ကြမ်းများရရှိရန် ကန်ထရိုက်လယ်ယာစနစ်ဖြင့် သွင်းအားစုများ ကြိုတင်ထုတ်ပေးပြီး စပါးတင်း ၁၀၀ လျှင် ငွေကျပ် လေးသိန်း ငါးသောင်းနှုန်း ကြိုတင်အာမခံဈေးဖြင့် သတ်မှတ်ဝယ်ယူမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ပုဂ္ဂလိကအခန်းကဏ္ဍမှ ဆောင်ရွက်နိုင်ခြင်းသည် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မှတ်တိုင်သစ်တစ်ရပ် စိုက်ထူနိုင်ခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိကအခန်းကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှု အခန်းကဏ္ဍ၏ အရေးပါမှုအား ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ဆန်စပါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ပူးပေါင်းဆောင်ရွက်မှုများကိုလည်းကောင်း၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်ရွှေက နေပြည်တော်ကောင်စီနယ်မြေအတွင်း လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု အခြေနေကိုလည်းကောင်း၊ MAPCO ဥက္ကဋ္ဌ ဦးချစ်ခိုင်က နိုင်ငံတကာအဆင့်မီဆန်စက်ကြီးအား နေပြည်တော် ကောင်စီနယ်မြေအတွင်း ရင်းနှီးမြှုပ်နှံတည်ဆောက်ရခြင်းနှင့် MAPCO ၏ လယ်ယာကဏ္ဍဖွံ့ဖြိုးရေး ဆောင်ရွက်မှုများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးညဏ်ထွန်းက ယနေ့ ဆန်စက်ဖွင့်လှစ်နိုင်မှုသည် ပမာဏအားဖြင့် သေးငယ်သော်လည်း သက်ရောက်မှုအားဖြင့် ကြီးမားသည့် ခြေလှမ်းတစ်ရပ်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် အခြေခံအကျဆုံးဖြစ်သည့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ပါကြောင်း။



**လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု တစ်နေ့ တန် ၂၂၀ ကျ ခေတ်မီဆာတာကေးဆန်စက် အဆောက်အအုံကို တွေ့ရစဉ်။**

မိမိတို့နိုင်ငံသည် ယခင်က ကမ္ဘာတွင် ဆန်စပါးတင်ပို့မှု ထိပ်တန်းနိုင်ငံတစ်ခုဖြစ်ခဲ့ပါကြောင်း၊ ယင်းအခြေအနေသို့ ပြန်လည်တက်လှမ်းနိုင်ရေးအတွက် နိုင်ငံတကာတွင် ကျင့်သုံးနေသည့် ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးပုံစံများကို လေ့လာပြီး မိမိတို့နိုင်ငံအတွက် အကျိုးရှိအောင် အသုံးချရမည်ဖြစ်ပါကြောင်း။

လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပါဝင်ပတ်သက်သည့် လယ်သမားများ၊ ပညာရှင်များ၊ ရင်းနှီးမြှုပ်နှံသူများ၊ နိုင်ငံတကာဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် သက်ဆိုင်သူများအားလုံးနှင့် ပူးပေါင်းပါဝင်သည့် Multi Stakeholder Approach စနစ်ဖြင့် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဆန်စပါးဈေးကွက်ဝင်ရန်အတွက် အရည်အသွေးကောင်းရန်၊ ဈေးနှုန်းယှဉ်ပြိုင်စွမ်းရှိရန်၊ ထုတ်ကုန်များနှင့် ပတ်သက်၍ တာဝန်ယူမှုရှိရန်နှင့် ဝန်ဆောင်မှုကောင်းမွန်မှုသာ ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ဆန်စပါးများ ထုတ်လုပ်နိုင်မည်ဖြစ်ပါကြောင်း၊ အရည်အသွေးကောင်းမွန်သည့် ဆန်စပါးများထုတ်လုပ်နိုင်ရန် ခေတ်မီဆန်စပါးကြိတ်ခွဲရေးလုပ်ငန်းကြီးများ (Rice Processing Complex) များသည် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်ကြောင်း။

ထိုသို့ ခေတ်မီ ဆန်းစပါးကြိတ်ခွဲရေးလုပ်ငန်းကြီးများ တည်ထောင်နိုင်ရန်အတွက် ပုဂ္ဂလိကအခန်းကဏ္ဍကို မြှင့်တင်နိုင်ရန် ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်ခဲ့ကြောင်း၊ ပုဂ္ဂလိကအခန်းကဏ္ဍ၏ ပါဝင်ပူးပေါင်းမှုများကို ကြိုဆိုပါကြောင်းနှင့် အားပေးထောက်ခံမှုများ ပြုလုပ်ပေးရန် အသင့်ရှိပါကြောင်း၊ ဆန်စပါးအထွက်ကောင်းသည့်ဒေသများ၌ ယခုကဲ့သို့ ခေတ်မီဆန်စက်ကြီးများ အပြိုင်အဆိုင် ထွက်ပေါ်လာရန် မျှော်လင့်ပါကြောင်း။

ကန်ထရိုက်လယ်ယာစနစ်သည် တောင်သူများ၏ အကျိုးစီးပွားအတွက် အမှန်တကယ် ဆောင်ရွက်ပေးနိုင်ကြောင်း၊ ယုံကြည်မှုရှိလာအောင် သက်ဆိုင်သူများအားလုံး ပါဝင်သည့် ဆွေးနွေးပွဲများပြုလုပ်ပြီး မူဝါဒများချမှတ်ကာ ရေ့ပြေးစီမံကိန်းများ ဆောင်ရွက်သင့်ပါကြောင်း၊ ယနေ့အချိန်တွင် ကမ္ဘာ့ဈေးကွက်သို့ ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်သည့် အခြေအနေများ ရရှိထားပါကြောင်း၊ အာဆီယံစီးပွားရေးအသိုက်အဝန်း စတင်ချိန်တွင် လွတ်လပ်စွာယှဉ်ပြိုင်မှုများရှိလာမည်ဖြစ်ရာ ရရှိလာသည့် အခွင့်အရေးများကို အကျိုးရှိစွာ အသုံးချ၍ လယ်ယာထွက်ကုန်များကို ကမ္ဘာ့ဈေးကွက်သို့ အဆင့်အတန်းမီ တင်ပို့နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ လုပ်ငန်းရှင်များနှင့် သက်ဆိုင်သူများအားလုံး ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ယင်းနောက် MAPCO ဥက္ကဋ္ဌ ဦးချစ်ခိုင်က နေပြည်တော်ကောင်စီနယ်မြေရှိ စိုက်ဧက ၅၀၀၀ အတွက် ကန်ထရိုက်စနစ်ဖြင့် မိုးရာသီ ပုလဲသွယ်စပါး စိုက်ပျိုးထုတ်လုပ်မည့် တောင်သူများအား မျိုး၊ သွင်းအားစု၊ ဓာတ်မြေသြဇာနှင့် စိုက်ပျိုးစရိတ်ကြိုတင်ထောက်ပံ့မှု ငွေကျပ်သိန်း ၇၅၀၀ အား တောင်သူများထံ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်၌ ဆန်စပါးကဏ္ဍဆိုင်ရာ သုတေသနကျမ်းပြုစုနေသော မဟာသိပ္ပံကျောင်းသား ကျောင်းသူများအတွက် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်က နေပြည်တော် ကောင်စီနယ်မြေ၌ MAPCO နှင့် Private Public Partnership စနစ်ဖြင့် ၂၀၁၄-၂၀၁၅ နွေစပါးရာသီတွင် ပူးပေါင်းဆောင်ရွက်ခဲ့ကြသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ထမ်းများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ယင်းနောက် တောင်သူလယ်သမားများကိုယ်စား တောင်သူ ဦးစိုးစိုးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များသည် ဒက္ခိဏသီရိမြို့နယ်ရှိ ခေတ်မီမျိုးစေ့သန့်စင်စက်၊ ခေတ်မီမျိုးစေ့ထုပ်ပိုးစက်များဖြင့် စိုက်ပျိုးရာသီအချိန်မီ တောင်သူများလက်ဝယ် ဖြန့်ဖြူးနိုင်ရန် ဆောင်ရွက်လျက်ရှိသည့် ပုလဲသွယ်စပ်မျိုးစပါး (F1) မျိုးစေ့ထုတ်စက်ရုံနှင့် ခေတ်မီအအေးခန်းမျိုးစေ့သိုလှောင်ရုံများကို လည်းကောင်း၊ မြန်မာနယူးရော ကုမ္ပဏီ၏ ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ်စက်ရုံတပ်ဆင်ပြီးစီးမှုနှင့် စက်ရုံအတွင်း ခေတ်မီမျိုးစေ့သန့်စင်စက်များ ရောက်ရှိနေမှုကိုလည်းကောင်း ကြည့်ရှုကြသည်။

ယနေ့ဖွင့်လှစ်သည့် ဆန်စက်သည် ပေါင်းဆန်နှင့် ဆန်ဖြူ တစ်နေ့လျှင် တန် ၂၂၀ ကြိတ်ခွဲထုတ်လုပ်သန့်စင်နိုင်သည့် ဆန်စက်ဖြစ်ပြီး ပထမအဆင့် ပေါင်းဆန်စက် ဆန်ဖြူကြိတ်ခွဲမှုအပိုင်းကို စတင်ဖွင့်လှစ်ခြင်းဖြစ်သည်။ ယင်းဆန်စက်မှ ထုတ်လုပ်သော ဆန်များကို MJ Rice Brand ဖြင့်ထုတ်လုပ်မည်ဖြစ်ပြီး ရွှေဘိုပေါ်ဆန်၊ ရှမ်းဆန်၊ ရှမ်းကောက်ညှင်းဆန်နှင့် မနောသုခ စသည့် ဆန်အမျိုးအစားများကို ခေတ်မီထုပ်ပိုးမှုဖြင့် ထုတ်လုပ်မည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အမိန့်ကြေညာစာအမှတ် (၆/၂၀၁၅) နှင့် (၇/၂၀၁၅)တို့ကို ထုတ်ပြန်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အမိန့်ကြေညာစာအမှတ် (၆/၂၀၁၅) နှင့် (၇/၂၀၁၅) တို့ကို ထုတ်ပြန်**

**နေပြည်တော် ဇွန် ၂၈**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အမိန့်ကြေညာစာအမှတ် (၆/၂၀၁၅) နှင့် (၇/၂၀၁၅) တို့ကို ထုတ်ပြန်ထားကြောင်း သိရှိရသည်။

အမိန့်ကြေညာစာအမှတ် (၆/၂၀၁၅) လွှတ်တော်ရွေးကောက်ပွဲများ စောင့်ကြည့်လေ့လာရာတွင် ပြည်တွင်း စောင့်ကြည့်လေ့လာသူများ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ ထုတ်ပြန်ခြင်းတွင် အခန်း(၁၃)ခန်း ပါရှိပြီး အခန်း(၁) အဓိပ္ပာယ်ဖော်ပြချက်၊ အခန်း(၂) ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ ပြည့်စုံရန်လိုအပ်သည့် သတ်မှတ်ချက်များ၊ အခန်း(၃) အသိအမှတ်ပြုရန်လျှောက်ထားခြင်း၊ အခန်း(၄)လျှောက်လွှာများ စိစစ်ခြင်း၊ ခွင့်ပြုခြင်း၊ အခန်း(၅)အသိအမှတ်ပြုလွှာနှင့် သက်သေခံကတ်ပြား ထုတ်ပေးခြင်း၊ အခန်း(၆)သက်သေခံကတ်ပြားတွင် ပါဝင်ရမည့်အချက်များ၊ အခန်း(၇) အသိအမှတ်ပြုလွှာ သက်တမ်း၊ အခန်း(၈) ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးနယ်မြေ၊ အခန်း(၉) ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ၏ အခွင့်အရေး၊ တာဝန်များနှင့် လိုက်နာရန် ကျင့်ဝတ်များ၊ အခန်း(၁၀) စည်းကမ်းဖောက်ဖျက် ကျူးလွန်သူအတွက် အရေးယူမှုများ၊ အခန်း(၁၁) စောင့်ကြည့်လေ့လာနိုင်သည့်ရွေးကောက်ပွဲလုပ်ငန်းစဉ်များ၊ အခန်း(၁၂) အယူခံခြင်း၊ အခန်း(၁၃) ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအစီရင်ခံစာတို့ ပါဝင်သည်။

အမိန့်ကြေညာစာအမှတ် (၇/၂၀၁၅)လွှတ်တော်ရွေးကောက်ပွဲများ စောင့်ကြည့်လေ့လာရာတွင် နိုင်ငံတကာစောင့်ကြည့်လေ့လာသူများ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ထုတ်ပြန်ခြင်းတွင်လည်း အခန်း(၁၃)ခန်း ပါဝင်ပြီး အခန်း(၁) အဓိပ္ပာယ်ဖော်ပြချက်၊ အခန်း(၂) ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ ပြည့်စုံရန်လိုအပ်သည့်သတ်မှတ်ချက်များ၊ အခန်း(၃) မှတ်ပုံတင်ခြင်းနှင့် အသိအမှတ်ပြုရန်လျှောက်ထားခြင်း၊ အခန်း(၄) မှတ်ပုံတင်လျှောက်လွှာနှင့်အတူ ပူးတွဲရမည့်စာရွက်စာတမ်းများ၊ အခန်း(၅) လျှောက်လွှာများ စိစစ်ခြင်း၊ ခွင့်ပြုခြင်း၊ အခန်း(၆) အသိအမှတ်ပြုလွှာနှင့် သက်သေခံကတ်ပြားထုတ်ပေးခြင်း၊ အခန်း(၇) သက်သေခံကတ်ပြားတွင် ပါဝင်ရမည့်အချက်များ၊ အခန်း(၈) အသိအမှတ်ပြုလွှာသက်တမ်း၊ အခန်း(၉) ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးနယ်မြေ၊ အခန်း(၁၀) ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၏ အခွင့်အရေး၊ တာဝန်များနှင့် လိုက်နာရန် ကျင့်ဝတ်များ၊ အခန်း(၁၁) ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူအတွက် အရေးယူမှုများ၊ အခန်း(၁၂) စောင့်ကြည့်လေ့လာနိုင်သည့်ရွေးကောက်ပွဲလုပ်ငန်းစဉ်များ၊ အခန်း(၁၃) ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေး အစီရင်ခံစာတို့ပါဝင်ကြောင်းနှင့် **အသေးစိတ်သိရှိလိုပါက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဝက်ဘ်ဆိုက် www.uec myanmar.org တွင် ကြည့်ရှုနိုင်ကြောင်း** သိရှိရသည်။

**(သတင်းစဉ်)**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်အဆောက်အအုံသစ်ဖွင့်ပွဲတက်ရောက်



**မုံရွာ ဇွန် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ လွှတ်တော်အဆောက်အအုံရှေ့၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းတက်ရောက်၍ လွှတ်တော်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**

ဖွင့်ပွဲအခမ်းအနားသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသင်းလှိုင်၊ တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများနှင့် ဒုတိယဥက္ကဋ္ဌများ၊ ပြည်သူ့လွှတ်တော် အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီ ဥက္ကဋ္ဌ သူရဦးအေးမြင့်၊ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသင်းလှိုင်၊ ပြည်သူ့လွှတ်တော် အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးကော်မတီဥက္ကဋ္ဌ သူရဦးအေးမြင့်၊ တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးသောင်းစိန်နှင့် တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကြည်နိုင်တို့က လွှတ်တော်အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးသင်းလှိုင်၊ ပြည်သူ့လွှတ်တော် ကော်မတီဥက္ကဋ္ဌ သူရဦးအေးမြင့်နှင့် တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကြည်နိုင်တို့က လွှတ်တော်အဆောက်အအုံရှေ့၌ ခရေပင်များကို အမှတ်တရ စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်းအစီအစဉ်များကို Banquest Hall ၌ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်အဆောက်အအုံသည် ခံ့ညားထည်ဝါမှုရှိပြီး လွှတ်တော်တစ်ရပ်၏ ရှိသင့်ရှိထိုက်သည့် ဂုဏ်အင်္ဂါရပ်များနှင့် ပြည့်စုံမှုရှိပါကြောင်း၊ အဆောက်အအုံထည်ဝါရုံနှင့် မလုံလောက်ဘဲ နေရာနှင့်အခန်းများကိုအသုံးပြု၍ လွှတ်တော်လုပ်ငန်းများကို ထိထိရောက်ရောက် မြန်မြန်ဆန်ဆန်လုပ်ဆောင်နိုင်ရန် လိုအပ်ပါကြောင်း။

ရုပ်ပိုင်းဆိုင်ရာ ပြည့်စုံသွားပြီဖြစ်၍ ပြည်သူ့ကိုယ်စားလှယ်များ၏ ဦးနှောက်ပိုင်းဆိုင်ရာနှင့် နှလုံးသားပိုင်းဆိုင်ရာ ဖြည့်ဆည်းပေးရေး ဆက်လက်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ မြန်မာလွှတ်တော်ဆိုင်ရာ အဖွဲ့(MPU)ကို ရည်ရွယ်ချက် (၄)ရပ်ဖြင့် ဖွဲ့စည်းတည်ထောင်ခဲ့ရာ ယခုကဲ့သို့ တိုင်းဒေသကြီး၊ ပြည်နယ်များ၌ လွှတ်တော်အဆောက်အအုံသစ်များ တည်ဆောက်ခြင်းအပါအဝင် လွှတ်တော်ရေးရာကိစ္စရပ်များကို ဆွေးနွေးနိုင်ခဲ့ပါကြောင်းနှင့် လွှတ်တော်များ၏ အခန်းကဏ္ဍမြင့်မားရေး ဆက်လက်ဆောင်ရွက်သွားရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

တိုင်းဒေသကြီး လွှတ်တော် အဆောက်အအုံအတွင်းရှိ ပထမထပ်၌ အစည်းအဝေးခန်းမကြီးအပြင် CCTV Control Room၊ ဧည့်ခန်း၊ လွှတ်တော်ဥက္ကဋ္ဌ နားနေဆောင်၊ Call Room၊ Conference Room၊ လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော် ဒုတိယဥက္ကဋ္ဌရုံးခန်းများ၊ Banquest Hall တို့ပါဝင်ပြီး မြေညီထပ်၌ စာကြည့်တိုက်နှင့် စာဖတ်ခန်း၊ ကော်မတီခန်းများ၊ ကိုယ်စားလှယ်များ နားနေခန်းနှင့် လုံခြုံရေးခန်းများ ပါဝင်သည်။

အခမ်းအနားအပြီးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် လွှတ်တော်ရုံးဖွဲ့စည်းထားမှုနှင့် လွှတ်တော်ကိုယ်စားလှယ်များ တည်းခိုရိပ်သာတို့ကို ကြည့်ရှုကြသည်။

စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် အဆောက်အအုံသစ်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရသစ်လက်ထက်၌ ပထမဆုံးဖွင့်လှစ်နိုင်သော တိုင်းဒေသကြီး လွှတ်တော်အဆောက်အအုံဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ခြင်းလုံးဝါသနာရှင်များ လာရောက်ပါဝင်ဆင်နွှဲမည်

**မန္တလေး ဇွန် ၂၈**

(၈၇)ကြိမ်မြောက် မန္တလေး မဟာမြတ်မုနိဘုရားကြီး ဝါဆိုခြင်း အလှခတ်ပွဲတော်တွင် ပြည်တွင်းမှ ခြင်းအသင်းပေါင်း ၁၈၀၀နှင့်အတူ အမေရိကန်၊ ဂျပန်၊ ကနေဒါ၊ ဂျာမနီနှင့် ထိုင်းနိုင်ငံတို့မှ ခြင်းလုံးဝါသနာရှင်များ လာရောက်ပါဝင်ဆင်နွှဲမည်ဖြစ်ကြောင်း ဝါဆိုခြင်းအလှခတ်ပွဲတော်ကျင်းပရေးကော်မတီအတွင်းရေးမှူး ဦးကျော်သိန်းထံက သိရသည်။

မဟာမြတ်မုနိဘုရားကြီး ဝါဆိုခြင်းအလှခတ်ပွဲတော်၌ ခြင်းအသင်းပေါင်း ၁၈၀၀ ကျော်အနက် တစ်နေ့လျှင် ခြင်းအသင်းပေါင်း ၃၀ မှ တစ်သင်းလျှင် နာရီဝက် ခြင်းလုံးအလှခတ်ပြကြမည်ဖြစ်ပြီး နံနက် ၉နာရီမှ ည ၁၂ နာရီအထိ ခြင်းအလှခတ်ပွဲကို နေ့စဉ်ကျင်းပလျက်ရှိသည်။ မဟာမုနိဘုရားကြီး ဝါဆိုခြင်းအလှခတ်ပွဲတော်ကို ဇွန် ၃ ရက်မှ ဩဂုတ် ၁ ရက် (ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက်) အထိ ရက်ပေါင်း ၆၀ ကျော် ကျင်းပမည်ဖြစ်သည်။

ပွဲတော်နောက်ဆုံးနေ့ နံနက်ပိုင်းတွင် ခြင်းအလှခတ်ပွဲတော်၌ပါဝင်ဆင်နွှဲကြသည့် ခြင်းလုံးအသင်းများနှင့် ကျင်းပရေးကော်မတီတို့ ပူးပေါင်း၍ သံဃာတော်များအား ဆွမ်းကပ်လှူဒါန်းခြင်း၊ မဟာမုနိဘုရားကြီးဂေါပကအဖွဲ့ထံ လှူဒါန်းငွေများ ပေးအပ်လှူဒါန်းခြင်းတို့ ပြုလုပ်သွားမည်ဖြစ်ပြီး အသက် ၇၅ နှစ်အထက် သက်ကြီးခြင်းလုံးပညာရှင်၊ ဝါသနာရှင်များ ပူဇော်ကန်တော့ပွဲကိုလည်း ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**






# မြန်မာ့ဂီတနေ့ ဂုဏ်ပြုအခမ်းအနားကျင်းပ

**ဘားအံ ဇွန် ၂၈**

ကရင်ပြည်နယ် ဘားအံမြို့ မြန်မာ့ဂီတနေ့ဂုဏ်ပြုအခမ်းအနားကို ဇွန်၂၇ ရက်က ဘားအံမြို့ဇွဲကပင်ခန်းမ၌ ကျင်းပရာ ပြည်နယ်လူမှုရေးဝန်ကြီး ဦးချစ်လှိုင်က ဂုဏ်ပြုအမှာ စကားပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို) ဥက္ကဋ္ဌ၏ သဝဏ်လွှာကို ဘားအံမြို့နယ် ဂီတအစည်းအရုံးအတွင်းရေးမှူးက ဖတ်ကြားပြီး ဘားအံမြို့နယ် ဂီတအစည်းအရုံး ဥက္ကဋ္ဌက မြန်မာဂီတနေ့နှင့် ပတ်သက်သောသမိုင်းအကျဉ်းကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဘားအံမြို့နယ် ဂီတပညာရှင်များကို ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းက ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်ပေးအပ်ပြီး ဘားအံမြို့နယ် ဂီတအစည်းအရုံးဝင်များက အဆို၊ အကများဖြင့် တင်ဆက်ဖျော်ဖြေခဲ့ကြောင်း သိရသည်။ **နေမျိုးလွင် (ပြန်/ဆက်)**

# ကျောင်းသွားလမ်းလေး ပြုပြင်ပေးစေလို

**မော်လမြိုင်ကျွန်း ဇွန် ၂၈**

မော်လမြိုင်ကျွန်းမြို့ ယုဇနလမ်းသည် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းသို့ အဆင်ပြေလွယ်ကူစွာသွားနိုင်သည့် လမ်းဖြစ်သည့်အတွက် ဒေသခံယုဇနလမ်းပြည်သူများက ပေ ၅၀၀ ကျော်ရှည်လျားသော အဆိုပါလမ်းကို ၂၀၁၄ ခုနှစ် ဇန်နဝါရီလအတွင်းက ကိုယ့်အားကိုယ်ကိုး စုပေါင်းကာ လမ်းဖို့ခဲ့ကြသည်။

ယခုနှစ် မိုးရာသီကျောင်းဖွင့်ရာသီချိန်တွင် တာလမ်းသစ်ဖို့ထားသော ကျောင်းသွားလမ်း ယုဇနလမ်းမှာ ပြုပြင်မည့်သူမရှိသဖြင့် တာလမ်းများစတင်ပျက်စီးစပြုနေပြီဖြစ်ရာ အဆိုပါ လမ်းကို ပြုပြင်တည်ဆောက်ပေးရန် ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူများက လိုလားနေကြကြောင်း သိရသည်။

**မော်ကျွန်း-မြင့်အောင်**

❖ ရှေ့ဖုံးမှ

ထို့အပြင် တံတားများပြုပြင်ထိန်းသိမ်းရေးကိုပါ သင်ကြားပေးမည်ဖြစ်သည်။

လာမည့်နှစ်တွင် သင်တန်းသား ၂၀၀ ခန့်ကို ပို့ချမည်ဖြစ်ပြီး JICA ၏ ပံ့ပိုးမှုဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

JR East ၏ ကုမ္ပဏီခွဲတစ်ခုကလည်း ရထားပစ္စည်းကိရိယာပိုင်းဆိုင်ရာ အင်ဂျင်နီယာလုပ်ငန်းများကို သင်ကြားပေးမည်ဖြစ်ပြီး Sumitomo ကုမ္ပဏီခွဲကမူ ဗိသုကာဆိုင်ရာ အတတ်ပညာများကို သင်ကြားပေးမည်ဖြစ်သည်။

ရန်ကုန်မြို့ ဆင်ခြေဖုံးရပ်ကွက်များရှိ ရထားလမ်းများကို အဓိကထားပြုပြင်ထိန်းသိမ်းမည်ဖြစ်ပြီး ရထားသံလမ်းများအစားထိုးခြင်း၊ တွန့်လိမ်ရွဲ့နေသော သံလမ်းများကိုစစ်ဆေးခြင်းနှင့် ရထားလမ်းပေါ်ကျောက်လောင်းချခြင်း အစရှိသည်တို့ပါ သင်ကြားပေးမည်ဖြစ်သည်။

စီးပွားရေးဖွံ့ဖြိုးလာသော မြန်မာနိုင်ငံ၌ ရထားလိုင်းများတိုးချဲ့လာဖွယ်ရှိသဖြင့် ယင်းကဲ့သို့ ရထားလမ်းပြုပြင်ထိန်းသိမ်းရေးသင်တန်းပေးခြင်းဖြင့် အဆိုပါကုမ္ပဏီများအတွက် ရထားတွဲနှင့်ရထားပစ္စည်းကိရိယာများအတွက် အော်ဒါများရရှိမည်ဖြစ်ကြောင်း သိရသည်။

**ကျော်သဲအိမ်**

**စာပေမြင့်မှ လူမျိုးတင့်မည်**

# နောင်လာမည့် နိုင်ငံတကာပြိုင်ပွဲများတွင် ယခုထက်အောင်မြင်မှုရရှိရန် ပံ့ပိုးကူညီမှုများလိုအပ်

ရန်နိုင်

(၂၈)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲမှာ စင်ကာပူနိုင်ငံတွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီဖြစ်သည်။ မြန်မာအားကစားအဖွဲ့များမှာ မျှော်မှန်းထားသည့် ရွှေဆုအရေအတွက် မရရှိခဲ့သော်လည်း အားကစားအဖွဲ့အများစုမှာ ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ်များ ဆွတ်ခူးကာ နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့သည်။

(၂၈)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့များမှာ ရွှေ ၁၂ ခု၊ ငွေ ၂၆ ခု၊ ကြေး ၃၁ ခု ဆွတ်ခူးရရှိကာ နိုင်ငံအလိုက် အဆင့် (၇)နေရာ ရရှိခဲ့သည်။ မြန်မာအားကစားအဖွဲ့အတွက် ရွှေဆုများကို ခြင်းလုံး၊ ဝူရှူး၊ ပိုက်ကျော်ခြင်း၊ လှေလှော်၊ ဂျူဒိုနှင့် ဘိလိယက်အားကစားနည်းတို့မှ ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့မှာ ရွှေဆု အရနည်းခဲ့သော်လည်း မြန်မာ့ရိုးရာအားကစားနည်းစစ်စစ်ဖြစ်သည့် ခြင်းလုံးအားကစားနည်းမှ ရွှေနှစ်ခုစလုံး ရယူနိုင်ခဲ့သည်မှာ ဂုဏ်ယူစရာကောင်းလှသည်။ ခြင်းလုံးပြိုင်ပွဲကို ပိုက်ကျော်ခြင်းအားကစားနည်းနှင့် အတူ ကျင်းပခဲ့ခြင်းဖြစ်ပြီး ခြင်းလုံးပြိုင်ပွဲ၌ ပြိုင်ပွဲအမျိုးအစား လေးမျိုး ကျင်းပသော်လည်း တစ်နိုင်ငံလျှင် နှစ်မျိုးသာ ယှဉ်ပြိုင်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။ မြန်မာခြင်းလုံးအသင်းမှာ ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိသည့် ပြိုင်ပွဲနှစ်မျိုးစလုံးတွင် ရွှေနှစ်ခု ရအောင် စွမ်းဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။ ရိုးရာအားကစားနည်း ဖြစ်သော်လည်း ပြိုင်ဘက်နိုင်ငံများ၏ တိုးတက်လာမှုကြောင့် မြန်မာခြင်းလုံးအသင်းမှာ အမှားအယွင်းမရှိ ခတ်ကစားနိုင်ခဲ့မှုကြောင့်သာ ယခုလို ရွှေတံဆိပ်များ ရရှိခဲ့ခြင်းလည်းဖြစ်သည်။ ၂၀၁၃ ခုနှစ် (၂၇) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲနှင့်အတူ



မြန်မာခြင်းလုံးအသင်းရွှေဆွတ်ခူးပြီး အောင်ပွဲခံ။ ဓာတ်ပုံ-စိုးညွန့်

စတင်ပေါက်ဖွားလာသည့် ခြင်းလုံးအားကစားနည်းမှာ ဆီးဂိမ်းပြိုင်ပွဲတွင် ပုံမှန်ပါဝင်လာမည့် အားကစားနည်းတစ်ခု ဖြစ်လာဖွယ်ရှိနေသည်။

ခြင်းလုံးပြိုင်ပွဲနှင့်အတူ ကျင်းပခဲ့သည့် ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် မြန်မာအသင်းမှာ ရွှေတစ်ခု၊ ငွေသုံးခု ရရှိခဲ့သည်။ ပိုက်ကျော်ခြင်းပြိုင်ပွဲမှ ရွှေဆုကို အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲတွင် ရယူနိုင်ခဲ့ခြင်းဖြစ်ပြီး ငွေဆုများကို အမျိုးသားနှစ်ယောက်တွဲအသင်းလိုက်ပြိုင်ပွဲ၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲနှင့် အမျိုးသမီးသုံးယောက်တွဲပြိုင်ပွဲများ၌ ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ခြင်းလုံး၊ ပိုက်ကျော်ခြင်းပြိုင်ပွဲများမှ ရွှေသုံးခု၊ ငွေသုံးခုအထိ ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

စင်ကာပူ ဆီးဂိမ်းပြိုင်ပွဲကြီးကပြီးဆုံးသွားခဲ့ပြီဖြစ်သည်။ အောင်မြင်မှုရရှိခဲ့သော အားကစားအဖွဲ့များရော အောင်မြင်မှုမရရှိခဲ့သည့် အားကစားအဖွဲ့များပါ ရှေ့ဆက်ယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများအတွက် ဆက်လက်ပြင်ဆင်ပြီး ယခုထက် အောင်မြင်မှုရရှိရန် သက်ဆိုင်ရာအဖွဲ့ချုပ်အလိုက် ကြိုးပမ်းကြရမည်ဖြစ်သလို နိုင်ငံတော်အနေဖြင့်လည်း အားကစားနည်းအလိုက် လိုအပ်သည့် ပံ့ပိုးကူညီမှုများကို ပိုမိုဆောင်ရွက်ပေးရမည် ဖြစ်ပါကြောင်း။ ။




# စစ်တွေမြို့တွင် အမျိုးသားပညာရေးဥပဒေနှင့် ဆက်စပ်ဥပဒေ(မူကြမ်း)များဆိုင်ရာ ညှိနှိုင်းဆွေးနွေး

**စစ်တွေ ဇွန် ၂၈**

အမျိုးသားပညာရေး ဥပဒေနှင့် ဆက်စပ်ဥပဒေ(မူကြမ်း)များဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကို စစ်တွေမြို့ အထက(၄)ရှိ မဟာပညာကျော်ခန်းမ၌ ဇွန် ၂၈ ရက် နံနက်က ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာအောင်ကျော်မင်းက အမှာစကားပြောကြားသည်။ ထို့နောက် အမျိုးသားပညာရေးဥပဒေတွင် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်း၊ အခြေခံပညာဥပဒေမူကြမ်း၊ နည်းပညာနှင့် သက်မွေးပညာဥပဒေမူကြမ်းနှင့် ပုဂ္ဂလိကပညာရေးဥပဒေမူကြမ်းများကို ခရိုင်ပညာရေးမှူးသုံးဦးက အပိုင်းလိုက် တင်ပြပေးကြသည်။ ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော အဖွဲ့အစည်း ကိုယ်စားလှယ်များနှင့် စိတ်ပါဝင်စားသူများက အကြံပြုညှိနှိုင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပညာရေးဌာနမှ တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းမှုများ ပြုလုပ်ပေးကြသည်။

ယင်းနောက် ပြည်နယ်ပညာရေးညွှန်ကြားရေးမှူး ဦးလှစိန်ထွန်းက နိဂုံးချုပ်စကား ပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ပြည်နယ်အစိုးရအဖွဲ့မှ ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ပညာရေးအရာထမ်း၊ အမှုထမ်းများ၊ စစ်တွေတက္ကသိုလ် ပါမောက္ခချုပ်နှင့် ဆရာဆရာမများ၊ စစ်တွေနည်းပညာတက္ကသိုလ်ကျောင်းအုပ်ကြီးနှင့် ဆရာဆရာမများ၊ စစ်တွေကွန်ပျူတာတက္ကသိုလ်ကျောင်းအုပ်ကြီးနှင့် ဆရာဆရာမများ၊ မြို့မိမြို့ဖများ၊ ကျောင်းသား မိဘများနှင့် ကျောင်းသားကျောင်းသူများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပြည်သူစုစုပေါင်း ၄၂၃ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကိုကြီးစော**

# ကိုင်းကူးနည်းဖြင့် မျိုးပွားထားသော စိန်တလုံးသရက်များစိုက်ပျိုး

**နေပြည်တော် ဇွန် ၂၈**

ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်တွင် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်အဖြစ် ဇွန်လတတိယပတ်က တက္ကသိုလ်နယ်မြေအတွင်း ကိုင်းကူးနည်းစနစ်ဖြင့် မျိုးပွားထားသော စိန်တလုံးသရက်ပင် ၃၀၀ ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

ကိုင်းကူးထားသော သရက်ကို စိုက်ပျိုးခြင်းဖြင့် မိဘအပင်နှင့် ထပ်တူကျခြင်း၊ အချိန်တိုအတွင်း သီးပွင့်နိုင်ခြင်းနှင့် အပင်ပြုစုစောင့်ရှောက်ရလွယ်ကူခြင်းစသည့် အကျိုးကျေးဇူးများရရှိနိုင်ကြောင်း သိရသည်။

"မြန်မာနိုင်ငံမှာ အရောင်၊ အနံ့နဲ့ အသီးပုံစံအနေနဲ့ သိသိသာသာကွဲပြားတဲ့သရက်မျိုးတွေ အများကြီးရှိပါတယ်။ အဲဒီထဲကမှ စိန်တလုံးသရက်က လက်ရှိအနေအထားအရ အနံ့အရသာနဲ့ လူကြိုက်အများဆုံး သရက်မျိုးဖြစ်ပါတယ်။ သရက်စိုက်ပျိုးတဲ့ ခြံစိုက်တောင်သူတွေအနေနဲ့လည်း စိန်တလုံးသရက်မျိုးကို အဓိကထား စိုက်ပျိုးလာတာကို တွေ့ရတယ်။ စိန်တလုံးက နိုင်ငံခြားဈေးကွက်အနေနဲ့ အလားအလာကောင်းတဲ့အတွက် ခြံစိုက်တောင်သူတွေအတွက် စိုက်ပျိုးဖို့ သင့်ပါတယ်"ဟု ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမျိုးကြွယ်က ပြောသည်။

**သတင်း-ဇူလိုင်မိုး**
**ဓာတ်ပုံ-အိမ့်ထက်မှူး**

စိန်တလုံးသရက်ကို လာမည့် သုံးနှစ်အတွင်း ဂျပန်နိုင်ငံက ဝယ်ယူရန် ကမ်းလှမ်းထားကြောင်း သိရသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတော်တွင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများက စိန်တလုံးသရက်များကို စနစ်တကျစိုက်ပျိုးခဲ့ကြောင်း သိရသည်။



■ *ကျောဖုံးမှ*

ခဲ့ပြီး ၈ မိနစ်တွင် မာတူနာက ရတနာပုံအတွက် ဂိုးစတင်သွင်းယူပေးခဲ့သည်။ အိမ်ရှင် ကမ္ဘောဇအသင်းမှာ ချေပဂိုးရရှိရေးအတွက် တိုက်စစ်အားမြှင့်လာခဲ့ပြီး ၂၈ မိနစ်တွင် ကျော်ဇေယျာဝင်းက ချေပဂိုးပြန်လည်သွင်းယူခဲ့သည်။ ချေပဂိုးပြန်ရသွား၍ ကမ္ဘောဇကစားပုံ ပိုကောင်းလာပြီး မိနစ် ၄၀ တွင် ကျော်ကျော်ဂျီက ကမ္ဘောဇအတွက် ဦးဆောင်ဂိုးသွင်းခဲ့သည်။

ရတနာပုံအသင်းမှာ ချေပဂိုးရရှိရန်အတွက် ဒုတိယပိုင်းတွင် တိုက်စစ်အားမြှင့်ခဲ့ပြီး အောင်သူနှင့် လှိုင်းဘိုဘိုတို့ ဝင်လာပြီး နောက်ပိုင်းတွင် ကစားပုံပိုကောင်းလာခဲ့သည်။ ရတနာပုံအသင်းအတွက် ချေပဂိုးကို ၉၄ မိနစ်တွင် ရဲကိုဦးက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

အောင်ဆန်းကွင်း၌ ယှဉ်ပြိုင်ကစားသည့် မကွေးနှင့်ချင်းယူနိုက်တက်ပွဲမှာ တစ်ဖက်နှင့် တစ်ဖက်ဂိုးမသွင်းနိုင်ဘဲ တစ်မှတ်စီ ခွဲယူခဲ့သည်။ သုဝဏ္ဏကွင်း၌ ကစားသည့် ဟံသာဝတီနှင့် ဇွဲကပင်တို့ပွဲမှာလည်း ဂိုးမရှိ သရေဖြစ်ခဲ့သည်။

ပွဲစဉ် (၁၀)အပြီး ရန်ကုန်အသင်းက ရမှတ် ၃၀ ဖြင့် ထိပ်ဆုံး၌ ဆက်လက်ဦးဆောင်နိုင်ခဲ့ပြီး ဧရာဝတီအသင်းက ၂၂ မှတ်၊ ရတနာပုံအသင်းက ၂၀ မှတ်၊ မကွေးအသင်းက ၁၉ မှတ်နှင့် ကမ္ဘောဇအသင်းက ၁၆ မှတ်တို့ ရရှိထားသည်။

# ငွေစာရင်းရေးသွင်းနည်း လုပ်ငန်းများရှင်းလင်း

**ပေါင် ဇွန် ၂၈**

မွန်ပြည်နယ် ပေါင်မြို့နယ် ဘိုင်းလောင်းကျေးရွာနှင့် ဥက္ကံကျေးရွာတို့မှ ကော်မတီဝင်များနှင့် စာရင်းကိုင်များအား မြစိမ်းရောင်လည်ပတ်ရန်ပုံငွေ စနစ်တကျရေးသွင်းရန်နှင့် မှန်ကန်မှုရှိစေရေးအတွက် ဇွန် ၂၃ ရက်က ပေါင်မြို့နယ် ဒုတိယဦးစီးမှူး ဒေါ်ခိုင်မေဇင်နှင့် ဝန်ထမ်းများက ရှင်းလင်းပို့ချခဲ့သည်။ **(မြန်မာ့အလင်း)**

# ရွေးကောက်ပွဲဆိုင်ရာ ပညာပေးသင်တန်းဖွင့်

**ကျောက်မဲ ဇွန် ၂၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ်၌ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ကြီးမှူး၍ ရွေးကောက်ပွဲဆိုင်ရာပညာပေးသင်တန်းကို ဒေသဦးစီးရုံးအစည်းအဝေးခန်းမ၌ ဇွန် ၂၇ ရက်နှင့် ၂၈ ရက်တွင် ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ဒေသကော်မရှင်ဥက္ကဋ္ဌ ဦးစံအောင်က အမှာစကားပြောကြားပြီး မြို့နယ်ဥပဒေအရာရှိ ဦးထင်လင်းအောင်က ၂၀၁၅ ခုနှစ်တွင် ကျင်းပမည့် ရွေးကောက်ပွဲနှင့်သက်ဆိုင်သည့် ဥပဒေများ၊ နည်းဥပဒေများကို ပညာပေးပို့ချခဲ့သည်။ သင်တန်းသို့ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ရပ်ကွက်ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ တက်ရောက်ခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

# မျက်မမြင်များ ကွန်ပျူတာသုံးနိုင်ရန် အထောက်အကူပြုမည့် မြန်မာစာအသံထွက်ဆော့ဖ်ဝဲ စတင်မိတ်ဆက်

**ရန်ကုန် ဇွန် ၂၈**

အမြင်အာရုံမသန်စွမ်းသူများ ကွန်ပျူတာအသုံးပြုရာတွင် အထောက်အကူပြုနိုင်မည့် မြန်မာစာအသံထွက်စနစ်ဆော့ဖ်ဝဲကို မြန်မာနိုင်ငံ မျက်မမြင်များအသင်းက ဦးစီး၍ Solve Circle Software Development Team က ဖန်တီးပြုလုပ်လိုက်ပြီဖြစ်ပြီး ခြောက်လအတွင်း အခမဲ့ရယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါမြန်မာစာအသံထွက်စနစ် ဆော့ဖ်ဝဲကို NVDA Software နှင့် ချိတ်ဆက်အသုံးပြုထားသည့်အတွက် NVDA Software မှ အသံထွက်ဖတ်မပြနိုင်သည့် မြန်မာစာနေရာများတွင် မြန်မာစာအသံထွက်စနစ်ဆော့ဖ်ဝဲက အသံထွက်ကောင်းမွန်စွာဖတ်ပြပေးမည်ဖြစ်သည်။ ထိုသို့ ဖတ်ပြပေးမှုကြောင့် အမြင်အာရုံမသန်စွမ်းသူများအနေဖြင့် ကွန်ပျူတာအသုံးပြုနည်းများကို အလွယ်တကူသင်ယူနိုင်ကြမည်ဖြစ်ပြီး ဘဝရပ်တည်မှုအတွက် အထောက်အကူပြုပစ္စည်းတစ်ခုအဖြစ် အသုံးပြုလာနိုင်ကြမည်ဖြစ်သည်။

မြန်မာနိုင်ငံ မျက်မမြင်များအသင်းမှ ဥက္ကဋ္ဌ ဦးအောင်ကိုမြင့်က”မျက်မမြင်များအားလုံးအတွက် မြန်မာစာအသံထွက်စနစ် ဆော့ဖ်ဝဲကို မိတ်ဆက်လိုက်တာပါ။ ဒီစနစ်က ကွန်ပျူတာဖန်သားပြင်ပေါ်မှာ မြန်မာလို ဖတ်ပြပေးတဲ့စနစ်ပါ၊ ကျွန်တော်တို့မှာ ဆော့ဖ်ဝဲတစ်မျိုးရှိပါတယ်။ အဲဒီဆော့ဖ်ဝဲက ကိုရီးယားနဲ့ ဂျပန်နိုင်ငံအပါအဝင် အခြားတိုးတက်တဲ့နိုင်ငံတွေက စာတွေကိုဖတ်နိုင်ပေးပါတယ်။ မြန်မာနိုင်ငံမှာတော့ မရသေးပါဘူး။ ကျွန်တော်တို့အနေနဲ့ မြန်မာစာအသံထွက်စနစ် ဆော့ဖ်ဝဲရရှိဖို့ လွန်ခဲ့တဲ့ ၁၇ နှစ်လောက်ကစပြီး ကြိုးစားခဲ့တာပါ၊ ဒီနေ့ ကျွန်တော်တို့ နမူနာမိတ်ဆက်လို့ရပါပြီ။ နောက်ခြောက်လဆိုရင်တော့ ပိုမိုပြည့်စုံသွားမှာဖြစ်တဲ့ ဒီဆော့ဖ်ဝဲကို မြန်မာနိုင်ငံအတွင်းမှာရှိနေကြတဲ့ မျက်မမြင်များအားလုံးကို အခမဲ့ဖြန့်ဝေပေးတော့မှာဖြစ်ပါတယ်။ မြန်မာလူမျိုးမျက်မမြင်တဲ့မည်သူမဆို ကွန်ပျူတာကနေ မြန်မာစာကို အသံနဲ့ နားထောင်လို့ရနိုင်မယ့် ဆော့ဝဲဖြစ်တာကြောင့် တန်ဖိုးမဖြတ်နိုင်ပါဘူး”ဟု ပြောကြားသည်။

အဆိုပါဆော့ဖ်ဝဲကို Solve Circle Software Development Team မှ ကွန်ပျူတာပညာရှင်များနှင့် အခြားကွန်ပျူတာဆိုင်ရာ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ မျက်စိမမြင်သူများ၊ အကြံပေးပုဂ္ဂိုလ်များ ပူးပေါင်းပါဝင်၍ ရေးသားဖန်တီးခဲ့ကြကြောင်း သိရသည်။ “အချို့မြန်မာစာ အရေးအသား၊ အဖတ်အပြောမှာ ရေးတော့အမှန် ဖတ်တော့အသံဆိုသလို စာလုံးပေါင်းတူ၊ အသံမတူလို့ ဒီဆော့ဖ်ဝဲဖန်တီးတဲ့အခါမှာ အခက်အခဲဖြစ်ခဲ့ရပါတယ်။ ၁၉၉၈ ခုနှစ်က ကွန်ပျူတာပညာရှင်တစ်ဦးနဲ့ တွေ့ဆုံခဲ့ပါတယ်။ သူက ဒီဆော့ဖ်ဝဲကို လုပ်ပေးနိုင်ပါတယ်။ ဒါပေမယ့် သူ့ဘက်က လိုအပ်တဲ့အတိုင်းအတာနဲ့ ကျွန်တော်တို့ပံ့ပိုးနိုင်တာက မမျှလို့ အဆင်မပြေခဲ့ပါဘူး။ ဒါကြောင့် အခက်အခဲဖြစ်ပြီး ကြာခဲ့ရတာ။ ခုတော့ ဒီ Team နဲ့ သဘောတူညီချက်ရပြီး လုပ်ခဲ့တာပါ”ဟု မျက်မမြင်များအသင်းဥက္ကဋ္ဌက ဆက်လက်ပြောကြားသည်။

အဆိုပါမြန်မာစာအသံထွက်စနစ်ဆော့ဖ်ဝဲလ်ကို ၂၀၁၃ ခုနှစ် နိုဝင်ဘာလတွင် စတင်စမ်းသပ်ခဲ့ကြပြီး ယခုအခါ ထပ်မံစမ်းသပ်ပြသခြင်းဖြစ်ကာ နိုင်ငံအတွင်းရှိ အမြင်အာရုံမသန်စွမ်းသူများနှင့် မျက်စိမမြင်သူများ ကွန်ပျူတာနည်းပညာများ သင်ကြားရန်အတွက် မျှော်လင့်ချက်သစ်တစ်ခု ဖြစ်လာနိုင်ဖွယ်ရှိကြောင်း သိရသည်။

**စိုးဝင်း**(SP)

# ကျပ် ၂၀၀ တန်ထီ ဇူလိုင် ၁ ရက်ဖွင့်မည်

**ရန်ကုန် ဇွန် ၂၈**

(၁၁၈)ကြိမ်မြောက်ငွေကျပ် ၂၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို အောင်ဘာလေသိန်းဆုဌာနခွဲတည်ရှိရာ ရန်ကုန်မြို့ကျောက်တံတားမြို့နယ် မဟာဗန္ဓုလလမ်းနှင့် ၃၇ လမ်းထောင့်ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ ဇူလိုင် ၁ ရက်နံနက် ၈ နာရီမှ စတင်၍ တစ်ရက်တည်းဖြင့်အပြီးဖွင့် လှစ်မည်ဖြစ်သည်။

အဆိုပါ ထီဖွင့်ပွဲတွင် ဆုကြီးတစ်ဆုချင်းစနစ်အရ ကျပ်သိန်း ၁၅၀၀ တစ်ဆု၊ ကျပ်သိန်း ၁၀၀၀ နှစ်ဆု၊ ကျပ်သိန်း ၅၀၀ ငါးဆု၊ ကျပ်သိန်း ၃၀၀ ခြောက်ဆု၊ ကျပ်သိန်း ၂၀၀ ခုနစ်ဆု၊ ကျပ်သိန်း ၁၀၀ (၁၆)ဆု၊ ကျပ်သိန်း ၅၀ ဆု (၂၀)၊ ကျပ် ၂၅ သိန်း ဆု(၂၀)၊ ကျပ် ၁၀ သိန်း (၄၈) ဆု၊ ကျပ် ၅ သိန်း (၅၆)ဆု ဝေဝေဆာဆာပဒေသာ ဆုမဲစနစ်များမှ အက္ခရာနှင့် ရှေ့ဂဏန်းငါးလုံးတူ ၁၀ ယူနစ်အတွက် ကျပ်သုံးသိန်း ဆု ၁၀၀၊ အက္ခရာနှင့် ရှေ့ဂဏန်းလေးလုံးတူ ၁၀ ယူနစ်အတွက် ကျပ်နှစ်သိန်း ဆု ၁၀၀၀၊ အက္ခရာနှင့် ရှေ့ဂဏန်းသုံးလုံးတူ လေးယူနစ်အတွက် ကျပ်တစ်သိန်း ဆု ၄၀၀၀၊ အက္ခရာနှင့် ရှေ့ဂဏန်းနှစ်လုံးတူ သုံးယူနစ်အတွက် ကျပ်ငါးသောင်း ဆု ၃၀၀၀၀ အပါအဝင် ဆုမဲပေါင်း ၃၅၂၈၁ ဆု ခွဲဝေပေးမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

**ကိုပါအမေရိကဖလား ကွာတားဖိုင်နယ် အနိုင်အရှုံး**

ဘရာဇီး ၄-၅ ပါရာဂွေး (ပယ်နယ်တီအဆုံးအဖြတ်)

**အမျိုးသမီးကမ္ဘာ့ဖလား ကွာတားဖိုင်နယ် အနိုင်အရှုံး**

အင်္ဂလန် ၂-၁ ကနေဒါ

# ရန်ကုန်မြို့တွင်း လူသွားလမ်းဖြတ်ရေမြောင်းဖုံးများကြောင့် လမ်းသွားလမ်းလာအချို့ ခြေချော်ဒဏ်ရာရမှုများပြားလာ

**ရန်ကုန် ဇွန် ၂၈**

ရန်ကုန်မြို့တွင်း ကားလမ်းမကြီးများဘေးတစ်ဖက်တစ်ချက် လူသွားလမ်းများကို ၂၀၁၁ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်း နှစ်ကြိမ် အသစ်ခင်းကျင်းပေးခဲ့သည်။ ယင်းကားလမ်းမပေါ်မှ လမ်းဘေးရေမြောင်းကြီးများသို့ ရေစီးဆင်းရန်လူသွားလမ်းဖြတ် ရေမြောင်းများပြုလုပ်ပေးထားသည်။ အချို့သောရေမြောင်းဖုံးများအင်္ဂတေဖြင့် အသေပြုလုပ်ထားရာ ရေမြောင်းဆယ်ရန် အဖုံးဖွင့်သည့်အခါ သံချွန်ဖြင့် တူးဆွရသဖြင့် မြောင်းဖုံးများပွဲလာသည်။

ပလက်ဖောင်းဖြတ် ရေမြောင်းဖုံးများပြုလုပ်ရာတွင် အချို့နေရာများတွင် အပြည့်မြောင်းဖုံးပြုလုပ်ထားသည့် နေရာများအပြားတွင် လမ်းမဘက်ခြမ်းနေရာ ချန်လှပ်ထားမှုများရှိနေသည်။ ရေမြောင်းငယ်၏ အနက်မှာ တစ်ပေခန့်ရှိသည်။ ညပိုင်း ယင်းသို့ နေရာချန်မြောင်းဖုံး လုပ်ထားသောနေရာအချို့တွင် လမ်းသွားလမ်းလာအချို့ မြောင်းဖုံးအပြည့် ရှိသည်အထင်ဖြင့် သွားလာမိ၍ခြေထောက်ကျွံ၊ ခြေချော်ကျမှုများ ဖြစ်ပေါ်နေကြသည်။

ဇွန်လဆန်းတွင် လသာမြို့နယ်အတွင်း အနော်ရထာလမ်းပေါ်ရှိ လူသွားလမ်းဖြတ် မြောင်းဖုံးကားလမ်းမဘက်အစွန်အပြည့်မဖုံးထားသောနေရာတွင် ပုဂ္ဂလိကဆေးခန်း၌ အလုပ်ဆင်းနေသည့် သူနာပြုဆရာမတစ်ဦးခြေချော်ကျ၍ ရက်သတ္တနှစ်ပတ်ခန့် အလုပ်မဆင်းနိုင်ဘဲရှိခဲ့သည်ဟု ယင်းဆေးခန်းတွင် အလုပ်လုပ်နေသော ဒေါက်တာဒေါ်ခိုင်က ပြောသည်။

ဇွန်လ နောက်ဆုံးပတ်အတွင်း ည ၇ နာရီခွဲကျော် လမ်းမတော်မြို့နယ်အတွင်းရှိ အနော်ရထာလမ်းမဘေး လူသွားပလတ်ဖောင်း လမ်းပေါ်ရှိ ကားလမ်းမဘက်အစွန် မြောင်းဖုံးချန်ထားသော နေရာတွင် ရှေ့မှသွားလာနေသော လမ်းသွားလမ်းလာကို ကျော်တက်ရာမှ အဆိုပါမြောင်းအဝင်ပေါက်ထဲသို့ ခြေချော်ကျ၍ ဒဏ်ရာရမှုဖြစ်ပွားခဲ့သည်ကို ကြုံတွေ့ရသည်ဟု အဆိုပါနေရာအနီး ရွှေတောင်တန်းလမ်းနေ ဦးမောင်ကျော်က ပြောသည်။

ဇွန် ၂၇ ရက် ညနေ ၄ နာရီခွဲခန့်ကလည်း ဘုန်းကြီးလမ်းနှင့် ၁၃ လမ်းကြား မဟာဗန္ဓုလလမ်း လူသွားလမ်းပေါ်ရှိ ပလက်ဖောင်းဖြတ်ရေမြောင်းအပေါက်တွင် လမ်းသွားလမ်းလာ အမျိုးသမီးငယ်တစ်ဦးခြေချော်ကျခဲ့ရာ ထိခိုက်မှုများသည်ဟု ယင်းနေရာအနီး အလုပ်လုပ်ကိုင်နေသူ မပုလဲက ပြောသည်။ ယင်းနေရာတွင် လမ်းသွားလမ်းလာများသတိထားနိုင်ရန် အမှတ်အသား ပြသထားသည်ကို ဇွန် ၂၈ ရက် မွန်းလွဲအထိမြင်တွေ့ရသေးသည်ဟု လမ်းသွားလမ်းလာများက ပြောသည်။

သက်ဆိုင်ရာမှ ငွေကြေးများစွာ အကုန်အကျခံ၍ မသန်စွမ်းသူများသွားလာနိုင်ရန် နှစ်ကြိမ်တိုင်ဆင်ခြေလျှော အတက်အဆင်းပါသည့် လူသွားပလက်ဖောင်းများ ရန်ကုန်မြို့တွင်း၌ ပြုလုပ်ပေးခဲ့သည်။ ယင်းသို့ ပြုလုပ်ပေးခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ပလက်ဖောင်းကြမ်းပြင်များဖျက်၍ လုပ်ငန်းလုပ်ဆောင်မှုများ ရှိခဲ့သည့်နေရာအချို့တွင် မူလနေရာအတိုင်း ပြန်လည်အချောကိုင်ခင်းပေးမှု မရှိသေးသည်ကို တွေ့ရသည်။ သို့ဖြစ်ရာ ရန်ကုန်မြို့တွင်း နေရာအချို့တွင် ပလက်ဖောင်းကြမ်းခင်းများ မညီညာသော ချိုင့်များဖြစ်နေသည်ကို တွေ့ရှိရပြီး မြောင်းဖုံးနှုတ်ခမ်းများတွင်လည်း ညီညာမှုမရှိဘဲ ပွဲထွက်နေကြသည်ကို မြင်တွေ့ရရာ သက်ဆိုင်ရာမှ ပြန်လည်ပြုပြင်ပေးစေလိုသည်ဟု မဟာဗန္ဓုလလမ်းရှိတိုက်ခန်း၌ နေထိုင်သူတစ်ဦးကပြောသည်။

**ခင်ဆိုင်**



ဇွန် ၂၇ ရက်က လမ်းသွားလမ်းလာ အမျိုးသမီး တစ်ဦး မဟာဗန္ဓုလလမ်းပေါ်ရှိ (ဘုန်းကြီးလမ်းနှင့် ၁၃ လမ်းကြား) ပလက်ဖောင်းအပေါက်မှ ခြေချော်ကျခဲ့သည့်နေရာ။

# ရန်ကုန်-မန္တလေး အမြန်လမ်းမ၌ ခရီးသည်တင်ယာဉ် မတော်တဆမှုဖြစ်ပွား



**နေပြည်တော် ဇွန် ၂၈**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ပလွေးအမြန်လမ်း ရဲစခန်းပိုင် ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ်(၁၉၉/ ၄) နှင့် (၁၉၉/ ၅) ကြားတွင် ယနေ့နံနက် ၄ နာရီခွဲခန့်က ခရီးသည်တင် Express ယာဉ်တစ်စီး ယာဉ်မတော်တဆမှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ရန်ကုန်မှ မန္တလေးသို့ (အသွားလမ်း)၌ ယာဉ်မောင်း ဦးကျော်ကျော်ဝင်းထွန်း မောင်းနှင်လာသော ယာဉ်အမှတ် 9F/--- ကြယ်စင်ဟိန်း Express အပြာရောင်ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းရှိ ကွန်ကရစ်ဘာရီယာတုံးများကို ဝင်တိုက်မိပြီး လမ်းလယ်ကျွန်း ရေမြောင်းပေါ်ရောက်ရှိပြီး ရပ်တန့်ခဲ့သည်။

အဆိုပါ ယာဉ်ပေါ်၌ အမျိုးသား ၁၆ ဦး၊ အမျိုးသမီး သုံးဦး စုစုပေါင်း ၁၉ ဦး လိုက်ပါစီးနင်းခဲ့ပြီး အမျိုးသားတစ်ဦး အနည်းငယ်ဒဏ်ရာရရှိခဲ့သည်။ ယာဉ်မတော်တဆမှုကြောင့် အဆိုပါ ကားရှေ့ဆန်ခါ ပြုတ်ထွက်၊ နောက်ဘယ်ဘက်ခြမ်း ပိန်ချိုင့်ပျက်စီးသွားပြီး ကွန်ကရစ်ဘာရီယာတုံး ၁၀ တုံးခန့် ပျက်စီးခဲ့သည်။

အခင်းဖြစ်နေရာသို့ အမြန်လမ်းရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ အမြန်လမ်းမကြီး ထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ အမြန်လမ်းမီးသတ်တပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ အချိန်နှင့်တစ်ပြေးညီ ရောက်ရှိလာကာ ခရီးသည်များအား ကူညီနိုင်ခဲ့ပြီး ယာဉ်မောင်းအား အမြန်လမ်းမကြီး ပလွေးရဲတပ်ဖွဲ့စခန်းမှ ဥပဒေအရ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။ **မျိုးဇေယျာ(ပျဉ်းမနား)**

# နိုင်ငံတစ်ဝန်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဒေသအချို့၌ ရေကြီးမှုများဖြစ်ပွား

နေပြည်တော် ဇွန် ၂၈

**နိုင်ငံတစ်ဝန်းရှိဒေသအနှံ့အပြား၌ ဇွန် ၂၄ ရက်ကစ၍ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် လူနေအိမ်များ၊ စာသင်ကျောင်းများနှင့်အဝေးပြေးကားလမ်းများ ရေကြီးရေလျှံခြင်းနှင့် ရေကျော်ခြင်းတို့ ဖြစ်ပေါ်ခဲ့ပြီး တချို့နေရာများ၌ ကယ်ဆယ်ရေးများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။**



မိုးအဆက်မပြတ်ရွာသွန်းပြီး မအူချောင်းတောင်ကျရေများကျဆင်းမှုကြောင့် မအူတစ်မြို့လုံး ရေလွှမ်းနေမှုကို ဇွန် ၂၆ ရက်က တွေ့ရစဉ်။ ဓာတ်ပုံ-မောင်မောင်ဌေး(မအူ)

ယနေ့ **(ဇွန် ၂၈ ရက်)** မိုးလေဝသ ခန့်မှန်းချက်တွင် လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့၌ နေရာကွက်ကျား၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့၌ နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးရွာခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့၌ ဒေသအလိုက်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ လပွတ္တာမြို့၌ ၁၀ ဒသမ ၅၉ လက်မ၊ စစ်တွေမြို့၌ ၇ ဒသမ ၄၈ လက်မ၊ ဘီးလင်းမြို့၌ ၄ ဒသမ ၆၉ လက်မ၊ မြောင်းမြမြို့၌ ၄ ဒသမ ၃၇ လက်မ၊ ဝမြို့၌ ၄ ဒသမ ၀၆ လက်မ၊ တမူးမြို့နှင့် တောင်ကုတ်မြို့တို့၌ ၃ ဒသမ ၇၄ လက်မစီ၊ ကျောက်ဖြူမြို့၌ ၃ ဒသမ ၅၀ လက်မ၊ ပုသိမ်မြို့၌ ၃ ဒသမ ၄၃ လက်မနှင့် မောင်တောမြို့၌ ၃ ဒသမ ၃၁ လက်မတို့ဖြစ်ကြသည်။

## မအူ

ရက်သတ္တပတ်ခန့်ကြာ မိုးသည်းထန်စွာရွာသွန်းမှုဖြစ်ပြီး မအူချောင်းတောင်ကျရေများ ကျဆင်းမှုကြောင့် ဇွန် ၂၆ ရက် ညနေ ၆ နာရီက မအူတစ်မြို့လုံး ရေလွှမ်းမိုးမှုဖြစ်ပွားခဲ့သည်။

အဆိုပါ ရေလွှမ်းမိုးမှုမှ ဘေးလွတ်ရာ ဘုန်းတော်ကြီးကျောင်းများသို့ ရှောင်တိမ်းခဲ့ကြသော အိမ်ထောင်စု ၁၀၀ ခန့်ရှိခဲ့ပြီး ယင်းအိမ်ထောင်စုများ မိမိနေအိမ်သို့ ရောက်ရှိနိုင်ရေး၊ ဒေသခံများ သောက်သုံးရေပြန်လည်ရရှိရေး၊ မြို့တွင်းလမ်းများ သန့်ရှင်းရေးအတွက် မြို့နယ်တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

## လှိုင်းဘွဲ့

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ်၌ မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် တောင်ကျရေများ စီးဆင်းလာမှုနှင့်အတူ လှိုင်းဘွဲ့မြို့ပေါ် မြေနိမ့်ပိုင်းများရှိ ရပ်ကွက်များတွင် ရေကြီးနစ်မြုပ်မှုများ ဇွန် ၂၅ ရက် ညနေ ၃ နာရီခန့်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။

လှိုင်းဘွဲ့မြို့နယ် သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များမှ အရေးပေါ်ကြေညာချက်ထုတ်ပြန်ခဲ့ရပြီး အမှတ်(၄) ရပ်ကွက်တွင် ရေဘေးကယ်ဆယ်ရေးစခန်း ၁၂ ခု အသင့်ပြုလုပ်စီစဉ်ထားရှိခဲ့သည်ဟု သိရသည်။ ယင်းသို့ ရေနစ်မြုပ်မှုကြောင့် ကယ်ဆယ်ရေးစခန်းလေးခုသို့ ရောက်ရှိလာသော အိမ်ထောင်စုပေါင်း ၇၂ စု အမျိုးသား ၁၈၄ ဦး၊ အမျိုးသမီး ၂၀၅ ဦး စုစုပေါင်း ၃၈၉ ဦးတို့ကို လှိုင်းဘွဲ့မြို့နယ် မီးသတ်စခန်းမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးဌေးဝင်း ဦးဆောင်၍ သန္နေတပ်ဖွဲ့ဝင် ၁၉ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၀ တို့က ဖိုက်ဘာစက်လှေ လေးစင်းတို့ဖြင့် ဘေးလွတ်ရာ ကယ်ဆယ်ရေးစခန်းသို့ ရွှေ့ပြောင်းပေးခဲ့ကြောင်း ဇွန် ၂၆ ရက်က ကရင်ပြည်နယ် မီးသတ်ဦးစီးဌာနမှူး ဦးဝင်းနိုင်နှင့် အဖွဲ့ဝင်များက လှိုင်းဘွဲ့မြို့၏ ရေကြီးနစ်မြုပ်သော ရပ်ကွက်များနှင့် ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း ကရင်ပြည်နယ် မီးသတ်ဦးစီးဌာနမှ သတင်းထုတ်ပြန်ချက်အရသိရသည်။

လှိုင်းဘွဲ့ချောင်းရေသည် ဇွန် ၂၅ ရက်တွင် စိုးရိမ်ရေမှတ် စင်တီမီတာ ၉၃၀၊ ၂၆ ရက်တွင် စင်တီမီတာ၉၂၀ သို့ ကျဆင်းသွားရာမှ ဇွန် ၂၇ ရက် နံနက် ၇ နာရီတွင် စင်တီမီတာ ၉၃၀ သို့ ပြန်လည်ရောက်ရှိလာကာ မြို့ပေါ်ရပ်ကွက်၌ ခြောက်လက်မခန့် ထပ်တိုးလာခဲ့သည်ဟု သိရသည်။

ဇွန် ၂၈ ရက်တွင် လှိုင်းဘွဲ့မြို့၌ စိုးရိမ်ရေမှတ် စင်တီမီတာ ၉၀၀ အောက်သို့ ကျဆင်းသွားသဖြင့် ဖွင့်လှစ်ထားသော ကယ်ဆယ်ရေးစခန်းလေးခုမှ ရေဘေးသင့်ပြည်သူတချို့က ၎င်းတို့နေအိမ်များသို့ ပြန်လည်ပြောင်းရွှေ့ခဲ့ကြပြီး ကယ်ဆယ်ရေးစခန်းနှစ်ခုသာ ဆက်လက်ကျန်ရှိနေကာ တောင်ကျရေ သိသိသာသာကျဆင်းသွားသဖြင့် ကျန်ရှိနေသော ကယ်ဆယ်ရေးစခန်းနှစ်ခုကိုလည်း မွန်းတည့် ၁၂ နာရီတွင် ပြန်လည်ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

## ငရုတ်ကောင်း

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ငရုတ်ကောင်းမြို့ တင်းချောင်းကျေးရွာအုပ်စု ဝက်ကလောကျေးရွာတွင် မိုးရွာသွန်းမှုများ၍ တောင်ကျရေကြောင့် လူနေအိမ် ၈၉ လုံး ရေနစ်မြုပ်ခဲ့ပြီး ဇွန် ၂၈ ရက် နံနက် ၁၁ နာရီခန့်တွင် ရေလျော့နည်းသဖြင့် အိမ်ခြေအချို့ ပြန်လည်နေထိုင်ပြီးဖြစ်ကြောင်း တင်းချောင်းအုပ်စု အုပ်ချုပ်ရေးမှူး၏ သတင်းပေးပို့မှုအရ သိရှိရပြီး ငရုတ်ကောင်းမြို့မှ ဌာနဆိုင်ရာများ သတင်းရလျှင်ရချင်း ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် သွားရောက်လျက်ရှိကြောင်း သိရသည်။

ငရုတ်ကောင်းမြို့မှ ပုသိမ်မြို့သို့ သွားသောကားလမ်း ၁၇မိုင်နှင့် လေးဖာလုံအကြား မြေသားလမ်း၌ မိုးရွာသွန်းမှုများသောကြောင့် တောင်မြေများပြိုကျပြီး ကားလမ်းပိတ်ဆို့လျက်ရှိရာ ငရုတ်ကောင်းမြို့မှ ပုသိမ်မြို့သို့သွားသော ခရီးသည်ကားများ ခေတ္တရပ်ထားရကြောင်းနှင့် ဆောက်လုပ်ရေးဌာနမှ ဒိုဇာကားကြီးများဖြင့် မြေများကို ဖယ်ပေးလျက်ရှိရာ ဇွန် ၂၉ ရက် နံနက်တွင် ကားများ ပြန်လည်ထွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

## ပန်းတောင်း

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ်အတွင်း မိုးအဆက်မပြတ် ရွာသွန်းခြင်းနှင့် ချောင်းရေတိုက်စားခြင်းများကြောင့် တံတားအချို့ ပြိုကျပျက်စီးခဲ့ကြောင်း သိရသည်။



ပန်းတောင်းမြို့နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ချောင်းရေတိုက်စားပြီး ပြိုကျပျက်စီးသွားသော တံတားတစ်စင်းကို တွေ့ရစဉ်။ ဓာတ်ပုံ-သိန်းတိုး

ပန်းတောင်းမြို့နယ် ကျွန်းမီးကျေးရွာအုပ်စုရှိ ရွှေငါးချောင်းကူးတံတားသည် ဇွန် ၂၆ ရက် ညနေပိုင်းက ပြိုကျခဲ့ကြောင်း သိရသည်။ မိုးသည်းထန်စွာရွာသွန်းပြီး ချောင်းရေနှင့်အတူ မျောပါလာသော ကုက္ကိုပင်က ရွှေငါးချောင်းကူးတံတား၏ အမှတ်(၃)နှင့် (၄)တိုင်များကို ဝင်တိုက်မိသဖြင့် တံတားပြိုကျပျက်စီးခဲ့ခြင်းဖြစ်သည်။ အဆိုပါ ရွှေငါးချောင်းကူးတံတားသည် အရှည်ပေ ၃၅၀၊ အကျယ် ၁၄ ပေရှိ ဘေလီတံတားအမျိုးအစားဖြစ်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရန်ပုံငွေဖြင့် ဖူးဝေဟိန်းကုမ္ပဏီက တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ပန်းတောင်းမြို့နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် ရွှေငါးချောင်းကူးတံတားအပြင် ရွှေညီနောင်ကျေးရွာအုပ်စုရှိ ရွှေညီနောင်တံတားနှင့် ထိပ်ပေါက်ကျေးရွာအုပ်စုနှင့် မြောက်ဘက်ကျေးရွာအုပ်စုများကြား ဆက်သွယ်သောတံတားတစ်စင်းလည်း ပြိုကျခဲ့ကြောင်း သိရသည်။

ထို့အပြင် မကြီးထုံးကျေးရွာအုပ်စုရှိ ရွှေပန်းတော်-ဆင်ကူးလမ်း၊ ကွေ့မ-ဆင်ကူးကျေးရွာချင်းဆက်လမ်းများလည်း ချောင်းရေတိုက်စားမှုကြောင့် ပြိုကျပျက်စီးခဲ့ကြောင်း သိရသည်။

မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၏ ယနေ့ထုတ်ပြန်သောသတင်းအရ ကချင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ယနေ့ နေရာအနှံ့အပြားမိုးရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး (အထက်ပိုင်း)နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ယနေ့ နေရာအနှံ့အပြား မိုးရွာမည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# သဘာဝဘေးကြိုတင်ကာကွယ်ရေးနှင့် ခရီးသည်များဘေးကင်းလုံခြုံရေး မော်ကျွန်း-ရန်ကုန်ရေယာဉ်များ စစ်ဆေး

**မော်လမြိုင်ကျွန်း ဇွန် ၂၈**

သဘာဝဘေးကြိုတင်ကာကွယ်ရေးနှင့် မိုးရာသီ ရေယာဉ်စီးခရီးသည်များ ဘေးကင်းလုံခြုံမှုရှိရေးအတွက် အသက်ကယ်အင်္ကျီများ၊ အသက်ကယ်ဖောများ ဝတ်ဆင်အသုံးပြုနည်းသရုပ်ပြပွဲ၊ ရေယာဉ်များ ပြေးဆွဲခုတ်မောင်းရာတွင် သတ်မှတ်စည်းကမ်းဖြင့် ညီညွတ်မှုရှိ မရှိ ကွင်းဆင်းစစ်ဆေးမှုကို ဇွန် ၂၇ ရက် ညနေ ၃ နာရီနှင့် ၄ နာရီခွဲတို့တွင် မော်ကျွန်း-ရန်ကုန် ပြေးဆွဲခုတ်မောင်းမည့် ဝင်းမျိုးသိမ်း နှစ်ထပ်ရေယာဉ်နှင့် ရွှေသူဌေးမင်း နှစ်ထပ်ရေယာဉ်တို့ကို တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ယင်းကွင်းဆင်းစစ်ဆေးရာတွင် ဧရာဝတီတိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနတိုင်းဦးစီးမှူး မြို့နယ်ရေယာဉ်များစနစ်တကျ ပြေးဆွဲရေးကော်မတီ ဥက္ကဋ္ဌ ဦးနီနှင့် ကော်မတီဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဇော်ဇော်နှင့် ရေယာဉ်များ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များက မော်လမြိုင်ကျွန်း-ရန်ကုန်ပြေးဆွဲမည့် ဝင်းမျိုးသိမ်း နှစ်ထပ်ရေယာဉ်နှင့် ရွှေသူဌေးမင်း နှစ်ထပ်ရေယာဉ်တို့ဖြင့် လိုက်ပါလာကြမည့် ခရီးသည်များ သဘာဝဘေးကြိုတင်ကာကွယ်ရေး၊ ဘေးကင်းလုံခြုံမှုရရှိရေး၊ ရေယာဉ်ဝန်တင်မျဉ်းကျော်လွန်တင်ဆောင်မှု မရှိရေးနှင့် ရေယာဉ်စီး ခရီးသည်များအား အသက်ကယ်အင်္ကျီနှင့် အသက်ကယ်ဖောဝတ်ဆင်အသုံးပြုနည်းများကို ရေယာဉ်ကျွမ်းကျင်ဝန်ထမ်းများက လက်တွေ့သရုပ်ပြသကြသည်။

ထို့နောက် ရေကြောင်းဘက်ဆိုင်ရာ မွမ်းမံသင်တန်းကို ဇွန် ၂၈ ရက် နံနက် ၉ နာရီက မော်ရောခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အတွင်းမှ ရေယာဉ်ပိုင်ရှင်များ၊ တက်ရောက်ကြပြီး ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန တိုင်းဦးစီးမှူးက ရေယာဉ်များ သတ်မှတ်စည်းကမ်းနှင့်အညီ ပြေးဆွဲရေးများကို အသိပညာပေးဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

**မော်ကျွန်း-မြင့်အောင်**



# ယူရီးယားဓာတ်မြေသြဇာများ ကန်ကြီးထောင့်(ပုသိမ်)၌ စတင်ဖြန့်ဖြူးပေး

**နေပြည်တော် ဇွန် ၂၈**

မိုးစပါးစိုက်ပျိုးရာသီတွင် တောင်သူလယ်သမားများ လယ်ယာစိုက်ပျိုးရေး အဆင်ပြေစေရန်အတွက် စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ ဓာတ်မြေသြဇာစက်ရုံများမှထွက်ရှိသော ယူရီးယားဓာတ်မြေသြဇာများကို တောင်သူများ လုံလောက်စွာသုံးစွဲနိုင်ရေးအတွက် တောင်သူများကိုယ်တိုင် ဝယ်ယူခွင့်လျှောက်ထားနိုင်အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် စလေ၊ ကျွန်းချောင်း၊ ကျော်စွာ၊ မြောင်းတကာနှင့် ကန်ကြီးထောင့် (ပုသိမ်) အစရှိသည့် ဓာတ်မြေသြဇာစက်ရုံငါးရုံ တည်ရှိသည်။ သို့သော် ပြည်တွင်းရှိ သဘာဝဓာတ်ငွေ့မလုံလောက်မှုကြောင့် ယခုလက်ရှိတွင် မြောင်းတကာစက်ရုံနှင့် ကန်ကြီးထောင့်(ပုသိမ်) စက်ရုံတို့သာ လည်ပတ်လျက်ရှိကြောင်း သိရသည်။

ယခင်က တောင်သူများအနေဖြင့် ယူရီးယား ဓာတ်မြေသြဇာများကို ဝယ်ယူရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင်ရှိသည့် အစိုးရအဖွဲ့ဝင်များ၏ထောက်ခံချက်ဖြင့် ဝယ်ယူခြင်း၊ လွှတ်တော်ကိုယ်စားလှယ်အချို့ထံမှ တစ်ဆင့်ဝယ်ယူခြင်း၊ မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းရှင်များအသင်းလက်အောက်ရှိ ဆန်စပါးအထူးပြုကုမ္ပဏီများ ထောက်ခံချက်ဖြင့် အဆင့်ဆင့်လျှောက်ထားလာမှုကို စက်ရုံများမှထုတ်လုပ်မှုပမာဏအပေါ် မူတည်၍ ဖြန့်ဖြူးရောင်းချပေးခဲ့သည်။

ယခုအခါတွင် မိုးစပါးစိုက်ပျိုးရာသီချိန်အမီ တောင်သူလယ်သမားများ ဓာတ်မြေသြဇာလုံလောက်စွာ သုံးစွဲနိုင်ရန်နှင့် စိုက်ပျိုးချိန် နှောင့်နှေးကြန့်ကြာမှုမရှိစေရေးအတွက် ဇွန်လမှစတင်၍ တိုက်ရိုက်ရောင်းချသည့် စနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ကြောင်း စွမ်းအင်ဝန်ကြီးဌာန ပြည်တွင်း ပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာနခွဲ တာဝန်ခံ ညွှန်ကြားရေးမှူး ဦးမင်းမင်းဦးထံမှ သိရသည်။

"အရင်က တောင်သူလယ်သမားတွေ တိုက်ရိုက်ဝယ်ယူခွင့်မရှိဘဲ အဆင့်ဆင့်လျှောက်ထားရတဲ့အတွက် နှောင့်နှေးကြန့်ကြာခဲ့ပါတယ်။ ဒါကြောင့်မို့ တောင်သူများကိုယ်တိုင် မှတ်ပုံတင်ကိုင်ပြီး အချိန်တိုအတွင်းမှာ ဝယ်ယူလို့ရတဲ့အတွက်ကြောင့် လယ်ယာလုပ်ငန်းခွင်တွေမှာ ပိုပြီး အကျိုးသက်ရောက်စေတဲ့ ရည်ရွယ်ချက်နဲ့ ဒီစနစ်ကိုစပြီးကျင့်သုံးခြင်း ဖြစ်ပါတယ်"ဟု ၎င်းကဆက်လက်ပြောကြားသည်။

ယူရီးယားဓာတ်မြေသြဇာများကို ဆန်စပါးအများဆုံး ထွက်ရှိရာဒေသဖြစ်သည့် မြစ်ဝကျွန်းပေါ်ဒေသ အမှတ်(၅) ဓာတ်မြေသြဇာစက်ရုံ ကန်ကြီးထောင့်(ပုသိမ်)၌ ဇွန်လမှစတင်၍ ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ဓာတ်မြေသြဇာများကို တောင်သူများ အချိန်နှင့်တစ်ပြေးညီ စိုက်ပျိုးနိုင်ရန်အတွက် လိုအပ်ချက်ပမာဏအတိုင်းဖြည့်ဆည်းပေးရန် ကြိုးစားလျက်ရှိကြောင်း၊ သဘာဝဓာတ်ငွေ့များရရှိလာလျှင် စက်ရုံများလည်ပတ်ရန်အတွက် စွမ်းအင်ဝန်ကြီးဌာနကိုယ်တိုင် ကြိုးစားနေပြီး ပုဂ္ဂလိကနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရန် ပြုလုပ်နေကြောင်း၊ ယင်းကဲ့သို့ ပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်သည့်အတွက် ဘဏ္ဍာငွေ ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲနိုင်မည်ဖြစ်ကြောင်း၊ စက်ရုံများကိုလည်း အဆင့်မြှင့်တင်နိုင်မည်ဖြစ်ပြီး တောင်သူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကာ လယ်ယာကဏ္ဍကို မြှင့်တင်နိုင်မည်ဖြစ်ကြောင်း ဦးမင်းမင်းဦးက ပြောကြားသည်။

**သိမ့်သိမ့်မိုး၊ ချိုးစန္ဒီနွေး (မြန်မာ့အလင်း)**

# ရတနာပုံဖလားအဆင့်မြင့် အမျိုးသားဘော်လီဘောပြိုင်ပွဲဖွင့်

**မန္တလေး ဇွန် ၂၈**

မန္တလေးတိုင်းဒေသကြီး ဘော်လီဘောဆပ်ကော်မတီနှင့် မန္တလေးတိုင်းဒေသကြီး ဘော်လီဘောအားကစားဖွံ့ဖြိုး တိုးတက်ရေးအဖွဲ့တို့မှ ကြီးမှူး၍ ၂၀၁၅ ခုနှစ် ပထမအကြိမ် ရတနာပုံဖလားအဆင့်မြင့် အမျိုးသားဘော်လီဘောပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ဇွန် ၂၇ ရက်က မန္တလေးမြို့ ဗထူးအားကစားခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာနဝန်ကြီးဒေါက်တာဝင်းလှိုင်က အမှာစကားပြောကြား သည်။

အဆိုပါ အမျိုးသားဘော်လီဘောကွာတားပွဲစဉ်တို့တွင် ကာကွယ်ရေး(ခ)အသင်းက ပြည်ထဲရေးအသင်းကို သုံးပွဲပြတ်၊ အောင်ကမ္ဘာအသင်းက မန်းစည်ပင် မော်တော်ယာဉ်အသင်းကို သုံးပွဲပြတ်၊ ကာကွယ်ရေး(က)အသင်းက ရတနာပုံတက္ကသိုလ်အသင်းကိုသုံးပွဲတစ်ပွဲ၊ အား/ကာသိပ္ပံ(က)အသင်းက မတ္တရာလူငယ်အသင်းကို သုံးပွဲ တစ်ပွဲတို့ဖြင့် အသီးသီးအနိုင်ရရှိခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**




# စစ်ကိုင်းမြို့၌ အခွန်ဆိုင်ရာ ရှင်းလင်းပွဲကျင်းပ

**စစ်ကိုင်း ဇွန် ၂၈**

ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၌ အခွန်ဆိုင်ရာရှင်းလင်းပွဲကို ဇွန် ၂၆ ရက်က ကျင်းပသည်။

အဆိုပါ ရှင်းလင်းပွဲတွင် တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးကျော်ဇေယျက ကောက်ခံလျက်ရှိသော အခွန်ဆိုင်ရာကိစ္စရပ်များ ရှင်းလင်းဆွေးနွေးပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကိုက စားသောက်ဆိုင်များအား ပြေစာပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရောင်းချရေးလုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# မော်တော်ဆိုင်ကယ် အခြေခံပြုပြင် ထိန်းသိမ်းနည်း သင်တန်းဖွင့်

**ရပ်စောက် ဇွန် ၂၈**

ဆင်းရဲမှုလျှော့ချရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာစေရေးကို ရည်ရွယ်၍ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့က ကြီးမှူးပြီး မော်တော်ဆိုင်ကယ် အခြေခံပြုပြင်ထိမ်းသိမ်းနည်းသင်တန်းဖွင့်ပွဲကို ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့ ရတနာသီရိခန်းမ၌ ဇွန် ၂၈ ရက် နံနက် ၉ နာရီက ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးအောင်ကျော်ညွန့် တက်ရောက် အမှာစကားပြောကြားခဲ့သည်။ သင်တန်းသို့ မြို့ပေါ်ရပ်ကွက်နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သင်တန်းသား ၂၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# မန္တလေးဒေသခံပြည်သူများအတွက် မန္တလေးလူထုနေရာဖွင့်လှစ်

**မန္တလေး ဇွန် ၂၈**

မန္တလေး ချမ်းအေးသာစံမြို့နယ် ၃၂ လမ်းနှင့် ၃၃လမ်းကြား၊ ၆၈ လမ်းနှင့် ၆၉ လမ်းကြား၊ ပတ်ကုန်းပျော်ဘွယ်ရပ် အမှတ် (၁၂-အေ) ၌ မန္တလေးလူထုနေရာဖွင့်ပွဲ အခမ်းအနားကို ဇွန် ၂၇ ရက် နံနက် ၉ နာရီမှ ၁၁ နာရီခွဲအထိ အဆိုပါနေရာ၌ ရန်ကုန်မြို့ ပေါင်းကူးအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် ကျင်းပခဲ့သည်။ ရှေးဦးစွာ ပေါင်းကူးအဖွဲ့မှ ဦးဝင်းအောင်က အမှာစကားပြောကြားပြီး ဦးသိန်းတန်က ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် မန္တလေးလူထုနေရာဦးဆောင်ကော်မတီဝင် ဒေါက်တာဝင်းမြင့်က မန္တလေးလူထုနေရာဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

"မန္တလေးလူထုနေရာကို မန္တလေးမြို့ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ဘာသာရေးအခြေပြု အဖွဲ့အစည်းများ၊ ဂီတ စာပေ ယဉ်ကျေးမှုအဖွဲ့အစည်းများက ဦးဆောင်ပြီး ဖွဲ့စည်းထားပါတယ်။ နယ်ပယ်အသီးသီးကိုလက်ခံနိုင်ပြီး လုံခြုံစွာ သက်ဝင်လှုပ်ရှားဝင်ထွက်နိုင်တဲ့ မန္တလေးလူထုနေရာကို ဒေသခံပြည်သူများအတွက် ဖွင့်လှစ်ပေးခြင်းဖြစ်ပါတယ်။ အဖွဲ့အစည်းများနှင့်မိတ်ဖက်၊ တွဲဖက် ဆောင်ရွက်ခြင်းဟာ ရေရှည်အတွက် မဟာဗျူဟာတစ်ရပ်ဖြစ်ပါတယ်။ ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှု၊ တာဝန်ယူမှုစတဲ့ အလေ့အကျင့်ကောင်းများကို ဒီမိုကရေစီစံနှုန်းများနှင့်အညီ ကျွမ်းကျင်မှုတွေဖွံ့ဖြိုးလာစေဖို့ အရပ်ဘက်လူမှုလှုပ်ရှားမှုများ၊ လူမှုအဖွဲ့အစည်းများနဲ့ ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားပါမယ်"ဟု တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါ စင်တာ၌ အစည်းအဝေးများပြုလုပ်ခြင်း၊ သင်တန်းဖွင့်လှစ်ခြင်း၊ အခမ်းအနားများကျင်းပခြင်း၊ စာကြည့်တိုက်နှင့် အင်တာနက်အသုံးပြုခြင်း၊ သတင်းအချက်အလက် လေ့လာစုဆောင်းခြင်းနှင့် အဖွဲ့အစည်းအချင်းချင်း ဆက်သွယ်မှုများ ဆောင်ရွက်နိုင်သည်။ မန္တလေးလူထုနေရာကို အသုံးပြုလိုပါက ခုနစ်ရက်ကြိုတင်ပြီး ဦးကျော်လွင်(စင်တာညှိနှိုင်းရေးမှူး)ဖုန်း-၀၉- ၉၇၄၁၀၈၂၂၉ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**


## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၃၄ယ/၂၀၅၅၉၊ Turbo Star 125 MC LUCKY Saturday C.,Ltd. က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့**

## ဖခင်အမည်မှန်

အထက(၃) ဒဂုံဆိပ်ကမ်း၊ တက္ကသိုလ်ဝင်တန်း(A)မှ မယဉ်မျိုးအေး(ခ)မခင်ရတနာအောင်၏ဖခင်အမည်မှန်မှာ ဦးသိန်းအောင်(ခ)ဦးအောင်သင်းဖြစ်ပါသည်။

## အမည်မှန်

အထက(၃) ဒဂုံဆိပ်ကမ်း၊ တက္ကသိုလ်ဝင်တန်း(A)မှ မယဉ်မျိုးအေး၏ အမည်မှန်မှာ မယဉ်မျိုးအေး(ခ)မခင်ရတနာအောင် ဖြစ်ပါသည်။

## ပညာရေးဝန်ကြီးဌာန
## နည်းပညာနှင့်သက်မွေးပညာဦးစီးဌာန
## အစိုးရနည်းပညာအထက်တန်းကျောင်း(ကလေး)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အစိုးရနည်းပညာအထက်တန်းကျောင်း(ကလေး)အတွက် အောက်ဖော်ပြပါ ပရိဘောဂပစ္စည်း(၂)မျိုးအား ဌာနအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | Computer Table | ၃၀ လုံး |
| (ခ) | Cupboard(Steel, Glass door)(6'-3'x1.5') | ၄ လုံး |

၂။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၅ ဇူလိုင် ၁၅ရက် ညနေ ၄နာရီ ဖြစ်သည်။

၃။ တင်ဒါလျှောက်လွှာပုံစံ စည်းကမ်းချက်နှင့် အသေးစိတ်အချက်အလက်များကို အစိုးရနည်းပညာအထက်တန်းကျောင်း(ကလေး) ရုံးခန်းတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

ဖုန်း- ၀၉-၂၅၇၅၆၃၃၆၇၊ ၀၉- ၂၁၅၀၇၁၄

**တင်ဒါရွေးချယ်ရေးအဖွဲ့ အစိုးရနည်းပညာအထက်တန်းကျောင်း(ကလေး)**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ယခင်(သမိုင်းမြို့ကွက်)၊ ယခု(မြေတိုင်းရပ်ကွက်-သမိုင်း)၊ အကွက်နံပါတ် (၅၆)၊ ဦးပိုင်နံပါတ် (၂၉)၊ ဧရိယာ (၁.၆၄၂) ဧကရှိသော ဦးခင်မောင်ချို အမည်ဖြင့် အိမ်ယာမြေအဖြစ် အသုံးပြုခွင့်ရရှိထားသည့် မြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း

အထက်လိပ်စာပါ မြေကွက်ကို ဦးအေးကျော် အမ်ဘီအေ-၀၉၅၁၆၂၊ (၁၂/ကမရ (နိုင်) ၀၅၆၀၉၀) က မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း အဆက်အစပ်ဖြင့် ဝယ်ယူထားသူဖြစ်ပါ၍ အဆိုပါမြေကွက်ကို အခြားပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်နေ့မှစ၍ (၇) ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့် ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။

ဦးအေးကျော် အမ်ဘီအေ ၀၉၅၁၆၂ ၊ (၁၂/ကမရ (နိုင်) ၀၅၆၀၉၀) ၏လွှဲအပ်ညွှန်ကြားချက်အရ -

**ဦးအောင်သိန်းကျော်**
တရားလွှတ်တော်ရှေ့နေ (စဉ် ၈၆၇၃)
ရုံးခန်း - တိုက် ၃၃၉၊ ပထမထပ်၊ ၁၅၇ လမ်းထိပ်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉၇၃၀၅၄၉၇၀

## လစာ (၁၅)သိန်း ဝန်းကျင်ခန့်ဖြင့်
ကိုးရီးယားနိုင်ငံတွင် အလုပ်လုပ်လိုသူများအတွက်
## E . P . S (TOPIK)
အလုပ်သမားစာမေးပွဲအောင်မြင်ရုံဖြင့် အလုပ်လျှောက်ထားနိုင်ပြီ၊
၂၀၀၈ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း Skill Tesk အပါအဝင်
ထူးချွန်ကျောင်းသား ထောင်ကျော်မွေးထုတ်ပေးခဲ့သော သင်တန်းကျောင်း
" တစ်ကြိမ်တည်းနှင့် အောင်ဖို့လိုပါသည် "
**ဆရာကြီး ဦးနေမျိုးနွယ် ကိုယ်တိုင်ဦးစီးသင်ကြားသည်**
**ကိုထွေး — ကိုးရီးယားဘာသာ သင်တန်းကျောင်း**
အမှတ် (၂၃၅)၊ ဒုတိယထပ်၊ (၃၇)လမ်း(အထက်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊
PH : 01 38 97 40 , 09 4500 20 337 , 09 420 243 587

# ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေး (အခြေခံပညာကဏ္ဍ) ဆွေးနွေးပွဲ ရန်ကုန်တိုင်းဒေသကြီး ခရိုင်လေးခရိုင်၌ ကျင်းပ

**ရန်ကုန် ဇွန် ၂၈**

ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေး (အခြေခံပညာကဏ္ဍ) ခရိုင်အဆင့် ဆွေးနွေးပွဲများကို ရန်ကုန်တိုင်းဒေသကြီးရှိ ခရိုင်လေးခရိုင်၌ ယနေ့ နံနက်ပိုင်းက တစ်ပြိုင်တည်း ကျင်းပသည်။ အရှေ့ပိုင်းခရိုင်ဆွေးနွေးပွဲကို နံနက် ၉ နာရီတွင် သင်္ဃန်းကျွန်းမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း(သုဝဏ္ဏ) သီရိသုဝဏ္ဏပညာခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းက အမှာစကားပြောကြားပြီး ဘက်စုံလွှမ်းခြုံသော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေး လုပ်ငန်းအဆင့်(၃) အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (မူကြမ်း)ကို CESRမှ ကျောင်းပြင်ပ ပညာရေးကျွမ်းကျင်ပညာရှင် ဦးလင်းမြင့်နှင့် အကြံပေးပုဂ္ဂိုလ် ဒေါက်တာဒေါ်ထူးထူးအောင်တို့က ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် လူမှုအဖွဲ့အစည်းများ၊ ကျောင်းအုပ်ကြီးများ၊ ကိုယ်ပိုင်ကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် ဌာနဆိုင်ရာများ၊ မိဘကိုယ်စားလှယ်၊ ကျောင်းသားကိုယ်စားလှယ်များက ဘက်စုံလွှမ်းခြုံသော ပညာရေး လေ့လာသုံးသပ်မှုအပေါ် မူတည် ရေးဆွဲထားသော ပညာရေးမူဝါဒ၊ ပညာရေးဥပဒေနှင့် ပညာရေး စီမံကိန်းများအား စဉ်ဆက်မပြတ် အကောင်အထည်ဖော် သွားနိုင်ရေးအတွက် တစ်ဦးချင်း ကဏ္ဍအလိုက်၊ နယ်ပယ် အလိုက်အကြံပြုဆွေးနွေးကြသည်။

အလားတူ ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေး (အခြေခံပညာကဏ္ဍ) ဆွေးနွေးပွဲကို နံနက် ၉ နာရီတွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပတ္တမြားခန်းမ၌ကျင်းပရာ တိုင်းဒေသကြီး စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးသန်းမြင့်က အမှာစကားပြောကြားပြီး ဘက်စုံလွှမ်းခြုံသော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်းအဆင့် (၃)အမျိုးသားပညာရေး မဟာဗျူဟာ စီမံကိန်း(မူကြမ်း)ကို မြန်မာနိုင်ငံပညာရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်မြဲက ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် တက်ရောက်လာသော ပညာရှင်များ၊ လူမှုအဖွဲ့အစည်းများ၊ တောင်ပိုင်းခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများက အကြံပြုဆွေးနွေးကြသည်။ ထို့အတူ ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေး (အခြေခံပညာကဏ္ဍ) ဆွေးနွေးပွဲကို ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် အမှတ်(၆)အခြေခံပညာ အထက်တန်းကျောင်းနှင့် ရန်ကုန်အနောက်ပိုင်းခရိုင်ဆွေးနွေးပွဲကို စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းများ၌ လည်း ယနေ့နံနက်ပိုင်းတွင် တစ်ပြိုင်တည်း ကျင်းပခဲ့သည်။

ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေး (အခြေခံပညာကဏ္ဍ) နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်၊ အကြံပြုချက်များရှိပါက ဘက်စုံလွှမ်းခြုံသောပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်းရုံး အမှတ်-၄၂၆ ပြည်လမ်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့ သို့မဟုတ် cesrwg2012@gmail.com သို့ လိပ်မူ၍ပေးပို့ကြပါရန် မေတ္တာရပ်ခံထားသည်။

**(သတင်းစဉ်)**

# အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့ အထိမ်းအမှတ် ဝူရှူးအားကစားပြိုင်

**ရန်ကုန် ဇွန် ၂၈**

မြန်မာနိုင်ငံ ဝူရှူးအားကစားအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၁၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် ဝူရှူးအားကစားပြိုင်ပွဲကို ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ပဒုမ္မာအားကစားပြိုင်ကွင်းအတွင်းရှိ မြန်မာနိုင်ငံဝူရှူးအားကစားအဖွဲ့ချုပ်၌ ယနေ့ နံနက် ၉ နာရီက ကျင်းပခဲ့သည်။

ပြိုင်ပွဲတွင် ဝူရှူးအားကစားနည်း ၁၀ မျိုးကို အသက် ၁၀ နှစ်အောက် လူသစ်တန်းနှင့် အသက် ၁၀ နှစ်အထက် လူဟောင်းတန်းဟူ၍ ကျင်းပခဲ့ရာ ဝူရှူးအားကစားသမား ပြိုင်ပွဲဝင် ၆၀ လာရောက်ယှဉ်ပြိုင်ခဲ့သည်။ ယင်းပြိုင်ပွဲမှဆုရရှိသည့် ပြိုင်ပွဲဝင် ဝူရှူးအားကစားသမားများကို မြန်မာနိုင်ငံဝူရှူးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသစ္စာ၊ ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းအေး၊ တပ်မတော်ဝူရှူးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဇော်ထွန်းနှင့် မြန်မာနိုင်ငံဝူရှူးအားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့သည်။

**မင်းထက်**



ဝူရှူးအားကစားပြိုင်ပွဲဝင်တစ်ဦး ပါဝင်ယှဉ်နေစဉ်။



# ၂၀၁၅ ခုနှစ် ကမ္ဘာ့ဉာဏ်ရည်မမီသူများ အားကစားပြိုင်ပွဲ၌ မြန်မာနိုင်ငံမှဉာဏ်ရည်မမီအားကစားသမား ကိုးဦးဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် ဇွန် ၂၈**

(၁၄)ကြိမ်မြောက် ကျင်းပမည့် ၂၀၁၅ ခုနှစ် ကမ္ဘာ့ဉာဏ်ရည်မမီသူများ အားကစားပြိုင်ပွဲကို အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့၌ ဩဂုတ် ၂၅ ရက်မှ စက်တင်ဘာ ၂ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံမှ ဉာဏ်ရည်မမီအားကစားသမား ကိုးဦးဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

အဆိုပါ ၂၀၁၅ ခုနှစ် ကမ္ဘာ့ဉာဏ်ရည်မမီသူများ အားကစားပြိုင်ပွဲ၌ နိုင်ငံပေါင်း ၁၇၇ နိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး နိုင်ငံအလိုက် လေးနှစ်တစ်ကြိမ် ကျင်းပနေသော ကမ္ဘာ့ဉာဏ်ရည်မမီသူများ အားကစားပြိုင်ပွဲမှာ ၁၉၆၈ ခုနှစ်ကတည်းက စတင်ကျင်းပခဲ့ခြင်းဖြစ်သည်။

၂၀၁၅ ခုနှစ် ကမ္ဘာ့ဉာဏ်ရည်မမီသူများ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဉာဏ်ရည်မမီအားကစားသမား ကိုးဦးမှာ ပြေးခုန်ပစ်အားကစားနှင့် ဘိုချီ (Bocce) အားကစားနှစ်မျိုးကို ဝင်ရောက်ယှဉ်ပြိုင်သွားကြမည်ဖြစ်ပြီး မေလကတည်းက မြန်မာနိုင်ငံ မသန်စွမ်းသူများအားကစားအဖွဲ့ချုပ် လေ့ကျင့်ရေးကွင်း၌ နည်းပြအုပ်ချုပ်သူများနှင့်အတူ စတင်ဝင်ရောက်စခန်းသွင်းလေ့ကျင့်နေကြပြီဖြစ်သည်။**(အပေါ်ပုံ)**

ဉာဏ်ရည်မမီအားကစားအဖွဲ့မှ Sport director ဦးပီတာက “ဒီနှစ်အတွက် အားကစားနည်းနှစ်မျိုးပဲဝင်ပြိုင်တယ်ဆိုတာက ကမ္ဘာ့ဉာဏ်ရည်မမီသူများ အားကစားပြိုင်ပွဲကျင်းပရေးကော်မတီကပေးလို့ ကိုယ်ရတဲ့ ကိုယ့်တာနဲ့ သွားရလို့ပါ။ ပြိုင်ပွဲအတွင်း ကစားသမားများ နေထိုင်စားသောက်ရေးအတွက် ပြိုင်ပွဲကျင်းပရေးကော်မတီက တာဝန်ယူထားပါတယ်”ဟု ဆိုသည်။

အဆိုပါ ဉာဏ်ရည်မမီအားကစားအဖွဲ့မှာ ၂၀၀၇ ခုနှစ်က ကျင်းပခဲ့သောတရုတ်နိုင်ငံရှန်ဟိုင်းမြို့ရှိ ကမ္ဘာ့ဉာဏ်ရည်မမီသူများ အားကစားပြိုင်ပွဲ၌ စတင်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြခြင်းဖြစ်ပြီး ပြေးခုန်ပစ်အားကစားနှင့်ဘိုချီ (Bocce)အားကစားနှစ်မျိုးစလုံးကို ရွှေတံဆိပ်ဆုနှစ်ခု၊ ငွေတံဆိပ်ဆုငါးခု ဆွတ်ခူးရရှိခဲ့ကာ ၂၀၁၁ခုနှစ်က ကျင်းပခဲ့သော ဂရိနိုင်ငံ အေသင်မြို့ရှိ ကမ္ဘာ့ဉာဏ်ရည်မမီသူများအားကစားပြိုင်ပွဲ၌ ပြေးခုန်ပစ်အားကစားနှင့် ဘိုချီ (Bocce) အားကစားနှစ်မျိုးစလုံးကို ရွှေတံဆိပ်ဆုငါးခု၊ ငွေတံဆိပ်ဆုသုံးခုနှင့်ကြေးတံဆိပ်ဆု ခုနစ်ခုဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။ **စိုးဝင်း(SP)**

တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ ကျောင်းအားရက်မှာ အကျိုးရှိစေဖို့နှင့် အင်္ဂလိပ်စာတတ်ဖို့ လိုနေသူတိုင်းအတွက်

ဆရာအာသာ SUCCESS Language Academy လှည်းတန်းကျောင်းခွဲ

(မြို့လယ်ကျောင်း) အမှတ်(၁၁၉)၊Y.W.C.A ဘိုကလေးဈေးလမ်း Ph: 202046,392048,256954

ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းယဉ်တိုက်) Ph: 01-503472, 09 73001453 တွင် ဖွင့်လှစ်မည့်သင်တန်းများ

BASIC ENGLISH SPEAKING
1 - 2:30 (Mon ~ Thurs) 29 Jun
1 - 4:00 (Sat + Sun) 5 Jul
9 - 12:00 (Sat + Sun) 12 Jul
6 - 7:30 (Mon ~ Thurs) 13 Jul
10-11:30 (Mon ~ Thurs) 20 Jul
7:30 - 9 (Mon ~ Thurs) 22 Jul

BASIC FOUR SKILLS ENGLISH
3:30 - 5 (Mon ~ Thurs) 29 Jun
10-11:30 (Mon ~ Thurs) 1,20 Jul
1 - 4:00 (Sat + Sun) 5 Jul
1 - 2:30 (Mon ~ Thurs) 6 Jul
7:30 - 9 (Mon ~ Thurs) 8 Jul
10:30-12 (Mon ~ Thurs) 13 Jul
3:30 - 5 (Mon ~ Thurs) 13,20 Jul

PRE-INTERMEDIATE (4-SKILL ENGLISH)
10-11:30 (Mon ~ Thurs) 13 Jul
3:30 - 5 (Mon ~ Thurs) 22 Jul
7:30 - 9 (Mon ~ Thurs) 29 Jul

INTERMEDIATE (ACADEMIC ENGLISH)
7:30 - 9 (Mon ~ Thurs) 22 Jul

BASIC GRAMMAR
10-11:30 (Mon ~ Thurs) 6 Jul
7:30 - 9 (Mon ~ Thurs) 20 Jul

BASIC WRITING
10-11:30 (Mon ~ Thurs) 6 Jul
12 - 3:00 (Sat + Sun) 12 Jul

VOCAB ENRICHMENT
1 - 4:00 (Sat + Sun) 12 Jul
1 - 2:30 (Mon ~ Thurs) 20 Jul

BASIC ENGLISH SPEAKING
3:30 - 5 (Mon ~ Thurs) 20 Jul
12 - 3:00 (Sat + Sun) 26 Jul

BASIC FOUR SKILLS ENGLISH
7:30 - 9 (Mon ~ Thurs) 7 Jul
12 - 3:00 (Sat + Sun) 11 Jul
3:30 - 5 (Mon ~ Thurs) 13 Jul
6 - 7:30 (Mon ~ Thurs) 13,22 Jul
1 - 2:30 (Mon ~ Thurs) 15 Jul

BASIC GRAMMAR
7:30-10:30 (Sat + Sun) 18 Jul

PRE-INTERMEDIATE (4-SKILL ENGLISH)
10-11:30 (Mon ~ Thurs) 8 Jul
6 - 7:30 (Mon ~ Thurs) 13 Jul

INTERMEDIATE (ACADEMIC ENGLISH)
12 - 3:00 (Sat + Sun) 12 Jul

IELTS (Preparation)
7:30-9:30 (Mon ~ Thurs) 13 Jul
1 - 4:30 (Sat + Sun) 25 Jul

IELTS (Speaking)
1 - 2:30 (Mon ~ Thurs) 20 Jul

IELTS (Reading)
7:30-9:30 (Mon ~ Thurs) 10 Aug

IELTS (Writing)
7:30-9:00 (Mon ~ Thurs) 13 Jul

IELTS (Grammar)
10-11:30 (Mon ~ Thurs) 20 Jul

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း နေပြည်တော်

## ဒီဇယ်ဆီများရောင်းချရန်ကြေညာခြင်း

(၁) မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းကြီးကြပ်မှုအောက်ရှိ မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်တွင် တည်ရှိသော ရေနံဓာတုဗေဒစက်ရုံစု(သံပရာကန်)စက်ရုံမှ ထုတ်လုပ်သည့် ဒီဇယ်ဆီ ဂါလန် ၁၀၀၀၀၀၀၀ (တစ်ဆယ်သန်းတိတိ)အား တစ်ဂါလန်လျှင် ကျပ် ၂၆၅၀ (ကျပ်နှစ်ထောင့်ခြောက်ရာငါးဆယ်တိတိ)နှုန်းနှင့် ဦးရာလူစနစ်ဖြင့် လွတ်လပ်စွာ ရောင်းချမည်ဖြစ်ပါ၍ မည်သူမဆို လျှောက်ထားဝယ်ယူနိုင်ပါသည်။

(၂) လျှောက်ထားဝယ်ယူသူသည် အနည်းဆုံး ဒီဇယ်ဆီဂါလန် ၁၀၀၀၀၀(တစ်သိန်းတိတိ) အား လက်ငင်းငွေချေစနစ်ဖြင့် ဝယ်ယူရမည်ဖြစ်ပြီး အဆိုပါဒီဇယ်ဆီများအား မိမိအစီအစဉ်ဖြင့် တစ်လအတွင်း ပြီးစီးအောင်ထုတ်ယူရပါမည်။

(၃) ဒီဇယ်ဆီ ဂါလန် ၂၀၀၀၀၀(နှစ်သိန်းတိတိ)အထက် ဝယ်ယူသူများသည် နှစ်လအတွင်း ပြီးစီးအောင် ထုတ်ယူရပါမည်။

(၄) ဝယ်ယူသူသည် မိမိဝယ်ယူသည့် ပမာဏကို တစ်လုံးတစ်ခဲတည်း ငွေပေးသွင်းထုတ်ယူရပါမည်။

(၅) ၂၉-၆-၂၀၁၅ရက်မှစ၍ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ် (၄၄)၊ နေပြည်တော်သို့ လိပ်မူလျှောက်ထားဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များအား ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း-၀၆၇-၄၁၁၀၉၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ စွမ်းအင်ဝန်ကြီးဌာန**
**ရုံးအမှတ်(၄၄)၊ နေပြည်တော်**

iStock® ကုန်ပစ္စည်းထိန်းကွန်ပျူတာစနစ်
ကုန်ရောင်း/ကုန်ဝယ်စာရင်း
ငွေစာရင်း
ကုန်လက်ကျန်စာရင်း
ကုန်တစ်မျိုးချင်းစီ၏ အမြတ်စာရင်း
အကြွေးစာရင်း
လုပ်ငန်းတစ်ခုလုံး၏ အရှုံးအမြတ်စာရင်း
Contact Us ...
YGN 09-43064181, 09-252424002, 09-254151516
MDY 09-43200283, 09-257333214
NPT 09-974432762, 09-974432763
Galaxy Software Co.,Ltd.
www.galaxy.com.mm

### ပျောက်ဆုံးကြောင်း

အရှင်ကောဝိဒ သာသနာဝင်အမှတ် ၁၂/လသယ(သ)၀၀၀၆၇၉၈၏ နိုင်ငံကူးလက်မှတ်စာအုပ် M 487965 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၀၉၁၁၉၈

### ဖခင်အမည်မှန်

ကျောက်မဲမြို့၊ အလက(၃) အထကခွဲမှ မလွင်လွင်ဦး (နဝမတန်း)၊ နန်းသင်းသင်းနွယ် (သတ္တမတန်း-B)၊ စိုင်းမျိုးဆန်းဦး (စတုတ္ထတန်း-A)တို့၏ ဖခင်အမည်မှန်မှာ ဦးထွန်းလှ ၁၃/နဆန(နိုင်)၀၀၄၇၀၈ ဖြစ်ပါကြောင်း။

**ဦးထွန်းလှ**

### ဖခင်အမည်မှန်

အထက(၂) မြောက်ဥက္ကလာပ တက္ကသိုလ်ဝင်တန်း(G)မှ မောင်သာနိုင်ဦး၏ဖခင်အမည်မှန်မှာ ဦးထွန်းကူး ၅/ဘတလ(နိုင်)၀၆၁၈၉၂ ဖြစ်ပါကြောင်း။

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

# ကျွန်တော်နဲ့ ဥရောပဖွံ့ဖြိုးမှုညီလာခံ (၂၀၁၅)

ပါမောက္ခဒေါက်တာအောင်ထွန်းသက်

ကျွန်တော်ဒီဆောင်းပါးကို ဘယ်လ်ဂျီယံနိုင်ငံရဲ့မြို့တော်ဖြစ်တဲ့ ဘာရာဆယ်လ်မြို့တော်ရှိ အစည်းအဝေးခန်းမထဲမှ ရေးနေတာဖြစ်တယ်။ ရန်ကုန်ကနေ တစ်နေ့က ဗန်ကောက်မြို့မှ တစ်ဆင့်ရောက်လာပြီး တည်းခိုမယ့်ဟိုတယ်မှာ တစ်နေ့လုံးနားခဲ့တာ၊ အချိန်မတူတာမို့ နေ့နဲ့ညလွဲနေပြီး ပုံမှန်အိပ်နိုင်အောင်အတော်ကြိုးစားရတာ။ ရန်ကုန်နဲ့အချိန်က ၅ နာရီလောက်ကွာတော့ သိပ်မဆိုးလှပါဘူး။

ဒီနေ့မနက် ဟိုတယ်ကတစ်ဆင့် အစည်းအဝေးကျင်းပမယ့် ခန်းမကို ခြေကျင်လျှောက်လာခဲ့တာ။ သိပ်မဝေးလို့တော်သေးတာ။ နွေရာသီဆိုပေမယ့် အအေးကသိပ်မပေါ့လှဘူး။ လေကတအားတိုက်တာ။စည်းဝေးခန်းမက တစ်ချိန်တုန်းကသိုလှောင်ရုံကြီးတွေကို ပြုပြင်ထားတဲ့ အဆောက်အအုံ၊ အစည်းအဝေးလုပ်တဲ့ပုံစံကအထူးအဆန်း၊ တစ်ပြိုင်တည်းအစည်းအဝေးတွေခြောက်ခုလောက်လုပ်နေတာ။ တစ်ဆက်တည်းမှာပဲ ယဉ်ကျေးမှုကပွဲတွေလည်း ကျင်းပနေခဲ့တယ်။

အစည်းအဝေးရဲ့ရည်ရွယ်ချက်က ၂၀၁၅ ခုနှစ် ဥရောပဖွံ့ဖြိုးမှုနှစ်အတွက် အဓိကလှုပ်ရှားမှုတစ်ရပ်ဖြစ်ပါတယ်။ အစည်းအဝေးရဲ့ခေါင်းစဉ်က (We Share, We Debate, We Soluz) ဖြစ်တယ်။ အဓိပ္ပာယ်က “မျှဝေပြီး ဆွေးနွေးကြမယ်၊ ပြီးတော့အဖြေရှာကြမယ်” အလွန်မွန်မြတ်လှတဲ့ခေါင်းစဉ်ဖြစ်တယ်။ မိမိသိထားတာ မိမိစုဆောင်းထားတဲ့ အတွေ့အကြုံတွေကို မျှဝေပြီး စုပေါင်းညှိနှိုင်းဆွေးနွေးကာ အဖြေရှာဖွေရေးပဲ ဖြစ်တယ်။ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက ဦးစီးဆောင်ရွက်ခဲ့တာဖြစ်ပြီး ဖွံ့ဖြိုးဆဲနိုင်ငံတွေက ကိုယ်စားလှယ်တွေလည်း ပါဝင်ကြတယ်။ အစည်းအဝေးတစ်ခုလုံးကို “ဒို့ကမ္ဘာ၊ ဒို့သိက္ခာ၊ ဒို့အနာဂတ်” Our World, Our Dignity, Our Future ဆိုပြီး အပိုင်းသုံးခုခွဲထားတယ်။ ဒီခေါင်းစဉ် အပိုင်းသုံးပိုင်းအတွင်း စောစောကပြောခဲ့သလို တစ်ပြိုင်နက်ဆွေးနွေးပွဲတွေကျင်းပလျက်ရှိတာ။ ဒို့ကမ္ဘာဆိုတဲ့ အပိုင်းမှာ အောက်ပါ ဒီခေါင်းစဉ်တွေကို ဆွေးနွေးစီစဉ်ထားတာ တွေ့ရတယ်။

(၁) မြို့ပြဖွံ့ဖြိုးမှု

(၂) ရာသီဥတုပြောင်းလဲမှု

(၃) စွမ်းအင်ဖူလုံမှု

ဒို့သိက္ခာဆိုတဲ့အပိုင်းမှာတော့အောက်ပါခေါင်းစဉ်များကိုရွေးချယ်ခဲ့တယ်။

(၁) အားလုံးပါဝင်ပတ်သက်မှု

(၂) ကျား/မ မခွဲခြားမှု

(၃) ကျန်းမာရေး

(၄) ပညာရေး

နောက်ဆုံး ဒို့အနာဂတ်အပိုင်းမှာတော့အောက်ပါခေါင်းစဉ်များကို ရွေးချယ်ခဲ့ပါတယ်။

(၁) စားနပ်ရိက္ခာ

(၂) ဖွံ့ဖြိုးမှု

(၃) အလုပ်အကိုင်အခွင့်အရေး

(၄) ကုန်သွယ်မှု

(၅) ဘဏ္ဍာရေး

(၆) လူသားများရွှေ့ပြောင်းနေထိုင်မှု

(၇) နိုင်ငံသားရေးရာ

ဒီခေါင်းစဉ်တွေဟာ အပိုင်းသုံးပိုင်းမှာ အခြေခံကျလှတဲ့ အကြောင်းအချက်တွေဖြစ်ကြပါတယ်။ ကျွန်တော်က “ဒို့ကမ္ဘာ၊ ဒို့သိက္ခာ၊ ဒို့အနာဂတ်” ဆိုတဲ့ဆောင်ပုဒ်ကို အလွန်နှစ်သက်လှပါတယ်။ အမှန်တော့ ကျွန်တော်တို့ကမ္ဘာကြီးတစ်ခုလုံးအတွက် ဒီအချက်သုံးချက်ဟာ အရေးကြီးဆုံးကိစ္စများဖြစ်ပါတယ်။

ထူးခြားချက်တွေမျိုးစုံနဲ့ပြည့်စုံတဲ့ဒီအစည်းအဝေးမှာ ကျွန်တော်တစ်ခါမှ မကြုံဖူးတဲ့ကိစ္စက အစည်းအဝေးအစီအစဉ်ဖတ်ကြားမယ့်စာတမ်းတွေကို မိမိကိုယ်ပိုင်ကိုင်ဆောင်ထားတဲ့ မိုဘိုင်းတယ်လီဖုန်း၊ သင်ပုန်းကွန်ပျူတာတို့ကတစ်ဆင့် ခေတ်စားနေတဲ့ appလို့ခေါ်တဲ့ mobile application ကနေတစ်ဆင့် ဖတ်ရှုလို့ရတာဖြစ်တယ်။ ဒါတွေမကဘဲ အပြန်အလှန်မေးခွန်းတွေထုတ်နိုင်တယ်။

ခန်းမကြီးထဲမှာ ဟောပြောပွဲတွေ၊ ဆွေးနွေးပွဲတွေ၊ ပြပွဲတွေက တစ်ပြိုင်နက်တည်း လုပ်နေတာမို့ ကိုယ်နှစ်သက်ရာ ကိုယ်ကြိုက်ရာကို တက်ခွင့်ပါဝင်ခွင့်ရှိတယ်။ ကျွန်တော်က ရတဲ့အခွင့်အရေးအလွတ်မခံဘဲ သွားတက်ခဲ့တယ်။ ကိုယ်ကိုယ်တိုင် ပါဝင်တဲ့ဆွေးနွေးပွဲက ညနေဘက်မှဆိုတော့ အချိန်ရတာနဲ့ သွားတက်ခဲ့တယ်။ **ထူးခြားတဲ့ ဆွေးနွေးပွဲတစ်ရပ်က ဖွံ့ဖြိုးမှုမှာ အမျိုးသမီးများရဲ့ အခန်းကဏ္ဍနဲ့ပတ်သက်တဲ့ အစီအစဉ်တစ်ရပ်ဆွေးနွေးသူတွေထဲမှာ ကျွန်တော်စိတ်ဝင်စားသူက ကမ္ဘာပေါ်မှာ အချမ်းသာဆုံးသူဌေးကြီး Bill Gates ရဲ့ ဇနီး Melinda Gates။လင်မယားနှစ်ယောက်စလုံးဟာ အသက်သိပ်မကြီးသေးပါဘူး။ သူတို့ရဲ့ ကြွယ်ဝမှုချမ်းသာမှုကို လူသား အကျိုးအတွက် အလှူအတန်းတွေအကြီးအကျယ်လုပ်နေကြတာ၊ Gates ဖောင်ဒေးရှင်းကို တည်ထောင်ပြီး ဆင်းရဲတဲ့နိုင်ငံတွေမှာ ကျန်းမာရေး၊ ပညာရေးစီမံချက်တွေကို ထိထိရောက်ရောက်ဆောင်ရွက်နေတာ၊ ငှက်ဖျား တိုက်ဖျက်ရေးလုပ်ငန်းနဲ့ အာဟာရချို့တဲ့မှုကိုလည်း တိုက်ဖျက်နေတာ၊ သူပြောတာနားထောင်ခွင့်က ရတောင့်ရခဲအခွင့်အရေးတစ်ရပ်ပဲ။ အမျိုးသမီးတွေ ဖွံ့ဖြိုးမှုလုပ်ငန်းတွေမှာ ပါဝင်ပတ်သက်ဖို့ သူက တိုက်တွန်းခဲ့တယ်။**

ကျွန်တော်ပါဝင်ဆွေးနွေးရတဲ့အပိုင်းက British Council ကကြီးမှူးတဲ့ စကားဝိုင်းဖြစ်တယ်။ ငယ်ငယ်တုန်းက British Council ကို စာကြည့်တိုက်လုပ်ငန်းနဲ့ အင်္ဂလိပ်စာသင်တန်းတွေ ဆောင်ရွက်နေတဲ့ အဖွဲ့အစည်းတစ်ခုလို့သာမှတ်ယူမိတာ။ အခုတော့ ဒီလိုမဟုတ်တော့ဘဲ လူသိနည်းသေးတဲ့ နယ်ပယ်တွေမှာ လှုပ်ရှားနေတာတွေ့ရတယ်။ မြန်မာပြည်မှာဆိုရင် E4E လို့ခေါ်တဲ့ စွန့်ထွင်ဦးစီးမှုနဲ့ပတ်သက်တဲ့ ပညာပေးသင်တန်းတွေကို ရန်ကုန်မြို့မှာရော၊ တိုင်းဒေသကြီးတွေမှာပါ ဖွင့်လှစ်နေတာတွေ့ရတယ်။ British Council ရဲ့ လှုပ်ရှားမှုများအနက် လွန်ခဲ့တဲ့သုံးနှစ်လောက်ကတည်းက ကျွန်တော်ပါဝင်ပတ်သက်ခဲ့တဲ့ အပိုင်းတစ်ခုရှိခဲ့တယ်။ ဒါက Social Enterprise လို့ခေါ်တဲ့ လူမှုစီးပွားရေးလုပ်ငန်းတွေပဲ ဖြစ်တယ်။ ဒီလူမှုစီးပွားရေးလုပ်ငန်းတွေပေါ်ပေါက်လာအောင် ဆောင်ရွက်လျက်ရှိတယ်။

**ကျွန်တော်တို့နိုင်ငံမှာ အခုလို လူမှုစီးပွားရေး လှုပ်ရှားမှုတွေရှိနေတာဟာ ဂုဏ်ယူစရာ တစ်ရပ်ပဲဖြစ်တယ်။ ပြုပြင်ပြောင်းလဲမှုတွေ အနက် ပုဂ္ဂလိကစီးပွားရေးကဏ္ဍ တိုးတက် ဖွံ့ဖြိုးအောင်ဆောင်ရွက်မှုဟာ အလွန်အရေးပါ လှပါတယ်။ တစ်ဖက်က ပုဂ္ဂလိကစီးပွားရေး တိုးတက်ဖို့လိုအပ်သလို အရပ်ဘက် လူ့အဖွဲ့ အစည်းတွေဟာလည်း ရှင်သန်ဖို့လိုအပ်ပါ တယ်. . .**

မနှစ်က ကျွန်တော်ဂျာမနီနိုင်ငံ ဘာလင်မြို့တော်မှာ အစည်းအဝေးတစ်ခု တက်ရောက်ခဲ့တယ်။ ဒီတစ်ခေါက်တော့ စကားဝိုင်းမှာ ပါဝင်ခွင့်ရတာပါ။ ကျွန်တော်နဲ့အတူ အင်ဒိုနီးရှားနိုင်ငံက လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၊ အာရပ် နိုင်ငံတစ်ခုဖြစ်တဲ့ မော်ရော့ကို နိုင်ငံမှာတာဝန်ယူတဲ့ ကမ္ဘာ့ဘဏ်ဌာနေကိုယ်စားလှယ်၊ ဗြိတိန်နိုင်ငံမှာ လူမှုစီးပွားရေးလုပ်ငန်းကို စတင်တည်ထောင်ခဲ့သူ၊ တရုတ်နိုင်ငံ ပြည်နယ်တစ်ခုက တိုင်းရင်းသားလူမျိုးစုဝင်၊ လူမှုရေး၊ စီးပွားရေးလုပ်ငန်းတစ်ခုကို ဦးစီးနေတဲ့တရုတ်နိုင်ငံသူနဲ့ ဥရောပမက်ဆီဒိုးနီးယားနိုင်ငံက လူငယ်ခေါင်းဆောင်တစ်ဦး၊ စကားဝိုင်းကိုဦးဆောင်သူကတော့ ဗြိတိန်နိုင်ငံမှာ ရုံးစိုက်တဲ့ British Council ရုံးက လူမှုစီးပွားရေး လုပ်ငန်းဌာနတာဝန်ခံဖြစ်တယ်။

တရုတ်ပြည်က ကိုယ်စားလှယ်က သူ့ရွာကလေးမှာ ဆောင်ရွက်နေတဲ့ လူမှုစီးပွားရေးလုပ်ငန်းအကြောင်း ပြည့်ပြည့်စုံစုံတင်ပြခဲ့တယ်။ အခြေခံအားဖြင့် တိုင်းရင်းအထည်အလိပ်ရက်ကန်းကုန်ထုတ်လုပ်ငန်းကို သမားရိုးကျစီးပွားရေးလုပ်ငန်းအနေနဲ့မဟုတ်ဘဲ လူမှုစီးပွားရေးလုပ်ငန်းအနေနဲ့ တင်ပြခဲ့တယ်။ သူ့ရဲ့တင်ပြချက်ဟာ စိတ်ဝင်စားစရာကောင်းပေမယ့် အမှန်တော့ လူမှုစီးပွားရေးလုပ်ငန်းရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်နဲ့နှိုင်းယှဉ်ရင် လူမှုစီးပွားရေးလုပ်ငန်းမဟုတ်ဘဲ တိုင်းရင်းသား တိုင်းရင်းသူတွေအတွက် အလုပ်အကိုင်အခွင့်အရေး ဖော်ထုတ်ပေးခြင်းသာဖြစ်ပါတယ်။

အမှန်တော့ လူမှုစီးပွားရေးလုပ်ငန်းဖြစ်ဖို့ လူမှုရေးလိုအပ်ချက်တစ်ခုနဲ့ စဖို့လိုအပ်တယ်။ ဥပမာအားဖြင့် ကလေးသူငယ်များ အာဟာရဖြည့်တင်းမှုဆိုပါတော့။ ပုံမှန်အားဖြင့် ဒီလူမှုရေးလိုအပ်ချက်ကို နိုင်ငံတော်က တာဝန်ယူဖြေရှင်းလေ့ရှိတယ်။ အာဟာရဖြည့်ဆေးဝါးများ၊ အစားအစာများပြည့်ဝစေမှု၊ ကျန်းမာရေးပညာပေးလုပ်ငန်းများနဲ့ ဖြေရှင်းလေ့ရှိပါတယ်။ ဒီပြဿနာကို လူမှုစီးပွားရေးလုပ်ငန်းပုံစံနဲ့ဖြေရှင်းရင် စီးပွားရေးလုပ်ငန်းတစ်ခုတည်ထောင်ပြီး လုပ်ဆောင်မှာဖြစ်တယ်။ အမြတ်ရအောင်လုပ်ပေမယ့် ရတဲ့အမြတ်ကို ခွဲဝေမှုမပြုဘဲ လုပ်ငန်းထဲမှာ ပြန်လည်ရင်းနှီးမြှုပ်နှံသွားမှာဖြစ်တယ်။ ဒါကြောင့် လုပ်ငန်းဟာ တစ်စတစ်စပိုကြီးထွားလာပြီး လူမှုရေးအကျိုးအမြတ်ရသလို စီးပွားရေးအရလည်း အကျိုးသက်ရောက်မှုရှိမှာဖြစ်ပါတယ်။ အင်ဒိုနီးရှားကိုယ်စားလှယ်က လွှတ်တော်ကိုယ်စားလှယ်ဖြစ်တာနဲ့အမျှ နိုင်ငံရေးရှုထောင့်က ဦးစားပေးတင်ပြခဲ့ပြီး လူမှုစီးပွားရေးလုပ်ငန်းတွေကြီးထွားနိုင်ဖို့ ဥပဒေပြုခဲ့ပုံကို တင်ပြခဲ့တယ်။ ကမ္ဘာ့ဘဏ်ကိုယ်စားလှယ်အနေနဲ့ မော်ရော့ကိုနိုင်ငံမှာ ကမ္ဘာ့ဘဏ်အနေနဲ့ ကူညီပံ့ပိုးပေးမှုတွေကို တင်ပြခဲ့ပါတယ်။

ဗြိတိန်နိုင်ငံကိုယ်စားလှယ်က စားသောက်ဆိုင်ဝန်ထမ်းများအနေနဲ့ ထောင်ထွက်တွေကို အခွင့်အရေးပေးခဲ့ပုံကို စိတ်ဝင်စားစရာ တင်ပြသွားခဲ့တယ်။ မက်ဆီဒိုးနီးယားနိုင်ငံက လူငယ်ခေါင်းဆောင်က လူမှုစီးပွားရေးလုပ်ငန်းကို တင်ပြတာမဟုတ်ဘဲ လူငယ်အဖွဲ့အစည်းတည်ထောင်မှုနဲ့ ပတ်သက်လို့ ဆွေးနွေးခဲ့ပါတယ်။

**ကျွန်တော်က လူမှုစီးပွားရေးလုပ်ငန်းနဲ့ ပတ်သက်ပြီး မြန်မာနိုင်ငံမှာရှိနေတဲ့ ပကတိအခြေအနေကို တင်ပြခဲ့ပါတယ်။ အမှန်တော့ ကျွန်တော်တို့နိုင်ငံမှာ ပုံစံအမျိုးမျိုးကြီးနဲ့ လူမှုစီးပွားရေးလုပ်ငန်းတွေကို လုပ်နေကြတာတွေ့ရပါတယ်။ ကျန်းမာရေး နယ်ပယ်မှာရော၊ ပညာရေးနယ်ပယ်တွေမှာပါ ဆောင်ရွက်နေကြတာတွေ့ရတယ်။ သတိပြုဖို့ကိစ္စက လူမှုစီးပွားရေးလုပ်ငန်းနဲ့ ပရဟိတလုပ်ငန်းတို့ရဲ့ ကွဲပြားခြားနားမှုကို သဘောပေါက်ဖို့လိုတယ်။ ပရဟိတလုပ်ငန်းတိုင်း လူမှုစီးပွားရေးလုပ်ငန်း မဟုတ်ကြဘူးဆိုတာကို သဘောပေါက်ဖို့ အရေးကြီးတယ်။ များသောအားဖြင့် ပရဟိတလုပ်ငန်းလုပ်ဖို့ အလှူရှင်ရှိဖို့ လိုအပ်တယ်။**

အလှူရှင်ရဲ့ စေတနာအပေါ် အားကိုးအားထားပြု နေတာဖြစ်တယ်။ အလှူရှင်စေတနာရပ်သွားရင် လှုပ်ရှားမှုရပ်သွားနိုင်တယ်။ လူမှုစီးပွားရေးလုပ်ငန်းက ဒီလိုမဟုတ်ဘဲ အဖွဲ့အစည်းကို စီးပွားရေး လုပ်ငန်းတစ်ခုအနေနဲ့ တည်ထောင်ဆောင်ရွက်လှုပ်ရှားတာမို့ ရေရှည် ရပ်တည်မှုက ခိုင်မာတယ်။ စီးပွားရေးလုပ်ငန်းတစ်ခုအနေနဲ့ သပ်သပ်ရပ်ရပ်ဆောင်ရွက်နိုင်တာမို့ အမြတ်ရမယ်။ အမြတ်ရလာလို့ ရေရှည်ဆောင်ရွက်နိုင်မယ်။ အရှုံးခံပြီး လူမှုစီးပွားရေးလုပ်ငန်းလုပ်တာ သဘာဝမကျဘူး။ သမဝါယမလှုပ်ရှားမှုဟာ အမှန်တော့ လူမှုစီးပွားရေးလုပ်ငန်းဖြစ်တယ်။ ဒါပေမယ့် ကျွန်တော်တို့နိုင်ငံမှာ သမဝါယမလှုပ်ရှားမှုဟာ ခေတ်အမျိုးမျိုးဖြတ်သန်းခဲ့တာမို့ ပုံစံအမျိုးမျိုးနဲ့ ရပ်တည်နေတယ်။ လူမှုရေးပြဿနာတစ်ခုကိုစီးပွားရေးနည်းနဲ့ ဖြေရှင်းနိုင်ရင်တော့ သမဝါယမတွေဟာလည်း လူမှုစီးပွားရေးလုပ်ငန်းတွေသာ ဖြစ်ပါတယ်။ ကျွန်တော်ကတော့ သမဝါယမလှုပ်ရှားမှုကို သံယောဇဉ်ရှိတဲ့သူတစ်ယောက်အနေနဲ့စစ်မှန်တဲ့ လူမှုစီးပွားရေးလုပ်ငန်းတွေဖြစ်စေချင်တာပါပဲ။ စကားဝိုင်းမှာတစ်ဦးချင်းတင်ပြပြီး ပရိသတ်တွေက မေးခွန်းတွေမေးကြတယ်။ စိတ်ဝင်တစားနဲ့ တက်ရောက်တာမို့ မေးခွန်းမျိုးစုံထူးခြားချက်တစ်ရပ်က ပရိသတ်တွေရဲ့ ဆန္ဒကိုထုတ်ဖော်စေတဲ့ အစီအစဉ်ရှိခဲ့တယ်။ လူမှုစီးပွားရေး လုပ်ငန်းတွေဟာ နိုင်ငံတစ်နိုင်ငံမှာ အချက်အချာကျတဲ့ နေရာမှာရှိမရှိကို မေးခွန်းထုတ်ခဲ့တယ်။ နဂိုစီစဉ်ထားတာက ပရိသတ်တွေရဲ့ ဆန္ဒကို မိုဘိုင်း တယ်လီဖုန်းတွေကတစ်ဆင့် ကောက်ယူဖို့ စီစဉ်ထားပေမယ့် အင်တာနက်ချိတ်ယွင်းမှုကြောင့် ခန်းမအတွင်းမှာရှိတဲ့သူတွေကို လက်ညှိုးထောင်ခိုင်းပြီး ဆန္ဒယူခဲ့ကြတယ်။

သူတို့နိုင်ငံမှာလည်း ဒီလိုအဖြစ်မျိုးနဲ့ကြုံရတာ အံ့သြစရာပါပဲ။ ဒုတိယမေးခွန်းက ပရိသတ်တွေ စိတ်ဝင်စားတဲ့ အကြောင်းအချက်ကို ထုတ်ဖော်စေတဲ့အခါ အကျိုးရှိတဲ့ ရင်းနှီးမြှုပ်နှံမှုကို ဖော်ထုတ်ခဲ့ကြတာ။ ဒါနဲ့ ပတ်သက်လို့ကျွန်တော်တို့နိုင်ငံမှာလည်းပိုပြီး သတိထားနေရမယ့် ကိစ္စဖြစ်ပါတယ်။ ပြုပြင်ပြောင်းလဲမှုတွေကြောင့် အခုဆိုရင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ တိုးပြီးဝင်လာတာတွေ့ရတယ်။ မနှစ်ကဘဏ္ဍာရေးနှစ်မှာ အမေရိကန်ဒေါ်လာ ရှစ်ဘီလီယံခန့်ရှိခဲ့ပြီး ယခု ဘဏ္ဍာရေးနှစ် နှစ်လအတွင်း ဝင်လာတဲ့ရင်းနှီးမြှုပ်နှံမှုဟာ အမေရိကန် ဒေါ်လာ နှစ်ဘီလီယံခန့်ရှိခဲ့တယ်။ ဝင်လာတဲ့ ရင်းနှီးမြှုပ်နှံမှုတွေဟာအကျိုးရှိတဲ့ရင်းနှီးမြှုပ်နှံမှုတွေဖြစ်အောင် တာဝန်ရှိသူတွေအားလုံးသတိပြုရမှာဖြစ်ပါတယ်။

ကျွန်တော်လည်း ကိုယ်တတ်နိုင်တဲ့ဘက်က ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။ စကားဝိုင်းကို အခုလို အမေးအဖြေကဏ္ဍနဲ့ ရုပ်သိမ်းခဲ့ရတယ်။ စုစုပေါင်း နှစ်နာရီကျော်ခဲ့တာ ကျွန်တော်က ကျေနပ်မိပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ အခုလို လူမှုစီးပွားရေးလှုပ်ရှားမှုတွေရှိနေတာဟာ ဂုဏ်ယူစရာ တစ်ရပ်ပဲဖြစ်တယ်။ ပြုပြင်ပြောင်းလဲမှုတွေအနက် ပုဂ္ဂလိက စီးပွားရေးကဏ္ဍ တိုးတက်ဖွံ့ဖြိုးအောင်ဆောင်ရွက်မှုဟာ အလွန်အရေးပါလှပါတယ်။

တစ်ဖက်က ပုဂ္ဂလိကစီးပွားရေး တိုးတက်ဖို့လိုအပ်သလို အရပ်ဘက် လူ့အဖွဲ့အစည်းတွေဟာလည်း ရှင်သန်ဖို့လိုအပ်ပါတယ်။ ဒီစီးပွားရေး လုပ်ငန်းနဲ့ အရပ်ဘက် လူ့အဖွဲ့အစည်းတွေအကြား ဆက်စပ်ပေးနိုင်မယ့် အဖွဲ့အစည်းက လူမှုစီးပွားရေးလုပ်ငန်းတွေသာ ဖြစ်ပါတယ်။ ဒီလှုပ်ရှားမှုတွေကို တိုးတက်စေဖို့လည်း ကျွန်တော် အစွမ်းကုန်ကြိုးစားသွားမှာဖြစ်ပါတယ်။ စကားဝိုင်းအပြီး တည်းခိုတဲ့ဟိုတယ်က အနီးမှာရှိတဲ့ မြို့လယ်က ရှေးဟောင်းအဆောက်အအုံတွေကို ကြည့်ရှုခွင့်ရခဲ့တယ်။ မြို့ကသေးပေမယ့် သမိုင်းအပြည့်အခုတော့ ဥရောပအဖွဲ့အစည်းရုံးစိုက်ရာ လွှတ်တော်ရှိတဲ့မြို့ဖြစ်တာမို့ နိုင်ငံခြားသားတွေနဲ့ စည်ကားတယ်။ အေးအေးချမ်းချမ်းရှိလှတာ။ ကျွန်တော်တို့နိုင်ငံမှာလည်းတစ်ချိန်ကျရင် ဒေသဆိုင်ရာ အဖွဲ့အစည်းတွေ ရုံးစိုက်လာလိမ့်မယ်လို့ မျှော်လင့်နေမိပါတယ်။ ။

# နေပြည်တော် ပျဉ်းမနားမြို့၌ မြန်မာနိုင်ငံ(ဂီတနေ့) စည်ကားစွာကျင်းပ

**နေပြည်တော် ဇွန် ၂၈**

ဇွန် ၂၇ ရက်တွင် ကျရောက်သည့် မြန်မာနိုင်ငံ(ဂီတနေ့) အခမ်းအနားကို နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့၌ မြို့နယ်ဂီတအစည်းအရုံးက ဦးဆောင်၍ ဇွန် ၂၇ ရက် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း မြို့နယ်ဂီတအစည်းအရုံးမှ သိရသည်။

မြန်မာနိုင်ငံ(ဂီတနေ့) အခမ်းအနားကို ရန်ကုန်-မန္တလေးလမ်းဟောင်း BOC ရပ်ရှိ နဒီမြစ်ခန်းမ၌ ကျင်းပခဲ့ပြီး မြို့နယ်ဂီတအစည်းအရုံးဥက္ကဋ္ဌ ဦးအောင်သန်းက အမှာစကားပြောကြားကာ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)ဥက္ကဋ္ဌမှ ပေးပို့သောသဝဏ်လွှာကိုအစည်းအရုံးဝင် ဦးညီလွင်က ဖတ်ကြားသည်။ ထို့နောက် အစည်းအရုံးနာယကကြီးများဖြစ်သည့် ဦးမောင်မောင်နှင့် ဦးညို အောင်တို့က မြန်မာနိုင်ငံ(ဂီတနေ့)နှင့်ပတ်သက်သည့် အကြောင်းအရာများကို ဟောပြောကာ အစည်းအရုံးအဖွဲ့ဝင် တေးသံရှင်များက မြန်မာသံတေးသီချင်းများဖြင့် သီဆိုဖျော်ဖြေညှိခံခဲ့သည်။

ထို့နောက် လှူ့ဆော်ဖျော်ဖြေရေးအနေဖြင့် မြို့နယ်ဂီတအစည်းအရုံးဝင် တေးသံရှင်များက ပျဉ်းမနားမြို့တွင်းသို့ မော်တော်ယာဉ်များဖြင့် လှည့်လည် ဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

၁၉၃၆ ခုနှစ် ဇွန် ၂၇ ရက်က မြင်းခြံမြို့၌ ကျင်းပခဲ့သော ဒုတိယအကြိမ်မြောက် တို့ဗမာအစည်းအရုံးညီလာခံတွင် တို့ဗမာသီချင်းကို အမျိုးသားသီချင်း



အဖြစ် စတင်သတ်မှတ်သီဆိုခြင်းကို ဂုဏ်ပြုသောအားဖြင့် ဇွန် ၂၇ ရက်ကို မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် မြန်မာ့(ဂီတနေ့)အဖြစ်သတ်မှတ်ပြီး အခမ်းအနားများ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ကာရန်ခ**

# လူမှုရေးရာဖြစ်ရပ် စီမံခန့်ခွဲမှုလုပ်ငန်း မိတ်ဆက်ခြင်းအခမ်းအနားကျင်းပ



**တောင်ကြီး ဇွန် ၂၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၌ လူမှုဝန်ထမ်းဦးစီးဌာနနှင့် UNICEF(Myanmar) တို့ ပူးပေါင်း၍ လူမှုရေးရာဖြစ်ရပ် စီမံခန့်ခွဲမှုလုပ်ငန်း မိတ်ဆက်ခြင်းအခမ်းအနားကို တောင်ကြီးမြို့ ဆရာဝန်အသင်းရုံးအစည်းအဝေးခန်းမ၌ ဇွန် ၂၅ ရက်က ကျင်းပခဲ့သည်။

ရှမ်းပြည်နယ် ဘဏ္ဍာရေးဝန်ကြီး ဦးခွန်သိန်းမောင်က အမှာစကားပြောကြားပြီး လူမှုဝန်ထမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်သူဇာက လူမှုရေးရာဖြစ်ရပ် စီမံခန့်ခွဲမှုလုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်၍ မိတ်ဖက်အဖွဲ့အစည်းများ၏ အခန်းကဏ္ဍများကို အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့သည်။ လူမှုရေးရာဖြစ်ရပ် စီမံခန့်ခွဲမှုလုပ်ငန်း မိတ်ဆက်အခမ်းအနားသို့ ရှမ်းပြည်နယ် လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုင်းထွန်းရင်၊ စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းလှဝင်း၊ ပြည်နယ်လူမှုရေးဝန်ကြီးဒေါက်တာမျိုးထွန်း၊ လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ UNICEF (Myanmar) မှ တာဝန်ရှိသူများ၊ ပရဟိတဂေဟာများမှ တာဝန်ရှိသူများ၊ ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ကိုကိုနှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

# ကျောင်းအဆင့်တိုးမြှင့်ပွဲနှင့် မူလတန်းကျောင်းဖွင့်ပွဲကျင်းပ

**သာစည် ဇွန် ၂၈**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် အလယ်ကန်ကျေးရွာအုပ်စု စစ်စီးရေကျေးရွာမှ အခြေခံပညာမူလတန်းကျောင်း(ခွဲ)ကို အခြေခံပညာမူလတန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပွဲနှင့် မြင်းခြံကျေးရွာအုပ်စု လေသာကျေးရွာ၌ အခြေခံပညာမူလတန်းကျောင်းဖွင့်ပွဲကို ဇွန် ၂၅ ရက်တွင် ကျင်းပခဲ့သည်။

စစ်စီးရေကျေးရွာ ကျောင်းအဆင့်တိုးမြှင့်ပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမိုးမြင့်သိန်းနှင့် ဦးစံထွန်း၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးသိန်းဇော်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးဇော်လတ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။ စစ်စီးရေကျေးရွာ အခြေခံပညာမူလတန်းကျောင်းသည် ယခင်နှစ်က မူလတန်းကျောင်း(ခွဲ) အဖြစ် ဖွင့်လှစ်ခွင့်ရရှိခဲ့ပြီး ယခုနှစ်တွင် မူလတန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

ထို့နောက် လေသာကျေးရွာမူလတန်းကျောင်းဖွင့်ပွဲတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ဒုတိယမြို့နယ်ပညာရေးမှူးနှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးအောင်မြင့်တို့က ကျောင်းဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ လွှတ်တော်ကိုယ်စားလှယ်များက အမှာစကားများပြောကြားပြီး ဒုတိယမြို့နယ်ပညာရေးမှူးက ပညာရေးမြှင့်တင်မှုဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ **ထွန်းထွန်း(သာစည်)**

# သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေး

**မြင်းခြံ ဇွန် ၂၈**

မန္တလေးတိုင်းဒေသကြီး မြင်းခြံဒီဂရီကောလိပ် ဘက်စုံခန်းမ၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲကို ဇွန် ၂၅ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ကျောင်းအုပ်ကြီး ဒေါက်တာကိုကိုမြင့်က အမှာစကားပြောကြားပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပထမပိုင်းကို ရုက္ခဗေဒဌာန ပါမောက္ခဌာနမှူး ဒေါက်တာခင်နှင်းရည်နှင့် ဒုတိယပိုင်းကို ပထဝီဌာန ပါမောက္ခဌာနမှူး ဒေါက်တာမီမီစိုးတို့က ဟောပြောခဲ့ကာ သမိုင်းပါမောက္ခ ဒေါက်တာဒေါ်ပြုံးနှင့် မြန်မာစာတွဲဖက်ပါမောက္ခ ဒေါက်တာဒေါ်လွင်လွင်တို့က မေးမြန်းဆွေးနွေးခဲ့ပြီး ဟောပြောပို့ချသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။ ဟောပြောပွဲသို့ ကျောင်းအုပ်ကြီးနှင့် ပါမောက္ခ၊ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့သည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

# ကျေးရွာအခြေခံပညာအလယ်တန်းကျောင်း(ခွဲ) အဆင့်တိုးမြှင့်ဖွင့်

**ကျောက်ပန်းတောင်း ဇွန် ၂၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် တလိုင်းကန်ကျေးရွာအုပ်စု ကျောင်းစုကျေးရွာ၌ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) အဆင့်တိုးမြှင့်ဖွင့်ပွဲကို ဇွန် ၂၅ ရက်က ကျင်းပခဲ့သည်။

ကျောင်းအဆင့်တိုးမြှင့်ပွဲတွင် လက်ထောက်မြို့နယ်ပညာရေးမှူး ဦးကျော်ထွန်းဦး၊ တလိုင်းကန်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေနှင့် ရပ်မိရပ်ဖဦးလှကျော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး လက်ထောက်မြို့နယ်ပညာရေးမှူးက ကျောင်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်သည်။ ထို့နောက် အလယ်တန်းကျောင်း(ခွဲ)အဆင့်တိုးမြှင့် ခွင့်ပြုသည့်စာရွက်စာတမ်းများကို လက်ထောက်မြို့နယ်ပညာရေးမှူးက ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်ခဲ့သည်။

**နေအောင်(iprd)**

# ရွေးကောက်ပွဲဆိုင်ရာအသိပညာပေး ဆင့်ပွားသင်တန်းဖွင့်

**ဖာပွန် ဇွန် ၂၈**

နှစ်ကုန်ပိုင်းတွင်ကျင်းပမည့် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးဆင့်ပွားသင်တန်း အမှတ်စဉ်(၁/၂၀၁၅)ကို ကရင်ပြည်နယ် ဖာပွန်ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးက ဖာပွန်မြို့နယ် ယွန်းစလင်းခန်းမဆောင်၌ ဇွန် ၂၅ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲသို့ ခရိုင်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးစောဘူးသော်နှင့် အဖွဲ့ဝင်များ၊ ရပ်ကျေးဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး သင်တန်းဖွင့်ပွဲတွင် ခရိုင်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားသည်။ သင်တန်းတွင် ရွေးကောက်ပွဲဆိုင်ရာဥပဒေနှင့် နည်းဥပဒေများ ၊ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များ၊ မဲစာရင်းပြုစုခြင်းဆိုင်ရာများ၊ ကြိုတင်မဲဆန္ဒပေးခြင်းဆိုင်ရာများ၊ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများအတွက် လမ်းညွှန်မှုများစသည့် အကြောင်းအရာများကို သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**သိန်းစိုးမြင့်(ပြန်/ဆက်)**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# စာတတ်မြောက်ရေးအစီအစဉ်တွင် လုပ်အားပေးခဲ့သော ကျောင်းသားကျောင်းသူများအား ဂုဏ်ပြု

**ထားဝယ် ဇွန် ၂၈**

တနင်္သာရီတိုင်းဒေသကြီးအတွင်း နွေရာသီအခြေခံစာတတ်မြောက်ရေး အစီအစဉ်တွင် ထားဝယ်တက္ကသိုလ်မှ ပါဝင်လုပ်အားပေးခဲ့သော ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုပွဲကို ထားဝယ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ဇွန် ၂၄ ရက်က ကျင်းပခဲ့သည်။

ဂုဏ်ပြုပွဲတွင် ထားဝယ်တက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာဘဟန်က ဂုဏ်ပြုစကားပြောကြားပြီး လုပ်အားပေးပွဲတွင်ပါဝင်ခဲ့သည့် ရူပဗေဒဌာနမှ သရုပ်ပြဆရာမ ဒေါ်ဝတ်မှုန်ဦးနှင့် လုပ်အားပေးအဖွဲ့ဝင် ရူပဗေဒအထူးပြုဒုတိယနှစ်ကျောင်းသား မောင်သူရအောင်တို့က စာတတ်မြောက်ရေးအစီအစဉ်တွင် လုပ်အားပေးခဲ့သည့် အတွေ့အကြုံများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စာတတ်မြောက်ရေးအစီအစဉ်တွင် လုပ်အားပေးပါဝင်ခဲ့သည့် ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများအား ထားဝယ်တက္ကသိုလ် တာဝန်ခံပါမောက္ခချုပ်နှင့် ပါမောက္ခ(ဌာနမှူး)များက ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့သည်။

၂၀၁၅ ခုနှစ် နွေရာသီ စာတတ်မြောက်ရေးအစီအစဉ်တွင် ထားဝယ်တက္ကသိုလ်မှ ဆရာ ဆရာမ ၁၀ ဦးနှင့် ကျောင်းသား ကျောင်းသူ ၁၀၀ တို့က တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်ရှိ ကျေးရွာ ၂၀ မှ စာမတတ်သူပြည်သူများအား အခြေခံစာတတ်မြောက်ရေးအတွက် စာဖတ်ဝိုင်းများကို ဧပြီ ၁ ရက်မှ မေ ၁၅ ရက်အထိ ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။

**ဖိုးရွှေသွန်း(ထားဝယ်)**

# မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

**ကလေးဝ ဇွန် ၂၈**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ်၌ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များကို ဇွန် ၂၆ ရက်က ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

လက်ကမ်း စာစောင်များကို ကလေးဝမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ဆိပ်ကမ်းဈေးသည်များ၊ ရေယာဉ်လိုင်းများမှ အလုပ်သမားများနှင့် ခရီးသွားကျေးလက်ပြည်သူများထံသို့ အခမဲ့ လိုက်လံဖြန့်ဝေပေးခဲ့ခြင်းဖြစ်သည်။

မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ မေ ၂၆ ရက်မှ ဇွန် ၂၆ ရက်အထိ တစ်လအတွင်း မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်း အထူးစီမံချက်(ယင်းမာ)ကို ချမှတ်ကာ လူထုလှုပ်ရှားမှုအသွင်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

**ချင်းတွင်းသား(iprd)**



# မြန်မာအမျိုးသမီးများနေ့

မောင်ခိုင်မာ (အထက်မင်းလှ)

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ပင်မအစီရင်ခံစာထုတ်ပြန်ခြင်း အခမ်းအနားကို မေလ ၂၉ ရက်နေ့က ကျင်းပခဲ့သည်။ အဆိုပါ သန်းခေါင်စာရင်းမှ ညွှန်းဆိုသည့် မြန်မာ့ပုံရိပ် အကျဉ်းချုပ် အနက်မှ လူဦးရေဆိုင်ရာ ဝိသေသလက္ခဏာများကို လေ့လာသောအခါ သန်းခေါင်စာရင်းမှကောက်ယူရရှိသော မြန်မာနိုင်ငံ၏ စုစုပေါင်း လူဦးရေမှာ ၅၁ ဒသမ ၄၉ သန်းရှိသည်။ ၎င်းအနက်အမျိုးသားဦးရေမှာ ၂၄ ဒသမ ၈၂ သန်း ရှိပြီး အမျိုးသမီးဦးရေမှာ ၂၆ ဒသမ ၆၆ သန်းရှိကြောင်း၊ အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် ၁ ဒသမ ၈၃ သန်း ပိုများပြီး အမျိုးသမီးဦးရေသည် စုစုပေါင်း လူဦးရေ၏ ၅၁ ဒသမ ၈ ရာခိုင်နှုန်း ရှိကြောင်း၊ မြန်မာနိုင်ငံ၏ ကျား/မအချိုးမှာ ၉၃ ဖြစ်ကြောင်း၊ ဆိုလိုသည်မှာ အမျိုးသမီးဦးရေ ၁၀၀ တွင် အမျိုးသားဦးရေ ၉၃ ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

နိုင်ငံလူဦးရေ၏ ထက်ဝက်ကျော်ရှိသော မြန်မာအမျိုးသမီးအရေအတွက်ကို အရည်အချင်းသို့ပြောင်းလဲနိုင်သည်နှင့်အမျှ နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု လျင်မြန်မည်ဖြစ်ပါသည်။ မြန်မာအမျိုးသမီးများ၏ သမိုင်းကြောင်းကို လေ့လာသောအခါ မြန်မာအမျိုးသမီးတို့သည် ကောင်းခြင်းငါးဖြာဖြင့် ယဉ်ကျေးသိမ်မွေ့လှပကြသည်။ ကိုယ်ကျင့်တရားကောင်းမွန်ကြသည်။ တိုင်းပြည်အတွက်ဆိုလျှင် မောင်တစ်ထမ်း မယ်တစ်ရွက် အပြီးမပျက်ထမ်းဆောင်နိုင်ကြသည်။ ဘာသာသာသနာလောက၊ နိုင်ငံရေးလောက၊ ပညာရေးလောက၊ အနုပညာလောက စသည့်နယ်ပယ်အသီးသီးတွင် ထင်ရှားကျော်ကြားသော မြန်မာအမျိုးသမီးများ ဒုနှင့်ဒေးရှိခဲ့သည်။ ထို့ကြောင့်လည်း ကမ္ဘာလုံးဆိုင်ရာ အမျိုးသမီးများဖိုရမ် ၂၀၁၄ ဖွင့်ပွဲ အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က "....မြန်မာရာဇဝင်သမိုင်းကို ပြန်ပြောင်းလေ့လာကြည့်မည်ဆိုလျှင် အလွန်ထင်ရှားခဲ့သည့် အမျိုးသမီးခေါင်းဆောင်များ၊ စာဆိုအကျော်အမော်များ၊ အနုပညာရှင်များပေါ်ထွန်းခဲ့သည်ကို သိရှိနိုင်မည်ဖြစ်ကြောင်း၊ အမျိုးသားရေးလှုပ်ရှားမှုများတွင် ဦးဆောင်ပါဝင်ခဲ့ကြသည့် အမျိုးသမီးခေါင်းဆောင်များအပြင် ခေတ်ကို ဦးဆောင်နိုင်သည့် အမျိုးသမီးခေါင်းဆောင်များ ရှိခဲ့သည်ကိုလည်း မိမိအနေဖြင့် လေးစားစွာအမှတ်ရမိကြောင်း...." ထည့်သွင်းမြွက်ကြားခဲ့ပါသည်။

မြန်မာနိုင်ငံ၏ သမိုင်းဦးအစမှာပင် မြန်မာအမျိုးသမီးတို့သည် နိုင်ငံရေးအစဉ်အလာ နိဒါန်းဖွင့်နိုင်ခဲ့ကြသည်။ ယင်းကာလကပင် မြန်မာအမျိုးသမီးတို့သည် နိုင်ငံ၏ အထွတ်အထိပ်ဘုရင်မများအဖြစ် လည်းကောင်း၊ ဘုရင်တစ်ပါးကို နန်းတင်ပေးနိုင်သော ရာဇပလ္လင်နောက်ကွယ်မှ ဘုရင်မများ အဖြစ်လည်းကောင်း၊ နိုင်ငံအုပ်ချုပ်ရေး၌ ဝင်ရောက်စွက်ဖက်စီမံခန့်ခွဲပိုင်ခွင့်ရှိသော မိဖုရားများအဖြစ်လည်းကောင်း၊ အရေးပါသော အခန်းကဏ္ဍမှပါဝင်ခဲ့ကြသည်။ ဥပမာ သရေခေတ္တရာတွင် မာလာစန္ဒီ၊ ဗိဿနိုး (တောင်တွင်းကြီး)တွင် ပန်ထွာမင်းသမီး၊ ဟံသာဝတီတွင် ရှင်စောပုတို့သည် ဘုရင်မများ ဖြစ်ကြသည်။ ထွန်ချစ်မင်း၏ မိဖုရားသည် ပုပ္ပားစောရဟန်းမင်းကို လည်းကောင်း၊ မိဖုရားစောသည် ဒလစားကျော်စွာကို လည်းကောင်း၊ ဆင်ဖြူမရှင်သည် သီပေါမင်းကို လည်းကောင်း၊ မှူးကြီးမတ်ရာတို့နှင့်တိုင်ပင်ကာ နန်းတင်ပေးခဲ့ကြသူများ ဖြစ်သည်။

ထို့အပြင် မြန်မာအမျိုးသမီးတို့သည် လွတ်လပ်ရေးတိုက်ပွဲတွင် ရဲဝံ့စွာပါဝင်ခဲ့ကြသည်ကိုလည်း လေးစားဖွယ်တွေ့ရသည်။ ဥပမာ-၁၈၂၅ ခုနှစ် နိုဝင်ဘာလ ၁၀ ရက်နေ့ ဝက်ထီးကန်တိုက်ပွဲတွင် ရှမ်းအမျိုးသမီးသုံးဦး ဦးစီးသော မြန်မာစစ်တပ်က နယ်ချဲ့အင်္ဂလိပ်တို့အား ရဲဝံ့စွာတိုက်ခိုက်ခဲ့ကြကြောင်းကို မေဂျာစနော့ဂရပ်က မှတ်တမ်းတင်ခဲ့သည်။ ၁၉၂၀ ကျောင်းသားသပိတ်တွင် စိန့်မေရီကျောင်းသူများဖြစ်ကြသည့် မစီ၊ မနှင်းမယ်၊ မနုနု၊ မစောချစ်တင်၊ မကြည်ဟူသော ကျောင်းသူ ငါးဦးသည်လည်းကောင်း၊ ကြည့်မြင်တိုင် ABM ကျောင်းသူများဖြစ်ကြသည့် မလှရွှေ (အမျိုးသားပညာဝန်ဦးဘိုးလတ်၏ဇနီး)၊ မခင်လေး၊ မအုန်းစသည့် ကျောင်းသူတို့သည် လည်းကောင်း ရဲဝံ့တက်ကြွစွာရှေ့တန်းမှ ပါဝင်ခဲ့ကြကြောင်း လေ့လာသိရှိရသည်။ ၁၉၂၃ တွင် သုံးဆယ်မြို့မှ သာယာဝတီသတင်းစာကို တည်ထောင်သူ ဒေါ်ဖွားရှင်နှင့် အင်ဒီပင်းဒင့်သတင်းစာအယ်ဒီတာ ဒေါ်စန်းတို့က နယ်ချဲ့ကို ကလောင်ဖြင့် တော်လှန်ခဲ့ကြသည်။

သုံးဆယ်မြို့(ငဖြူကလေးရွာမှ)ဒေါ်စိန်ပွင့်၊ ဒေါ်စော၊ ဒေါ်ငွေခင်၊ ဒေါ်အေးညွှန့်တို့ခေါင်းဆောင်သော ကုမ္ဘာရီအသင်းသူများနှင့် ဝံသာနုအမျိုးသားတို့သည် ကညင်တပင်ကျေးရွာသို့ တရားဟောအသွား လမ်းတွင် အခွန်ကောက်ရန်လာသော မြို့ပိုင်အဖွဲ့နှင့် ဆုံမိသောအခါ ပန်ချာပီစစ်ပုလိပ်များက လှောင်ပြောင်သဖြင့် မြင်းပေါ်မှ စစ်ပုလိပ်အား မိမိစီးထားသည့် ဖိနပ်ဖြင့်ပါးရိုက်လိုက်သည့် ဒေါ်စိန်ပွင့်နှင့် ဒေါ်နော်ဒိုးဒိုးတို့သည် တောင်သူလယ်သမားအရေးတော်ပုံ အမာခံများလည်းဖြစ်ကြကြောင်း လေ့လာတွေ့ရှိရသည်။ ၎င်းတို့နည်းတူ ပထမအကြိမ် ဘီလပ်မျက်နှာစုံအစည်းအဝေးတက်ခွင့်ရသူ MA ဒေါ်မြစိန်က အမျိုးသမီးများကို အမျိုးသားများနည်းတူ တန်းတူအဆင့်အတန်းမခွဲခြားရေးအဆိုကို ၁၉၃၂ ခုနှစ် ဂျီနီဗာကွန်ဖရင့်တွင် အဆိုတင်သွင်းခဲ့သည်။ ၉၁ ဌာနအုပ်ချုပ်ရေးခေတ် အမျိုးသမီးအမတ် ဒေါ်မမခင်၊ ၁၃၀၀ ပြည့်အရေးတော်ပုံတွင် ချောက်မြို့ မျက်နှာဖြူအရေးပိုင်အား ပါးရိုက်သူ သခင်မ မအေး၊ သပိတ်တားအမျိုးသမီးခေါင်းဆောင်သခင်မဒေါ်ဆယ်၊ နယ်ချဲ့ကိုဆန့်ကျင် နိုင်ငံရေးလုပ်၍ ပထမဆုံးအကြိမ် ထောင်ကျခံရသော အမျိုးသမီးဖြစ်သူ ပြည်မြို့သစ္စာဝါဒီကုမ္ဘာရီအသင်းအတွင်းရေးမှူး ဒေါ်သိန်းတင်တို့၏ တိုင်းချစ် ပြည်ချစ်စိတ်ဓာတ်တို့မှာ လေးစားချီးကျူးဖွယ်ဖြစ်ပါသည်။ သပိတ်တားအမျိုးသမီးများကို ထောင်ချသောအခါ "သခင်မတွေ ရဲသွေးပြောင်၊ မကွေးထောင်တော့၊ အပျော့ အပျော့" ဟူသည့် ကြွေးကြော်သံများဖြင့် နယ်ချဲ့ကို ဘာမထီဆန့်ကျင်ခဲ့ကြသည်က ကြက်သီးထဖွယ်ဖြစ်ပါသည်။ လွတ်လပ်ရေးရပြီးနောက်တွင် (၁၁-၇-၁၉၆၀) မှ (၁၃-၄-၁၉၆၇) ထိ ပထမဆုံး အမျိုးသမီးသံအမတ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ဇနီး ဒေါ်ခင်ကြည်မှသည် မြန်မာအမျိုးသမီးတို့သည် ယနေ့ခေတ်အခါတွင် စီးပွားရေးလုပ်ငန်းရှင်များ၊ လွှတ်တော်အမတ်များ၊ တရားသူကြီးများ၊ ဥပဒေပညာရှင်များ၊ နာမည်ကျော် အနုပညာရှင် စာရေးဆရာ၊ အဆိုကျော်များ၊ လှယဉ်ကျေးမယ်များ၊ နိုင်ငံတကာအလှမယ်အဆင့် အမျိုးသမီးများအဖြစ် ပေါ်ထွန်းနေပြီ ဖြစ်ပါသည်။

မြန်မာအမျိုးသမီးတို့သည် အသင်းအဖွဲ့ပုံစံဖြင့်လည်း တိုင်းပြည်တာဝန်ကို အမျိုးသားများနည်းတူ စုပေါင်းထမ်းဆောင်ကြကြောင်း သမိုင်းစာမျက်နှာများတွင် အထင်အရှားလေ့လာတွေ့ရှိရပါသည်။ အချို့ကိုတင်ပြရပါလျှင် ၁၉၄၅ခုနှစ် စက်တင်ဘာလတွင်ဖွဲ့စည်းခဲ့သည့် "ဗမာတိုင်းလုံးဆိုင်ရာ အမျိုးသမီးလွတ်လပ်ရေးအဖွဲ့ချုပ်"၊ ၁၉၃၉ ခုနှစ်တွင် ဖွဲ့စည်းသည့် ဗမာပြည်လွတ်လပ်ရေး၊ အမျိုးသမီးအဖွဲ့ချုပ်၊ ၁၉၄၆ ခုနှစ် ဇွန်လ ၁၁ ရက်နေ့တွင် ဖွဲ့စည်းပြီး ရဲမေဌာနကြီးမှူးအဖြစ် ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်ဆောင်ရွက်သည့် "ပြည်သူ့ရဲမေတပ်ဖွဲ့"၊ ၁၉၆၀ ပြည့်နှစ်က ဖွဲ့စည်းခဲ့သော ဥက္ကဋ္ဌအဖြစ် ဒေါ်ခင်ကြည်(ဗိုလ်ချုပ်၏ဇနီး)တာဝန်ယူသည့် "ဗမာနိုင်ငံ အမျိုးသမီးကွန်ဂရက်"၊ ၁၉၅၃ ခုနှစ်တွင် ဖွဲ့စည်းသည့် "ဗမာပြည် ဒီမိုကရေစီအမျိုးသမီးအဖွဲ့ချုပ် "၊ ၁၉၅၇ ခုနှစ်တွင် ဖွဲ့စည်းသည့် "မြန်မာနိုင်ငံအမျိုးသမီး ညီညွတ်ရေးအဖွဲ့"၊ ဖဆပလ နှစ်ခြမ်းကွဲပြီးနောက် ၁၉၅၉ခုနှစ်တွင် ဖွဲ့စည်းသည့် "ပြည်ထောင်စုအမျိုးသမီးအဖွဲ့"၊ ၁၉၆၀ ပြည့်နှစ်တွင် အလင်းဝင်ပြည်သူ့ရဲဘော်ရဲမေများ ဦးစီးသည့် "ပြည်သူ့အမျိုးသမီးအဖွဲ့"တို့ဖြစ်သည်။ ၁၉၆၃ ခုနှစ် "အမျိုးသားစည်းလုံးညီညွတ်မှုကို ကာကွယ်သည့်ဥပဒေ " အရ နိုင်ငံရေးအဖွဲ့အစည်းများအားလုံးကို ဖျက်သိမ်းလိုက်သောအခါ အမျိုးသမီးနိုင်ငံရေးအဖွဲ့အစည်းအသီးသီးလည်း နိဂုံးချုပ်ခဲ့ရပါသည်။

သို့သော် နိုင်ငံ့တာဝန်အရပ်ရပ်ကို အမျိုးသားများနှင့် ရင်ပေါင်တန်းထမ်းဆောင်နိုင်ရန်အတွက် ၁၉၅၄ ခုနှစ် ဒီဇင်ဘာလ ၃ ရက်နေ့တွင် တပ်မတော်လေတပ် အမျိုးသမီးအရာရှိ လေးဦး၊ ၁၉၅၅ ခုနှစ် မေလ ၁ ရက်နေ့တွင် တပ်မတော်ကြည်းတပ် အမျိုးသမီးအရာရှိ ၁၁ ဦး၊ ၁၉၅၈ ခုနှစ် စက်တင်ဘာလ ၄ ရက်နေ့တွင် တပ်မတော်ရေတပ် အမျိုးသမီးအရာရှိ ခြောက်ဦးတို့ကို စတင်ခန့်ထားခဲ့သည်။ ၁၉၅၇ ခုနှစ်တွင် အခြားအဆင့်ရှိ အမျိုးသမီးစစ်သည်များကို ခန့်အပ်နိုင်ခဲ့သည်။ ထို့နောက် နိုင်ငံတကာ အမျိုးသမီးတပ်ဖွဲ့များကို လေ့လာရန်အတွက် အမျိုးသမီးတပ်မတော်အရာရှိ ၁၆ ဦးကို ၁၉၅၆ ခုနှစ်မှ ၁၉၅၈ ခုနှစ်အတွင်း အမေရိကန်နှင့် ဗြိတိန်နိုင်ငံသို့စေလွှတ်ခဲ့သည်။ လမ်းစဉ်ပါတီခေတ်၊ န-ဝ-တခေတ်၊ န-အ-ဖ ခေတ်တို့တွင်လည်း မျက်နှာစာအသီးသီးတွင် တာဝန်ထမ်းဆောင်ခဲ့ကြပါသည်။

ယနေ့ခေတ်အခါတွင်မူ မြန်မာအမျိုးသမီးထုအတွက် (တစ်နည်းအားဖြင့်)အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ (Myanmar National Committee on Women 's Affairs- MNCWA) ကို ၁၉၉၆ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည်။ ထို့နောက် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် "မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်" အဖြစ် ပြင်ဆင်ဖွဲ့စည်းကာ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေး၊ ကုလသမဂ္ဂ သဘောတူစာချုပ်စီဒေါ(Convention on Elimination of all forms of Discrimination Against Women- CEDAW)ကို ၁၉၉၇ ခုနှစ်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့သည်။ ထို့ပြင် ကုလသမဂ္ဂထောင်စုနှစ် ရည်မှန်းချက် ဘေဂျင်းလုပ်ငန်းစီမံချက်များ (Beijing Platform for Action-BPFA) နှင့် အပြည်ပြည်ဆိုင်ရာ လူဦးရေနှင့် ဖွံ့ဖြိုးမှုညီလာခံအပါအဝင် အမျိုးသမီးများဘဝတိုးတက်ရေးအတွက် အပြည်ပြည်ဆိုင်ရာ လုပ်ငန်းစဉ်မူဝါဒများကို အကောင်အထည်ဖော်ရာတွင် တက်ကြွစွာပါဝင်ဆောင်ရွက်နေသည်ကို တွေ့မြင်ကြားသိ နေရပါသည်။ ထို့အပြင် မြန်မာအမျိုးသမီးရေးရာအဖွဲ့ချုပ်သည် အာဆီယံအမျိုးသမီးရေးရာ ကော်မတီ(Asean Committee on Women -ACW) အဖွဲ့ဝင်ဖြစ်သည်နှင့်အညီ အမျိုးသမီးများဘဝဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာလုပ်ငန်းစဉ် (၂၀၁၃-၂၀၂၂) ကို လက်တွေ့ကျကျဆောင်ရွက်နေသည်ဖြစ်ပါသည်။

ဤသို့ဆိုလျှင် သမိုင်းအစဉ်အလာထွန်းပြောင်ခဲ့သော မြန်မာအမျိုးသမီးများသည် အမျိုးသမီးများ၏ အသက်မွေးဝမ်းကျောင်းမှု၊ ပညာရေး၊ ကျန်းမာရေး အပါအဝင် အမျိုးသမီးများအားအကြမ်းဖက်မှု၊ အမျိုးသမီးများနှင့် လူ့အခွင့်အရေး၊ အမျိုးသမီးများနှင့် မီဒီယာ၊ အမျိုးသမီးများနှင့် ပတ်ဝန်းကျင်၊ အမျိုးသမီးငယ်ရွယ်များ စသည်တို့အတွက် အားကြိုးမာန်တက် ဆောင်ရွက်နေသည့်အမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီး၏ ဦးဆောင်မှုဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ ရွှေနိုင်ငံသစ်ဆီသို့ အမျိုးသားများနှင့် ရင်ပေါင်တန်းကာ ဆက်လက်ချီတက်ကြဖို့ လိုအပ်ပါကြောင်း၊ မြန်မာအမျိုးသမီးများနေ့ (ဇူလိုင်လ- ၃ရက်နေ့)အား ကြိုဆိုဂုဏ်ပြုရင်း တိုက်တွန်းအပ်ပါသည်။

**နိုင်ငံလူဦးရေ၏ ထက်ဝက်ကျော်ရှိသော မြန်မာအမျိုးသမီးအရေအတွက်ကို အရည်အချင်းသို့ ပြောင်းလဲနိုင်သည်နှင့်အမျှ နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု လျင်မြန်မည်ဖြစ်ပါသည်။ မြန်မာအမျိုးသမီးများ၏ သမိုင်းကြောင်းကို လေ့လာသောအခါ မြန်မာအမျိုးသမီးတို့သည် ကောင်းခြင်းငါးဖြာဖြင့် ယဉ်ကျေးသိမ်မွေ့လှပကြသည်။ ကိုယ်ကျင့်တရား ကောင်းမွန်ကြသည်။ တိုင်းပြည်အတွက်ဆိုလျှင် မောင်တစ်ထမ်း မယ်တစ်ရွက် အပြီးမပျက် ထမ်းဆောင်နိုင်ကြ**




ရေစကြိုမြို့နယ်၌ ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုသောအားဖြင့် မြန်မာအမျိုးသမီးများနေ့ ဆိုင်းဘုတ်စိုက်ထူခြင်း အခမ်းအနားကို ရေစကြိုမြို့အဝင်တွင် ဇွန် ၂၅ ရက်က မြို့နယ် မြန်မာအမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်ခင်မြအေးစီနှင့် အဖွဲ့ဝင်များ မြန်မာအမျိုးသမီးများနေ့ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်စဉ်။ အိမွန်ဆွေ

## ကချင်ပြည်နယ်လွှတ်တော်အတွေ့အကြုံနှင့် ပြဋ္ဌာန်းပြီးသော ဥပဒေ/နည်းဥပဒေများနှင့်စပ်လျဉ်း၍ ရှင်းလင်း

မြစ်ကြီးနား ဇွန် ၂၈

ကချင်ပြည်နယ်လွှတ်တော်အတွေ့အကြုံနှင့်ပြဋ္ဌာန်းပြီးသော ဥပဒေ/နည်းဥပဒေများရှင်းလင်းခြင်းနှင့် ဖြန့်ဝေပေးအပ်ခြင်းအခမ်းအနားကို ဇွန် ၂၅ ရက် နံနက် ၁၀ နာရီက မြစ်ကြီးနားမြို့နယ် မော်ဖောင်းကျေးရွာအုပ်စု အထက်မော်ဖောင်းကျေးရွာ ထွယ်ဆန်နှစ်ခြင်းခရစ်ယာန်ဘုရားကျောင်း၌ ကျင်းပသည်။ ရှင်းလင်းပွဲတွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးရားဝမ်ဂျုံက ပြည်နယ်လွှတ်တော်၏ မူဝါဒများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ အခွင့်အရေး၊ ရပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များကိုလည်းကောင်း၊ မြစ်ကြီးနားမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးက ဥပဒေကြမ်းရေးဆွဲခြင်း၊ တင်သွင်းအတည်ပြုပြဋ္ဌာန်းခြင်း၊ စီမံကိန်းရေးဆွဲခြင်းဆိုင်ရာများကို လည်းကောင်း၊ နောင်မွန်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးချန်တန်ခင်က ပြည်နယ်လွှတ်တော်၏ လေးနှစ်တာကာလအတွင်း လုပ်ငန်းဆောင်ရွက်ချက်အခြေအနေများကို ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာကြသူများ၏ တင်ပြမေးမြန်းချက်များအပေါ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးနှင့် သက်ဆိုင်ရာဌာနဆိုင်ရာ တာဝန်ရှိသူများက ပြန်လည် ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက မော်ဖောင်း၊ အကျဲ၊ ရှုဒေါင်ကျေးရွာအုပ်စုများအတွက် ကချင်ပြည်နယ်လွှတ်တော်တွင် ပြဋ္ဌာန်းခဲ့သည့် ဥပဒေ/ နည်းဥပဒေ စာအုပ်အစုံ(၁၀၀)ကို အခမဲ့ဖြန့်ဝေပေးအပ်ခဲ့ရာ မော်ဖောင်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးခေါင်လွမ်းက ထွယ်ဆန်နှစ်ခြင်းဘုရားကျောင်းအတွက် အလှူငွေကျပ် ၃၀၀၀၀၀ ကိုပေးအပ်လှူဒါန်းရာ သိက္ခာတော်ရဆရာကြီး ဦးဇယ်ဟောင်းက လည်းကောင်း လက်ခံယူခဲ့ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

# ယူအီးအက်ဖ်အေ ယူ-၁၉ ပြိုင်ပွဲ ဘယ်အသင်းဗိုလ်စွဲမလဲ



မိုးမြင့်လင်းလက်

ယူအီးအက်ဖ်အေ ယူ-၁၉ ချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲကို ဂရိနိုင်ငံ မြို့ကြီးသုံးမြို့မှာ လာမယ့်ဇူလိုင် ၆ ရက်မှ ၁၉ ရက်အထိ ကျင်းပတော့မှာ ဖြစ်ပါတယ်။ ပြိုင်ပွဲဝင်အသင်း ရှစ်သင်းကို အုပ်စုနှစ်စုခွဲပြီး ယှဉ်ပြိုင်စေမှာဖြစ်လို့ မကြာမီ ကျင်းပတော့မယ့် (၁၄) ကြိမ်မြောက် ယူအီးအက်ဖ်အေ ယူ-၁၉ ပြိုင်ပွဲမှာ ဘယ်အသင်းဗိုလ်စွဲပြီး ဘယ်လိုမျိုးဆက်သစ်လူငယ်ကစားသမားတွေ ကမ္ဘာ့ဘောလုံးလောကမှာ ထင်ပေါ်ကျော်ကြားလာဦးမလဲဆိုတာ စောင့်ကြည့်ရဦးမှာဖြစ်ပါတယ်။

ဒီပြိုင်ပွဲကို ဥရောပဘောလုံးအဖွဲ့ချုပ်အဖွဲ့ဝင်နိုင်ငံ ၅၄ နိုင်ငံစလုံးက နိုင်ငံကိုယ်စားပြု လူငယ်ဘောလုံးအသင်းတွေ ပါဝင်ဆင်နွှဲနိုင်ဖို့ ခြေစစ်ပွဲတွေ ယှဉ်ပြိုင်ကစားခဲ့တဲ့အခါ ပြင်သစ်၊ ဩစတြီးယား၊ ယူကရိန်း၊ နယ်သာလန်၊ ရုရှား၊ ဂျာမနီ၊ စပိန်နဲ့ အိမ်ရှင် ဂရိအသင်းတွေ ခြေစစ်ပွဲအောင်ခဲ့ကြပါတယ်။

အဲဒီရှစ်သင်းကို အုပ်စုခွဲတဲ့အခါ အုပ်စု(A) မှာ ဂရိ၊ ယူကရိန်း၊ ဩစတြီးယား၊ ပြင်သစ်တို့ပါဝင်ပြီး အုပ်စု(B) မှာ ဂျာမနီ၊ စပိန်၊ နယ်သာလန်၊ ရုရှားအသင်းတွေ ပါဝင်နေတာမို့ အုပ်စု (A) မှာ ပြင်သစ်တို့ ပွဲချောင်နေပါတယ်။ အုပ်စု(A)ရဲ့ အုပ်စုပွဲစဉ်တွေကို ဇူလိုင် ၉ ရက် မှာ ယူကရိန်းနဲ့ ပြင်သစ်၊ ဂရိနဲ့ ဩစတြီးယားအသင်းတွေ ယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။ ဇူလိုင် ၁၂ ရက်မှာ ပြင်သစ်နဲ့ ဂရိ၊ ယူကရိန်းနဲ့ ဩစတြီးယားတို့ အုပ်စုနောက်ဆုံး ပွဲစဉ်တွေအဖြစ် ဆင်နွှဲကြပါလိမ့်မယ်။

အုပ်စု(A)မှာတော့ လက်ရှိခြေစွမ်းအရ ပြင်သစ်နဲ့ ဂရိတို့ အုပ်စုဗိုလ်အဖြစ် အပြိုင်ကြိုးစားရမှာဖြစ်တယ်လို့ သုံးသပ်နေကြပြီး ယူကရိန်းတို့ကလည်း လျှော့တွက်လို့ မရတဲ့အသင်းဖြစ်နေပါတယ်။ ပြင်သစ်တို့က ၂၀၀၅ နဲ့ ၂၀၁၀ ခုနှစ်တွေမှာ ချန်ပီယံဖြစ်ထားခဲ့ပြီး အုပ်စုအဆင့်က ခုနစ်ကြိမ်တက်ရောက်နိုင်ခဲ့ပါတယ်။ ယူကရိန်းတို့က အုပ်စုအဆင့်မှ ငါးကြိမ်တက်ရောက်နိုင်ခဲ့ပြီး ၂၀၀၉ ခုနှစ်မှာ ချန်ပီယံဖြစ်ခဲ့ဖူးပါတယ်။ ဂရိတို့ကတော့ အိမ်ရှင်အားသာချက်နဲ့ လက်ရှိခြေစွမ်းကြောင့် ရေပန်းစားနေတာဖြစ်ပါတယ်။

အုပ်စု(B)မှာတော့ ဂျာမနီ၊ စပိန်၊ နယ်သာလန်တို့ အကြိတ်အနယ်ရုန်းကန်ရမယ့် အနေအထားရှိပါတယ်။ စပိန်တို့ အုပ်စုဗိုလ်အဖြစ် တက်ရောက်နိုင်သလို ဂျာမနီနဲ့ နယ်သာလန်တို့ကလည်း အုပ်စုဗိုလ်ဖြစ်ရေး ကြိုးစားကြမယ့် အသင်းတွေဖြစ်ပါတယ်။ စပိန်တို့က ခြေစမ်းပွဲတွေမှာ ရလဒ်တွေကောင်းနေသလို ၂၀၀၂၊ ၂၀၀၄၊ ၂၀၀၆၊ ၂၀၀၇၊ ၂၀၁၁၊ ၂၀၁၂ ခုနှစ်တွေမှာ ဗိုလ်စွဲခဲ့တဲ့အသင်းဖြစ်ပါတယ်။

ဂျာမနီအသင်းကတော့ လက်ရှိချန်ပီယံဖြစ်ပြီး ၂၀၀၈ ခုနှစ်နဲ့ ၂၀၁၄ ခုနှစ်မှာ ချန်ပီယံဖြစ်ထားတဲ့အသင်းဖြစ်ပေမယ့် နယ်သာလန်တို့ကတော့ အုပ်စုအဆင့်ကနေ လေးကြိမ်တက်ရောက်ခဲ့ဖူးတာကလွဲပြီး တစ်ကြိမ်မှ ဗိုလ်စွဲခဲ့ခြင်းမရှိသေးပါဘူး။ ဒါကြောင့် နယ်သာလန်တို့ကလည်း ခြေစွမ်းထက်မြက်တဲ့ လူငယ်ခြေတက်တွေကို စုဖွဲ့ပြီး မျှော်လင့်ချက်ကြီးကြီးနဲ့ ပါဝင်ဆင်နွှဲမှာ ဖြစ်ပါတယ်။

နောက်ဆုံးဗိုလ်လုပွဲကို ဇူလိုင် ၁၉ ရက်မှာ ကျင်းပမှာဖြစ်တာမို့ ဥရောပက လူငယ်ကစားသမားတွေရဲ့ ခြေစွမ်းထက်မြက်မှုကိုအားပေးရမှာ ဖြစ်သလို ထိပ်တန်းကလပ်တွေအတွက်လည်း စောင့်ကြည့်ရမယ့်ပွဲလည်း ဖြစ်နေတာတော့ အမှန်ပါပဲ။ ။

---

## ဖီဖာဥက္ကဋ္ဌရာထူးမှ နုတ်မထွက်ဘူးလို့ ဆိုလာတဲ့ ဆပ်ဘလတ္တာ

ဖီဖာဥက္ကဋ္ဌရာထူးကနေ နုတ်မထွက်တော့ဘူးလို့ ဆပ်ဘလတ္တာက ပြောဆိုလိုက်ပါတယ်။ အသက် ၇၉ နှစ်အရွယ် ဆွစ်ဇာလန်နိုင်ငံသား ဆပ်ဘလတ္တာဟာ ဇွန် ၂ ရက်က ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်အတွင်း လာဘ်စားမှုတွေ ပေါ်ပေါက်စဉ် ၁၇ နှစ်ကြာ ဖီဖာဥက္ကဋ္ဌရာထူးကို ရယူထားခဲ့မှုမှာ အဆုံးသတ်ရဖွယ်ရှိတဲ့အကြောင်း ပြောဆိုခဲ့ပါတယ်။

ကျွန်တော်နုတ်ထွက်မှာမဟုတ်ပါဘူး။ ကျွန်တော်နဲ့ ကျွန်တော့်ရုံးကို ဖီဖာကွန်ဂရက်ရဲ့လက်ထဲကို အပ်နှံထားပြီး ဖြစ်ပါတယ်လို့ ဆပ်ဘလတ္တာက ပြောဆိုခဲ့ပါတယ်။ ဆွစ်ဇာလန်သတင်းစာတစ်စောင်ကလည်း ဆပ်ဘလတ္တာ နုတ်ထွက်မှာ မဟုတ်ဘူးလို့ အတည်ပြုရေးသားခဲ့ပါတယ်။ အမေရိကန်မှာ လာဘ်စားမှုနဲ့ပတ်သက်ပြီး ဖီဖာ တာဝန်ရှိသူတွေကို စစ်ဆေးပြီးလေးရက်အကြာမှာပဲ ဆပ်ဘလတ္တာကို ဖီဖာဥက္ကဋ္ဌအဖြစ် ပြန်လည်ရွေးချယ်တင်မြှောက်ခဲ့တာဖြစ်ပါတယ်။



---

## ပီတာဆက်ချ် အာဆင်နယ်ကိုပြောင်းဖို့ သေချာနေ


ချယ်လ်ဆီးဂိုးသမားကြီး ပီတာဆက်ချ်ဟာ အာဆင်နယ်ကိုပြောင်းဖို့ သေချာနေပါပြီ။ သူဟာ အီးမရိတ်မှာ ဆေးစစ်မှုခံယူနေပြီလို့ ဆိုပါတယ်။ ကလပ်အသင်းနှစ်ခုအကြား ပြောင်းရွှေ့ကြေးကိစ္စ ညှိနှိုင်းမှုအဆင်ပြေပြီဆိုရင်တော့ စာချုပ်ရေးကိစ္စ ဆွေးနွေးတော့မှာဖြစ်ပါတယ်။ ချက်လက်ရွေးစင်ဂိုးသမား ပီတာဆက်ချ်ဟာ အာဆင်နယ်က နွေရာသီမှာ စာချုပ်တဲ့ ပထမဆုံးကစားသမား ဖြစ်လာလိမ့်မယ်လို့ ဆိုပါတယ်။ ဘယ်လ်ဂျီယံဂိုးသမား တီယာဘော့ကော်တွိုက်စ်ဟာ ပြီးခဲ့တဲ့ရာသီက ချယ်လ်ဆီးအသင်းနဲ့ ပုံမှန်ပွဲထွက်ကစားသမားဖြစ်ခဲ့ရပါတယ်။ ချယ်လ်ဆီးနဲ့ စာချုပ်ကလည်း ပီတာဆက်ချ်အနေနဲ့ တစ်နှစ်သာ ကျန်ပါတော့တယ်။ ဒီအတွက် ပီတာဆက်ချ်ကို ချယ်လ်ဆီးက ထွက်ခွာခွင့်ပေးလိုက်ပါပြီ။ သူဟာ ပြီးခဲ့တဲ့ရာသီက ချယ်လ်ဆီးအတွက် ၁၆ ကြိမ်သာ ပါဝင်ကစားနိုင်ခဲ့ပါတယ်။ ပီတာဆက်ချ်ဟာ စတမ်းဖို့ဒ်ဘရစ်ဒ်မှာ ၁၁ နှစ်ကြာ ကစားခဲ့သူဖြစ်ပါတယ်။ ချယ်လ်ဆီးနဲ့အတူ ပွဲပေါင်း ၃၀၀ ကျော်ကစားခဲ့ပြီး ပရီမီယာလိဂ်ဖလား လေးလုံး၊ အက်ဖ်အေဖလား လေးလုံး၊ လိဂ်ဖလားသုံးလုံး၊ ချန်ပီယံလိဂ်နဲ့ ယူရိုပါလိဂ်ဖလား တစ်လုံးစီ ဆွတ်ခူးပေးနိုင်ခဲ့ပါတယ်။



**ကောင်းမြတ်သူ**
**စုစည်းသည်။**

## ဘိုကာဂျူနီယာနဲ့ ဘဝသစ်ပြန်စမယ့် တီဗက်ဇ်

အာဂျင်တီးနားတိုက်စစ်မှူး ကားလို့စ်တီဗက်ဇ်ဟာ အီတလီစီးရီးအေချန်ပီယံ ဂျူဗင်တပ်မှ ဘိုကာဂျူနီယာသို့ ပြောင်းရွှေ့သွားခဲ့ပါပြီ။ အသက် ၃၁ နှစ်အရွယ်ရှိပြီဖြစ်တဲ့ တီဗက်ဇ်ဟာ ၂၀၀၄ ခုနှစ်က အာဂျင်တီးနားမှ မထွက်ခွာမီမှာ ဘိုကာဂျူနီယာနဲ့ ဘဝစတင်ခဲ့ရတာပါ။ သူဟာ ဥရောပမှာ ကိုးနှစ်ကြာ ကစားခဲ့ပြီး အာဂျင်တီးနားသို့ ပြန်သွားခဲ့ပါပြီ။ မန်ယူ၊ မန်စီးတီး၊ ဝက်စ်ဟမ်းတို့မှာ ကစားခဲ့တဲ့ တီဗက်ဇ်ဟာ ပြီးခဲ့တဲ့ရာသီက ဂျူဗင်တပ်အတွက် စီးရီးအေဂိုး ၂၀ သွင်း ယူပေးခဲ့တဲ့ တိုက်စစ်မှူးဖြစ်ပါတယ်။ သူ့ကို လီဗာပူး၊ အက်သလက်တီကိုနဲ့ ပီအက်စ်ဂျီတို့က အဆက်အသွယ်ပြုလုပ်ခဲ့ပေမယ့် နောက်ဆုံးမှာတော့ အာဂျင်တီးနားနိုင်ငံကို ပြန်ဖို့ဆုံးဖြတ်ခဲ့ပါတယ်။ ဂျူဗင်တပ်က အက်သလက်တီကိုမှ မန်ဇူကစ်နဲ့ တီဗက်ဇ်နေရာမှာ အစားထိုးခဲ့ပါတယ်။ ဘိုကာဂျူနီယာက တီဗက်ဇ်ကို ခေါ်ယူကြောင်း အတည်ပြုလိုက်ချိန်မှာ သူဟာ ကိုပါအမေရိကဖလားပွဲအဖြစ် ကိုလံဘီယာနဲ့ကစားတဲ့ ကွာတားဖိုင်နယ်ပွဲမှာ အရန်ခုံမှာရှိနေခဲ့ပါတယ်။



# နဝမတန်းနှင့် တက္ကသိုလ်ဝင်စာမေးပွဲများ ပြင်ပဖြေဆိုခွင့်ပြု

**ရန်ကုန် ဇွန် ၂၈**

အဋ္ဌမတန်းအောင်မြင်ပြီးပါက နဝမတန်းပြင်ပဖြေဆိုခွင့်နှင့် နဝမတန်းအောင်မြင်ပြီးပါက တစ်နှစ်ဆိုင်းငံ့ခြင်းမပြုဘဲ ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲမှစ၍ ပြင်ပဖြေဆိုခွင့်ပြုကြောင်း မြန်မာနိုင်ငံစာစစ်ဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

အဋ္ဌမတန်းအောင်မြင်ပြီး အကြောင်းအမျိုးမျိုးကြောင့် ကျောင်းဆက်လက်မတက်နိုင်သော ကျောင်းသားကျောင်းသူများသည် နဝမတန်းကိုပြင်ပဖြေအဖြစ် နှစ်စဉ်ပညာသင်နှစ်ကုန်ဆုံးပြီးကျောင်းမဖွင့်မီ မေလအတွင်း မြို့နယ်ပညာရေးမှူးရုံးများမှ ဦးစီးဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့ပြင် နဝမတန်းအောင်မြင်ပြီးသော မြဝတီနယ်စပ်ရှိ ရွှေ့ပြောင်းလုပ်သားများ၏ သားသမီး ကျောင်းသားကျောင်းသူများနှင့် ဘုန်းတော်ကြီးပညာသင်ကျောင်းများရှိ ကျောင်းသား ကျောင်းသူများကိုလည်း ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်မေးပွဲမှစ၍ ပြင်ပဖြေဆိုခွင့်ပြုလျက်ရှိသည်။

အလားတူ နဝမတန်းကိုကျောင်းတွင်းဖြစ်စေ၊ ပြင်ပဖြေမှုဖြစ်စေ အောင်မြင်ခဲ့သူများကို အကြောင်းအမျိုးမျိုးကြောင့် ကျောင်းဆက်လက်မတက်နိုင်ပါက တစ်နှစ်ဆိုင်းငံ့ခြင်းမပြုဘဲ လာမည့် ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲမှစ၍ ပြင်ပဖြေအဖြစ် မိမိတို့နေထိုင်ရာမြို့နယ်များတွင် ပြင်ပဖြေဆိုခွင့်ပြုမည်ဖြစ်သည်။

၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့် လျှောက်လွှာများ တင်သွင်းသည့် အချိန်တွင် မြို့နယ်ပညာရေးမှူးရုံးများသည် ဘုန်းတော်ကြီးပညာသင်ကျောင်းများအတွက် စုစည်း၍ ပြင်ပမှုဖြေဆိုခွင့် တင်သွင်းရန်နှင့် နဝမတန်းအောင်မြင်ပြီးသည့် မည်သည့်ကျောင်းသားကျောင်းသူကိုမဆို ပြင်ပဖြေများအဖြစ်လက်ခံသွားမည်ဖြစ်သည်။

**(ပညာရေး)**

# ရေယာဉ်များ စနစ်တကျပြေးဆွဲရေး စည်းကမ်းထိန်းသိမ်းမှုဆိုင်ရာ ဆွေးနွေး

**ပုသိမ် ဇွန် ၂၈**

ဧရာဝတီတိုင်းဒေသကြီး မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ပိုင်ခွင့် ဥပဒေနှင့်အညီ ပြောင်းလဲကျင့်သုံးမည့် လုပ်ငန်းလိုင်စင်/ လိုင်းလိုင်စင် ထုတ်ပေးမှုဆိုင်ရာ လုပ်ပိုင်ခွင့်လုပ်ထုံးလုပ်နည်းနှင့် အညီ ရေယာဉ်များ စည်းကမ်းထိန်းသိမ်းမှုဆိုင်ရာကိစ္စများ ရှင်းလင်းဆွေးနွေးပွဲကို ဇွန် ၂၅ ရက်က ပုသိမ်မြို့ ကမ်းနားလမ်းပြည်တော်အေးခမ်းမွှာရုံ၌ ကျင်းပရာ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းထွန်း တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးရန်နိုင်ကျော်က ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း ဥပဒေအရ ပြောင်းလဲကျင့်သုံးရမည့် လိုင်စင်နှင့် လိုင်းလိုင်စင်ထုတ်ပေးမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ရေယာဉ်စည်းကမ်းထိန်းသိမ်းမှုဆိုင်ရာများနှင့် မိုးရာသီကာလ ရေယာဉ်များ သဘာဝဘေးအန္တရာယ်ကာကွယ်နိုင်ရန် စက်ပိုင်းဆိုင်ရာနှင့် ရေယာဉ်ကိုယ်ထည်ကြံ့ခိုင်မှုနှင့် ခရီးသွားများ သက်ကယ်အင်္ကျီနှင့် လုံခြုံမှုပစ္စည်းများ၊ ဆိပ်ခံတံတားများ ကြံ့ခိုင်မှု ရှိ/မရှိ ဆွေးနွေးခဲ့သည်။ ထို့အပြင် ခရီးသည်တင်ရေယာဉ်နှင့် ကုန်ပစ္စည်းတင်ရေယာဉ်အမျိုးအစားအလိုက် ခွင့်ပြုထားရှိသော သတ်မှတ်စည်းကမ်းချက်နှင့် မကိုက်ညီပါက ရှောင်တခင်စစ်ဆေးမှုများ ပြုလုပ်ပြီး ရှောင်တခင်စစ်ဆေးရေးအဖွဲ့များက ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း ပြောကြားသွားသည်။

**ပုသိမ်လှကြည်**



# မူးမြစ်ကူးတံတား (ကာဘိုး)တည်ဆောက်

**ကန့်ဘလူ ဇွန် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ကာဘိုးကျေးရွာတွင် ဇွန် ၂၈ ရက်က မူးမြစ်ကူးတံတား (ကာဘိုး)ကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားတည်ဆောက်ရေးအဖွဲ့(၃)က သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေးအတွက် အရှိန်အဟုန်မြှင့် ယာဉ်စက်ယန္တရားကြီးများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါတံတားသည် အရှည်ပေ ၁၂၆၀ ရှိ သံကူကွန်ကရစ်တံတားကြီးအဖြစ် တည်ဆောက်လျက်ရှိပြီး ဇွန် ၁၇ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးတက်ရောက်၍ ပန္နက်တင်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ တံတားသည် ကန့်ဘလူမြို့နယ်နှင့် တန့်ဆည်မြို့နယ်တို့ကို ဆက်သွယ်ပေးမည့် မြို့နယ်ချင်းဆက်တံတားဖြစ်ပြီး ဒေသခံပြည်သူများ၏ လမ်းပန်းဆက်သွယ်ရေး၊ သွားလာမှုလွယ်ကူစေရေးနှင့် ဒေသထွက်ကုန်များ ပို့ဆောင်ရေးတို့အတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်းနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝ၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးအခန်းကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# သုံးသီးနှံစပါးပုလဲသွယ် စံပြကွက် ရိတ်သိမ်းပွဲ ကျင်းပ

**ကြို့ပင်ကောက် ဇွန် ၂၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ဥက္ကံကျေးရွာအုပ်စု ကုန်းမြင့်ကျေးရွာကွင်းအမှတ် (၅၆၂) တောင်သူဦးမြင့်သိန်း၏ သိပ္ပံနည်းကျစိုက်နည်းစနစ်များနှင့်အညီ စိုက်ပျိုးထားသော သုံးသီးနှံစပါး ပုလဲသွယ် ဧက ၅၀ စံပြကွက်တွင် ဇွန် ၂၃ ရက်က ရိတ်သိမ်းခြွေလှေ့စက်ဖြင့် စံပြကွက်ရိတ်သိမ်းပွဲကျင်းပရာ တစ်ဧက ၁၅၆ တင်း ထွက်ရှိကြောင်း သိရသည်။

အဆိုပါ စံပြကွက်ရိတ်သိမ်းပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းထွန်းနှင့်တာဝန်ရှိသူများ၊ တောင်သူများ စုစုပေါင်း ၁၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။**သိန်းတိုး(ဇီးကုန်း)**







# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

မြန်မာနိုင်ငံတွင် ပထမဆုံး နိုင်ငံတကာအဆင့် အိမ်ခြံမြေဆိုင်ရာ ထူးချွန်ဆု

**ASIA PROPERTY AWARDS**

မှ ချီးမြှင့်သော

MYANMAR PROPERTY AWARDS 2015
WINNER
Best Condo Development

**BEST CONDO DEVELOPMENT** ဆုကို

**DIAMOND INYA PALACE CONDOMINIUM**

**by Mandalay Golden Wing Construction Ltd.**

မှ ထိုက်ထိုက်တန်တန် ချီးမြှင့်ခြင်း ခံရသည့်အတွက်
အထူးဂုဏ်ယူဝမ်းမြောက်မိပါသည်။

- U Sein Wan (Chairman) and Board Of Directors
  Myanmar Lighting Manufacturing (IPP) Co., Ltd.
- Chairman & the Managements
  Galaxy Developers Co., Ltd.
- U Than Soe (Managing Director) and Managements
  Shwe Myan Aung Trading Cp., Ltd.
- Messenger Media
- Managing Director and Managements
  Mawlamyine Century Logistics Co., Ltd.
- Chairman and Board of Directors, Lyn Lat Aung Co., Ltd.
- Managing Director and Managements, Trans Carrier Co., Ltd.

# ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

MITSUBISHI ELECTRIC
Changes for the Better
Mitsubishi Electric Coporation

Asia General Transformer Co.,Ltd,
Asia General Electric Co.,Ltd.

EDEN Hotels & Resorts
ဒေါင်းတံခွန် peacock banner
EDEN GROUP
GOLD DELTA CO.,LTD.
မြန်မာ့ရွှေဆောင်ဘဏ်
EAC EUROPE & ASIA COMMERCIAL CO.,LTD

SK SAN KAUNG INDUSTRY LIMITED
UPG UNITED PAINTS GROUP CO.,LTD.
PMG
PEACE MYANMAR ELECTRIC
Max Myanmar Group of Companies
HTOO GROUP

APQ ASIA POWER QUALITY ELECTRIC CO.,LTD.
SWH SEIN WUT HMON CO., LTD.
THIDA Chan Myay Electrical Trading Co.,Ltd.
Kaung Thu Kha Trading Co.,Ltd.
S.A Lighting Soe Aung Bros Electric's (S.A Lighting)
Shwe Taung Development Co.,Ltd.

ASIA WORLD COMPANY LIMITED
SUPER MEGA
AGM MYANMAR YANGON CROWN WIRE & CABLE FACTORY COMPANY LIMITED
NOVOTEL HOTELS
GRAND GUARDIAN INSURANCE
Myanma Solar Rays Co.,Ltd. Solar Rays Electrical Trading

AYA Bank
Mottama Holdings Ltd.
JUNCTION SQUARE
KONE
NEON STAR NEON CO., LTD.

**Asia General Transformer Co.,Ltd. & Mitsubishi Electric Corporation**

**( Technical Transfer Agreement )**

**for 230 KV / 100 MVA Transformer**

နှင့်

**Asia General Electric Co.,Ltd & Mitsubishi Electric Corporation**

**(Technical Assistance Agreement) for 11 KV Switchgear**

တို့အတွက် နားလည်မှုစာချွန်လွှာ ချုပ်ဆိုနိုင်သည့်အတွက် လိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါသည်။

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## ဇီဝနည်းပညာနှင့် ဒြပ်ပစ္စည်းသိပ္ပံသုတေသနဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ဇီဝနည်းပညာနှင့် ဒြပ်ပစ္စည်းသိပ္ပံသုတေသနဦးစီးဌာန (ကျောက်ဆည်)တွင် အောက်ပါ ပစ္စည်း(၂)မျိုး ဝယ်ယူလိုပါသည်။

(1) Hydraulic Excavator Model 320D2 (1) No
(2) Rice Combine Harvester (1) No

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁-၇-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း ဤဦးစီးဌာန၏ငွေစာရင်းဌာန (ကျောက်ဆည်)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၁၅-၇-၂၀၁၅ ရက် ၁၆း၃၀ နာရီ နောက်ဆုံးထား၍ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

**ငွေစာရင်းဌာန (ကျောက်ဆည်)**
**ဖုန်း-၀၃၃-၃၁၅၆၆၊ ၀၆၆-၅၀၃၂၂၊ ၅၀၅၀၉**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
## ကွန်ပျူတာတက္ကသိုလ်(လားရှိုး)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ဦးစီးဌာန၊ ကွန်ပျူတာတက္ကသိုလ်(လားရှိုး)မှ အောက်ပါပစ္စည်းများအား ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

**ပရိဘောဂပစ္စည်းအမျိုးအစား**
၁။ Computer Table (မလေးရှားကြိတ်သား) ၁၀၀ လုံး
**စက်ကိရိယာပစ္စည်းအမျိုးအစား**
၁။ ရေသန့်စက်(RO 400 GPD)(Reverse Osmosis Drinking water System) ၁ ခု
၂။ Crimping Tools ၅ ခု
၃။ RAM DDR 3-2 GB ၅၀ ခု
၄။ UBIQUITI Nano Station LOCO M2m Acesspoint ၆ ခု
၅။ Desktop Computer Dell ၅၀ လုံး
၆။ Digital Oscilloscope (200MHz) ၄ ခု
၇။ Digital White Board ၂ ခု
၈။ UPS (Power Tree) (650 VA) ၅၀ လုံး

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း ကွန်ပျူတာတက္ကသိုလ်(လားရှိုး)တွင် လာရောက်ဝယ်ယူနိုင်ပါသည်။
၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၂၉-၇-၂၀၁၅ရက် ၁၃း၀၀ နာရီတွင် နောက်ဆုံးထား၍ ကွန်ပျူတာတက္ကသိုလ်(လားရှိုး)သို့ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့ ဖုန်း-၀၉-၆၇၀၁၈၀၀၊ ၀၉-၅၂၆၂၆၃၃၊**
**ကွန်ပျူတာတက္ကသိုလ် (လားရှိုး)**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
## ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး)၏ အောက်ဖော်ပြပါ သင်ကြားရေးအထောက်အကူပြု စက်ပစ္စည်းများနှင့် ပရိဘောဂပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် Specification, Catalogue များနှင့်အတူ အိတ်ဖွင့်တင်ဒါများတင်သွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် |
|---|---|
| ၁ | ရေသန့်စက် (RO System) |
| ၂ | Crimping Tools |
| ၃ | UBIQUITI Nano Station LOCO M2 Acess Point |
| ၄ | RJ-45 Network male socket |
| ၅ | D-Link 8 port switches |
| ၆ | External Hard Disk |
| ၇ | Desktop Dell Computer(Memory 4GB, HDD 500 GB, Processor Intel Core i7) |
| ၈ | Laptop Dell Computers(Memory 4 GB, HDD 1 TB, Processor intel Core i7) |
| ၉ | Digital Oscilloscope (200MHz 20.4 Analog Channel) |
| ၁၀ | Digital White Board |
| ၁၁ | UPS(Power Tree) 650 VA |
| ၁၂ | Canon iR 1024 Copiers |
| ၁၃ | Canon Printers LPB-2900 |
| ၁၄ | Projectors & Screens |
| ၁၅ | Computer Tables (ကြိတ်သား၊ မလေးရှား) |
| ၁၆ | Cubicles Lab Tables |
| ၁၇ | Leeco Cabinet 4 Draw Lockers |
| ၁၈ | ပလတ်စတစ် လက်တန်းပါထိုင်ခုံများ |
| ၁၉ | 2 HP Air-Conditions |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး)တွင် လာရောက်ဝယ်ယူနိုင်ပါသည်။
၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၁၀-၇-၂၀၁၅ ရက် ၁၃း၀၀နာရီတွင် နောက်ဆုံးထား၍ ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး)သို့ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့ ဖုန်း-၀၉-၅၂၁၄၃၇၇၊ ၀၈၁-၂၁၂၄၇၆၅၊ ၀၈၁-၂၁၂၄၁၉၆
**ကွန်ပျူတာတက္ကသိုလ် (တောင်ကြီး)**

## Aluminium Top Seal အဝယ်တင်ဒါ

၁။ **ဝယ်ယူမည့်ပစ္စည်းအမည်** - Aluminium Top Seal
၂။ **ဝယ်ယူမည့်အရေအတွက်** - ၅၁၀၀၀၀၀ခု
၃။ **တင်ဒါပိတ်ရက်နှင့်အချိန်** - ၂၉-၇-၂၀၁၅ ရက်၊ ညနေ ၄း၀၀ နာရီ
၄။ **တင်ဒါပေးသွင်းရမည့်စက်ရုံ** - ဆေးဝါးစက်ရုံ (အင်းစိန်)

တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်-

**တယ်လီဖုန်းအမှတ်**
**မြန်မာ့ဆေးဝါးလုပ်ငန်း(ရုံးချုပ်)** **၀၆၇-၄၀၈၃၈၈**
**ရုံးအမှတ် (၃၇)၊ စက်မှုဝန်ကြီးဌာန**
**နေပြည်တော်။**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန အတွက် အသုံးပြုမည့် အောက်ဖော်ပြပါ သုတေသနလုပ်ငန်းသုံးစက်ပစ္စည်း (၁၀၄) မျိုးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ တင်ဒါစက်ပစ္စည်း အသေးစိတ်အား သုတေသနနှင့်တီထွင်ဆန်းသစ်မှု ဦးစီးဌာန၊ အမှတ် (၆)၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ရှိ ကြော်ငြာသင်ပုန်းတွင် ကြော်ငြာထားမည် ဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရန်မှာ ၂၉-၆-၂၀၁၅ ရက်မှ ၁၇-၇-၂၀၁၅ ရက်အထိ ဖြစ်ပါသည်။
၄။ အိတ်ဖွင့်တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၃၁၅၁၇၉၇၆၊ ၆၆၅၂၉၂၊ ၀၉-၇၃၁၄၀၁၆၄၊ ၀၉-၄၂၁၀၀၉၃၇၅၊ ၆၆၃၂၅၈၊ ၆၆၃၀၂၆ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့**
**သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်အတွင်းရှိ ပဒါန်း-ငဖဲ-စေတုတ္တရာ-သီကုန်း-လောင်းရှည်-ဆောလမ်းပေါ်ရှိ ဖူး၀-လောင်းရှည်အပိုင်းရှိ တံတားများဆောင်ရွက်ရန် လိုအပ်သော ဘိလပ်မြေ၊ သစ်၊ ခွဲကျောက်စသည့် တံတားလုပ်ငန်းသုံးပစ္စည်းများကို မြန်မာ(ကျပ်)ငွေဖြင့် ခေါ်ယူလိုပါသည်။
၂။ လိုအပ်သည့် ပစ္စည်းအမျိုးအစား/ပစ္စည်းအသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များနှင့် တင်ဒါလျှောက်လွှာများကို တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့ (၃)၊ တောင်ဥက္ကလာပ(မြင်သာ)၊ ရန်ကုန်မြို့နှင့် လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့ တို့တွင် ၂၉-၆-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ပါသည်။

(က) **တင်ဒါလျှောက်လွှာပိတ်ရက်** - ၅-၇-၂၀၁၅ ရက် မွန်းတည့် ၁၂း၀၀နာရီတိတိ
(ခ) **တင်ဒါဖွင့်မည့်ရက်** - ၆-၇-၂၀၁၅ ရက် မွန်းလွဲ ၁း၀၀ နာရီတိတိ
(ဂ) **တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့ ဖုန်း-၀၆၂-၅၀၀၂၈၊ တောင်ဥက္ကလာပ (မြင်သာ) ဖုန်း-၀၁-၈၅၀၀၇၅၈

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ကယားပြည်နယ်အစိုးရအဖွဲ့
## ကယားပြည်နယ်-ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ကယားပြည်နယ်အတွင်း ကျေးရွာ မီးလင်းရေးနှင့် System Improvement အတွက် အောက်ပါလုပ်ငန်းများအား တင်ဒါ/Turn Key စနစ်ဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

Lot (16) ဖရူဆိုမြို့နယ်၊ ဟိုယာဒေသပတ်ဝန်းကျင်ကျေးရွာများအတွက် ၃၃ ကေဗွီလိုင်း ၃၆.၅ မိုင်နှင့် ၃၃/၀.၄ ကေဗွီခွဲရုံ၊ ၄၀၀ဗို့ဓာတ်အားလိုင်းများတည်ဆောက်ခြင်း။

Lot (17) ဖရူဆိုမြို့နယ်၊ ဟိုယာဒေသပတ်ဝန်းကျင်ကျေးရွာများအတွက် ၁၁ ကေဗွီလိုင်း ၃၈.၅ မိုင်နှင့် ၁၁/၀.၄ ကေဗွီခွဲရုံ၊ ၄၀၀ဗို့ဓာတ်အားလိုင်းများတည်ဆောက်ခြင်း။

Lot (18) ဖားဆောင်းမြို့တွင် ၁၁ကေဗွီလိုင်း (၄)မိုင်အား ABC Cable ဖြင့် ၆၆/၃၃ ကေဗွီခွဲရုံမှ မြို့တွင်းသို့ ၁၁ကေဗွီလိုင်း ၁ ဖီဒါလျှင် (၂)မိုင်ဖြင့် ၂ဖီဒါအတွက် (၄)မိုင်တည်ဆောက်ခြင်း။

**တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၂၉-၆-၂၀၁၅
**တင်ဒါလျှောက်လွှာဝယ်ယူရမည့်နေရာ** - ကယားပြည်နယ် လျှပ်စစ်အင်ဂျင်နီယာရုံး
**တင်ဒါပေးသွင်းရမည့်နေရာ** - ကယားပြည်နယ်အစိုးရအဖွဲ့ရုံး
**တင်ဒါပိတ်မည့်ရက်** - ၁၅-၇-၂၀၁၅ရက်

တင်ဒါစည်းကမ်းချက်၊ ပစ္စည်းလိုအပ်ချက်၊ လုပ်ငန်းတည်ဆောက်ရန် အသေးစိတ်အချက်အလက်များနှင့် သိရှိလိုသည့်အကြောင်းအရာများအား အောက်ပါဌာနနှင့် တယ်လီဖုန်းအမှတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။
ကယားပြည်နယ်အစိုးရအဖွဲ့၊ ဖုန်း-၀၈၃-၂၃၀၁၅၊ ၀၉-၄၁၈၀၀၈၀၆၄
ကယားပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး ဖုန်း-၀၉-၅၆၀၀၇၄၄၊ ၀၈၃-၂၁၀၉၉၊ ၀၈၃-၂၂၉၅၈

**တင်ဒါခေါ်ယူရေးကော်မတီ**
**ကယားပြည်နယ်အစိုးရအဖွဲ့ရုံး**

## ပညာရေးဝန်ကြီးဌာန
## ဆရာအတတ်ပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
## နည်းပြ(စာပေ) လူတွေ့ဖြေဆိုရမည့်ရက် ကြေညာခြင်း

ပညာရေးကောလိပ်များတွင် လစ်လပ်လျက်ရှိသည့် နည်းပြ(စာပေ)ရာထူးနေရာများသို့ခန့်ထားရန် လျှောက်လွှာခေါ်ယူခဲ့ပြီး ရန်ကင်းပညာရေးကောလိပ်နှင့် မန္တလေးပညာရေးကောလိပ်တို့တွင် ၆-၆-၂၀၁၅ရက်က ရေးဖြေ ဖြေဆိုခဲ့ရာ အောင်မြင်ပြီး လူတွေ့ဖြေဆိုရမည့်သူများစာရင်းနှင့် လူတွေ့ဖြေဆိုရမည့်ရက်ကို နေပြည်တော်(ရုံးချုပ်) ရန်ကင်းပညာရေးကောလိပ်၊ မန္တလေးပညာရေးကောလိပ်တို့တွင် ၂၀၁၅ ခုနှစ် ဇူလိုင် ၄ ရက်တွင် ကြော်ငြာသင်ပုန်း၌ ကပ်ထားမည်ဖြစ်ကြောင်း အသိပေးပါသည်။

**ဆရာအတတ်ပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**

## တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်းကြီးကြပ်မှုအောက်ရှိ အမှတ်(၂၁)အကြီးစားစက်ရုံ(သထုံ)၊ ရော်ဘာပစ္စည်းစက်ရုံခွဲ(ရွှေဟင်္သာလမ်း)တွင် အောက်ပါကုန်ကြမ်းပစ္စည်း(၂)မျိုးကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် (ပေါင်) |
|---|---|---|
| (က) | နိုင်ငံခြားကော်စေ့ | ၂၅၂၃၂၉ |
| (ခ) | နိုင်ငံခြားဆိုးဆေးအဆီ | ၇၂၁၀ |

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၉-၆-၂၀၁၅ ရက်မှ ၆-၇-၂၀၁၅ ရက်အတွင်း အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်ဝယ်ယူတင်သွင်းနိုင်ပါသည်-

**စီမံရေးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း၊ ရုံးအမှတ် ၄၁၊ စက်မှုဝန်ကြီးဌာန**
**ဖုန်း-၀၆၇-၄၀၈၃၇၂၊ ၀၆၇-၄၀၈၂၉၈၊ ၀၆၇-၄၀၈၄၀၇**

